မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မိမိထက် အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com
အတွဲ(၁၅)၊ အမှတ်(၄)
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
၂၀၂၅ ခုနှစ်၊ မေ ၂၂ ရက်၊ အင်္ဂါနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ပမှ တင်သွင်းခွင့်ပြုထားသော ဘိလပ်မြေများ ရန်ကုန်ဆိပ်ကမ်းသို့ ထပ်မံရောက်ရှိ




နေပြည်တော် မေ ၂၁

ယခုအချိန်သည် ငလျင်ဒဏ်အလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းအပြင် ပွင့်လင်းရာသီဖြစ်၍ နိုင်ငံတစ်ဝန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ထိုသို့တည်ဆောက်မှုလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သည့်ပြည်တွင်းဘိလပ်မြေလိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ပြည်တွင်းထုတ်လုပ်မှုကို အင်အားဖြည့်တင်းပေးနိုင်ရန်အတွက် ပြည်ပမှဘိလပ်မြေများကို တင်သွင်းခွင့်ပြုလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့်

**စာမျက်နှာ ၅ ကော်လံ ၁** ■

## ငလျင်ဒဏ်သင့်နေရာများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံက နေ့စဉ် တန် ၁၅၀၀ မှ တန် ၁၈၀၀ အထိ ထုတ်လုပ်လျက်ရှိ၊ ရေရှည်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်လည်း စီမံဆောင်ရွက်ထားပြီးဖြစ်

စာ - ၁၆ သို့

## မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများ မီးလောင်ပျက်စီးသွားသော တိုင်းဒေသကြီး၊ ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပစစ်ဆေးမည့် အစီအစဉ်ကြေညာခြင်း

၁။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်နေပြည်တော်ကောင်စီနယ်မြေတို့တွင် စစ်ဆေးခဲ့သည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများကို မန္တလေးတက္ကသိုလ်တွင် စာစစ်လုပ်ငန်းများဆောင်ရွက်နေစဉ် ၂၈-၃-၂၀၂၅ ရက်နေ့တွင်ဖြစ်ပွားခဲ့သော အင်အားအလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် အဖြေလွှာများမီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်းကို ၂၉-၃-၂၀၂၅ ရက်နေ့ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ အဆိုပါဒေသများအတွက် တက္ကသိုလ်ဝင်စာမေးပွဲကို ၁၆-၆-၂၀၂၅ ရက်နေ့မှ ၂၁-၆-၂၀၂၅ ရက်နေ့အထိ အောက်ပါအချိန်စာရင်းအတိုင်း ပြန်လည်ကျင်းပစစ်ဆေးသွားမည်ဖြစ်ပါသည်-

| ရက်စွဲ | အချိန် | ဘာသာရပ် |
|---|---|---|
| ၁၆-၆-၂၀၂၅ တနင်္လာနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | မြန်မာစာ |
| ၁၇-၆-၂၀၂၅ အင်္ဂါနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | အင်္ဂလိပ်စာ |
| ၁၈-၆-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | သင်္ချာ |
| ၁၉-၆-၂၀၂၅ ကြာသပတေးနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | ဓာတုဗေဒ/ပထဝီဝင် |
| ၂၀-၆-၂၀၂၅ သောကြာနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | ရူပဗေဒ/သမိုင်း |
| ၂၁-၆-၂၀၂၅ စနေနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | ဇီဝဗေဒ/ဘောဂဗေဒ |

**စာမျက်နှာ ၅ ကော်လံ ၁** ○



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဧပြီ ၂၂ ရက်)

# ရေအရင်းအမြစ်များစဉ်ဆက်မပြတ်ရရှိရေး

မြန်မာနိုင်ငံရှိမြို့များတွင် ရာသီဥတုမျှတ၍ အေးချမ်းသာယာကာ နေချင်စဖွယ်ကောင်းသည့်မြို့များ အများအပြားရှိရာ ပြင်ဦးလွင်မြို့သည်လည်း တစ်ခုပါဝင်သည်။ ပြင်ဦးလွင်ဟုအမည်ကြားလိုက်သည်နှင့် စိတ်ထဲတွင်အေးမြပြီး ကြည်နူးချမ်းမြေ့သည့်အရသာပေါ်လာသည်။ ပြင်ဦးလွင်တွင် ခရီးသွားဧည့်သည်များအတွက် လှည့်လည်သွားလာ၍ စိတ်ဝင်စားမှုရှိသည့်နေရာများတွင် အမျိုးသားကန်တော်ကြီးဥယျာဉ်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ကန်တော်ကြီးဆိုသည့်အတိုင်း ရေကန်အတွင်းရေများစဉ်ဆက်မပြတ်တည်ရှိနေသည်။ ကန်တော်ကြီးဥယျာဉ်တွင် ယခင်က ရေဝင်ရောက်မှုနည်းပါးခဲ့သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ပြင်ဦးလွင်မြို့သို့လာရောက်သည့်ခရီးစဉ်များတွင် ကန်တော်ကြီးရေကန်များ၏ ရေဝေရေလဲကောင်းမွန်စေရေးနှင့် ရေဝင်ရောက်မှုများပြားစေရေး လမ်းညွှန်ခဲ့သည်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် ယခုအခါရေများဝင်ရောက်မှုများပြားနေခြင်းဖြစ်သည်။

ရေသည် လူသားတို့အတွက်မရှိမဖြစ်သည့်အရာဖြစ်သည်။ တစ်ကိုယ်ရေသန့်ရှင်းရေးမှအစ လူတို့၏ စားသောက်ရေး၊ ချက်ပြုတ်ရေးတွင် ရေမှာအဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည်။ ရေအသက်တစ်မနက်ဟုဆိုသည့်အတိုင်း ရေမသောက်ဘဲနေရလျှင် လူသည်အသက်ပင်ဆုံးရှုံးနိုင်သည်။ ရေ၏ဂုဏ်သတ္တိကပင် လူတို့၏စိတ်ကိုလန်းဆန်းစေသည်။ အမောအပန်းပြေစေသည်။ လူသားတို့နေ့စဉ်စားသောက်နေထိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင်လည်း ရေသည် မရှိမဖြစ်အရာဖြစ်သည်။ ထို့အတူ စီးပွားရေးအတွက် ကုန်ထုတ်လုပ်ငန်းများတွင်လည်း ရေကိုအသုံးပြုကြရသည်။ မိသားစုအတွက်၊ ရပ်ကွက်အတွက်၊ မြို့အတွက် ထိုမှတစ်ဆင့်နိုင်ငံအတွက် ရေသည်ဖူလုံမှုရှိနေရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဧပြီလ ၂၀ ရက်က ပြင်ဦးလွင်မြို့နယ် ရေဖူလုံမှုရှိစေရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် **“ပြင်ဦးလွင်မြို့နယ်အတွင်း ရေဖူလုံစွာရရှိရေးအတွက် မည်ကဲ့သို့ဆောင်ရွက်နိုင်မည်ကို ဆွေးနွေးနိုင်ရန်အတွက် အစည်းအဝေးပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့နယ်တွင် လူနေထိုင်မှုပမာဏသည် တစ်နှစ်ထက်တစ်နှစ်များပြားလာသည်ကိုတွေ့ရှိရကြောင်း၊ ဒေသတွင်းနေထိုင်သူများအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေများလိုအပ်မည်ဖြစ်ပြီး ရေအရင်းအမြစ်များစဉ်ဆက်မပြတ်ရရှိရေးသည် ရေရှည်စီမံကိန်းချမှတ်၍ ဆောင်ရွက်ရမည့်ကိစ္စရပ်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသ၏ လက်ရှိလူဦးရေနှင့် နောင်အနာဂတ်တွင် တိုးပွားလာနိုင်မည့်လူဦးရေပမာဏကိုပါ ကြိုတင်မျှော်မှန်း၍ စီမံဆောင်ရွက်ထားရှိရန်လိုအပ်မည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

လက်ရှိရေရရှိနေသည့် ရေလှောင်တမံများ၏ နှစ်စဉ်ရေရရှိနိုင်မှုနှင့် သိုလှောင်နိုင်မှုပမာဏတို့ကို ဆန်းစစ်သုတေသနပြုကာ ရေအရင်းအမြစ်များဆုံးရှုံးမှုမရှိစေရေးအတွက် ရေလှောင်တမံများအနီးရှိ ရေဝေရေလဲတောများကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ ဆည်တာတမံများအတွင်း ရာသီမရွေးရေရှိနိုင်ရန်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြင်ဦးလွင်မြို့နယ်အတွင်း ရေဖူလုံစွာရရှိစေရေး ဆည်များအတွင်းမှကျဆင်းသွားသည့်ရေများကိုလည်း အလေအလွင့်အနည်းဆုံးဖြစ်စေရေး တာတမံများကို သုတေသနပြုတည်ဆောက်ကြရမည်ဖြစ်သည်။ ပြင်ဦးလွင်မြို့နယ်ရေဖူလုံစွာရရှိရေးအတွက်ဆောင်ရွက်နိုင်မည့် လုပ်ငန်းရပ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် သုတေသနပြုဆန်းစစ်ခြင်း၊ ကွင်းဆင်းဆောင်ရွက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲကလမ်းညွှန်ထားသည်။

ဒေသခံတာဝန်ရှိသူများကလည်း ပြင်ဦးလွင်မြို့နယ်အတွင်း အနာဂတ်ကာလရေအရင်းအမြစ်လိုအပ်ချက်အတွက် ရေရှိနိုင်မှု၊ ရေလှောင်တမံများအလိုက် ရေသိုလှောင်နိုင်မှုပမာဏများနှင့် သောက်သုံးရေ၊ စိုက်ပျိုးရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုတို့ကိုလည်းကောင်း၊ ပြင်ဦးလွင်မြို့ ရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် လက်ရှိရေပေးဝေနိုင်မှု၊ ရေအရင်းအမြစ်များနှင့် ရေသိုလှောင်နိုင်မှု၊ ပြင်ဦးလွင်မြို့နေပြည်သူလူထုများ သောက်သုံးရေအပြည့်အဝပေးဝေနိုင်ရေးအတွက် တိုးချဲ့ဆောင်ရွက်သွားမည့်အစီအမံများကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြသည်။

ပြင်ဦးလွင်သည် ပန်းမြို့တော်၊ တောင်လေ့ကားမြို့တော်၊ ချယ်ရီမြို့တော်၊ နှင်းမြို့တော်၊ ကော်ဖီမြို့တော် စသည်ဖြင့် ချစ်စရာအမည်များကြောင့် ရောက်ဖူးသူတိုင်းက မကြာခဏသွားရောက်ချင်ကြသည်။ မရောက်ဖူးသူများကလည်း မရောက်ရောက်အောင်သွားကြသည်မှာ ပြင်ဦးလွင်၏ ဝိသေသထူးများကြောင့်ပင်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်သာယာလှသည့် ပြင်ဦးလွင်ဒေသမှာ လူနေထိုင်မှုများပြားလာသည့်အတွက် ရေအရင်းအမြစ်များစဉ်ဆက်မပြတ်ရရှိရေးကို ရေရှည်စီမံကိန်းချမှတ်၍ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပဲခူးမြို့အတွင်း ရေဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ထားမှုကို စစ်ဆေး

ပဲခူး ဧပြီ ၂၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အတွင်း နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေများကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ဧပြီလ ၂၁ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုရန်ပုံငွေဖြင့် ကျောက်ကြီးစုတာအား တာပုံစံကျပြုပြင်ခြင်းနှင့် ၁၆ ပေအကျယ် ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ကြခတ်ဝိုင်းတာနှင့် ညောင်ဝိုင်းတာတို့အား တာပုံစံကျပြုပြင်ခြင်း၊ ဂဝံများပြန်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုဦးက ရေဘေးကာကွယ်ရေးတာတစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြစ်တာ(ပန်းလှိုင်-ပုဏ္ဏားစု-မုန်တိုင်)အပိုင်း အလျား ပေ ၇၈၀၀ အား High Flood Level ၁၀၃၀ စင်တီမီတာအထိ မြေဖို့တာမြှင့်ခြင်းနှင့် ၁၆ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ မြေထိန်းနံရံတည်ဆောက်ထားရှိမှုနှင့် အောက်စီတီးကျေးရွာအထိ မြေသားတာပေါင်ပြုလုပ်ခြင်း၊ ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# ခန္တီးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲများ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး

ခန္တီး ဧပြီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲများ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ခန္တီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခန္တီးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးချိန်၌ မြေပဲသီးနှံ ၁၆၀၅ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသောမြေပဲစိုက်ခင်းများကို ယခုနှစ်မတ်လမှစတင်၍ နုတ်သိမ်းခဲ့ကြရာ ယနေ့အထိ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

“မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်တယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲသီးနှံကို မိုးမှာမစိုက်ကြဘူး။ ဆောင်းမှာပဲ စိုက်ကြတာဖြစ်ပါတယ်”ဟု ခန္တီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ပြောသည်။

ခန္တီးမြို့နယ်၌ မြေပဲစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ယူခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ဆောင်ရွက်ပေးကြသည်။

စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာစိုက်ပျိုးခြင်းထက် သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေနှင့် စိုက်ပျိုးရေးနည်းစနစ်ကို မှန်ကန်စွာအသုံးချခြင်းဖြင့် တောင်သူများစိုက်ပျိုးရေးဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၄၀၉)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၄-၂၀၂၅ (အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | နိုင်ငံတော်သီချင်း |
| ၂။ | ၀၈:၀၀ | မျိုးချစ်တပ်မတော် |
| ၃။ | ၀၉:၀၀ | Soft Skill |
| ၄။ | ၁၀:၀၀ | စိုက်ပျိုးသုတ |
| ၅။ | ၁၁:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆။ | ၁၂:၀၀ | မျှဝေဆွေးနွေးအနာဂတ်အရေး |
| ၇။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ |
| ၈။ | ၁၄:၀၀ | Sharing Knowledge |
| ၉။ | ၁၅:၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၀။ | ၁၆:၀၀ | မြဝတီအဖွင့်တေး |
| ၁၁။ | ၁၇:၀၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၁၂။ | ၁၈:၀၀ | နုပျိုလှပကျန်းမာဖို့လမ်းလျှောက်ကြပါစို့ |
| ၁၃။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း မြန်မာ့မော်ကွန်း အပိုင်း(၂) သရုပ်ဆောင် - နေယံ၊ သင်းသင်းယုလှိုင် ဒါရိုက်တာ - စင်ရော်မောင်မောင်** |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# သာယာဝတီမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုအားပေး

သာယာဝတီ ဧပြီ ၂၁

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ဧပြီလ ၂၀ ရက်က သာယာဝတီမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သာယာဝတီမြို့နယ် မကျီးကွင်းကျေးရွာအုပ်စု၌ နွေနှမ်းပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ဆီထွက်သီးနှံစိုက်ပျိုးနိုင်ရေး လိုအပ်သည်များပေါင်းစပ်ဆောင်ရွက်ပေးသည်။ ဆက်လက်၍ တောင်သူများအနေဖြင့် တစ်နှစ်နှစ်သီးသာ စိုက်ပျိုးပြီး လုပ်ထားသည့် လယ်ယာမြေများ၌ နောက်ထပ်တစ်သီးထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံရွေးချယ်စိုက်ပျိုးရေး ကွင်းဆင်းသရုပ်ပြစိုက်ပျိုးရန် တာဝန်ရှိသူများအား မှာကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒေါ်နေခြည်ဝင်း၏ ငွေနှင်းမှိုစိုက်ပျိုးရေးခြံသို့ရောက်ရှိပြီး ငွေနှင်းမှိုစိုက်ပျိုးမှုအဆင့်ဆင့်၊ ဈေးကွက်ရရှိမှုအခြေအနေများနှင့် သဘာဝမြေဆွေး၊ ဖေဒါရိုးနှင့်ကတ်ထူစက္ကူသာအသုံးပြု၍ မှိုစိုက်ပျိုးခြင်းကို ကြည့်ရှုကာ မိသားစုတစ်နိုင်တစ်ပိုင် ဝင်ငွေတိုးတက်ရရှိနိုင်သည့်အခွင့်အလမ်းဖြစ်၍ ရပ်ကွက်/ကျေးရွာများအတွင်း မှိုစိုက်ပျိုးခြင်းလုပ်ငန်း တွင်ကျယ်စွာလုပ်ကိုင်ဆောင်ရွက်နိုင်စေရေး အသိပညာပေးခြင်းနှင့် သင်တန်းပေးခြင်းများဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သာယာဝတီစိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းသို့ရောက်ရှိပြီး ဆရာ၊ ဆရာမများမှ သင်ကြားမှုအထောက်အကူပြုစံပြဘဲမွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးကာ စိုက်ပျိုးရေးနှင့်မွေးမြူရေးအထူးပြု ကျောင်းသား၊ ကျောင်းသူများအား ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် သဘာဝပိုးသတ်ဆေးပြုလုပ်ခြင်း၊ သဘာဝမြေဩဇာပြုလုပ်ခြင်းနှင့် ဒေသစာဖြင့် မွေးမြူနိုင်ရေးမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် သင်တောရိုးကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း စနစ်တကျစံပြလယ်ယာမြေ ၂၀၅ ဧက၌ နွေစပါးစိုက်နည်းစနစ် ယှဉ်ပြိုင်စိုက်ခင်းကို ကွင်းဆင်းကြည့်ရှုအားပေးပြီး စိုက်ပျိုးချိန်မှစတင်၍ တောင်သူများအား ခေါ်ယူပြသခြင်း၊ ပင်ပွားနှုန်းယှဉ်ပြိုင်ပြသခြင်း၊ ရိတ်သိမ်းချိန် အထွက်နှုန်းယှဉ်ပြိုင်ပြသခြင်းအပြင် စိုက်နည်းစနစ်ပြောင်းလဲခြင်းနှင့်အတူ ပေါင်းမြက်နှိမ်နင်းမှုလွယ်ကူခြင်း၊ ပိုးမွှားဒဏ်ခံနိုင်ရည်ရှိခြင်း၊ သွင်းအားစုထည့်သွင်းမှုသက်သာခြင်း၊ စိုက်ကွက်ပြည့်မီ၍ ပန်းတိုင်အထွက်နှုန်းကျော်လွန်ထွက်ရှိခြင်း စသည့်အကျိုးကျေးဇူးများကို တောင်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ကျေးရွာအလိုက် မျိုးယှဉ်ပြိုင်စံပြကွက်များ၊ စိုက်နည်းစနစ်ယှဉ်ပြိုင်စံပြကွက်များဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

# ဖိနပ်ဈေးကွက်အတွင်း ပြည်တွင်းထုတ်ဖိနပ်များ ဈေးကွက်ပြန်လည်ရရှိရေးကြိုးပမ်းမည်

ရန်ကုန် ဧပြီ ၂၁

ပြည်တွင်းဖိနပ်ဈေးကွက်အတွင်း ပြည်ပမှတင်သွင်းလာသည့်ဖိနပ်များသာ နေရာယူထားသည့်အတွက် ပြည်တွင်းထုတ်ဖိနပ်များ ဈေးကွက်ပြန်လည်ရရှိရေး ကြိုးပမ်းမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဖိနပ်လုပ်ငန်းရှင်များအဖွဲ့ချုပ်မှ သိရသည်။

"ဖိနပ်က တံဆိပ်ပေါင်းသိန်းနဲ့ချီပြီး ရှိပါလိမ့်မယ်။ ကိုယ်ပိုင်တံဆိပ်ရိုက်ပြီး ထုတ်လုပ်လိုက်တဲ့ဖိနပ်ကို အကောင်းဆုံးဖြစ်အောင် တန်ဖိုးထားပြီးထုတ်လုပ်ဖို့ လိုအပ်တယ်။ အဓိကကတော့ ခိုင်ခံ့မှုရယ်၊ သေသပ်မှုရယ်၊ စေတနာပါမှုရယ်ပါ။ ကိုယ့်ဖိနပ်ကိုဝယ်စီးပြီး တစ်ခဏအတွင်း ပြတ်သွားမယ်ဆိုရင် ဝယ်တဲ့သူအတွက်လည်းမကောင်းသလို ကိုယ့်တံဆိပ်လည်း နာမည်ကျတယ်။ အဲဒီတော့ လုပ်ငန်းရှင်တွေက ဆိုင်တွေမှာတင်တဲ့အခါ အာမခံချက်ပေးရမယ်။ ဥပမာ-ဖိနပ်တစ်ရန် ဘယ်နှလခံပါ့မယ်ဆိုတဲ့ အာမခံချက်ပေါ့။ အဲဒီကာလအတွင်း ပြတ်ရင် အသစ်တစ်ရန်ပြန်လဲပေးရမယ်။ အဲဒီပုံစံမျိုးနဲ့ ဈေးကွက်မြှင့်တင်ဖို့အတွက် ကြိုးစားနေပါတယ်" ဟု မြန်မာနိုင်ငံ ဖိနပ်လုပ်ငန်းရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကံညွန့်ကပြောသည်။

လက်ရှိ ပြည်တွင်းဖိနပ်ဈေးကွက်၏ ၇၅ ရာခိုင်နှုန်းခန့်တွင် ပြည်ပမှတင်သွင်းလာသည့်ဖိနပ်များက နေရာယူထားသည့်အတွက် ပြည်တွင်းထုတ်ဖိနပ်များ၏ ဈေးကွက်ပြန်လည်ရရှိရေး မြန်မာနိုင်ငံဖိနပ်လုပ်ငန်းရှင်များအဖွဲ့ချုပ်ကို ဖွဲ့စည်းပြီး ဆောင်ရွက်နေခြင်းဖြစ်သည်။

ယခင်က ဖိနပ်ထုတ်လုပ်ရာတွင် အသုံးပြုသည့်ရေကော်ကို ပြည်ပမှ မှာယူသုံးစွဲခဲ့ရပြီး ယခုအခါ ရေကော်ကို ပြည်တွင်း၌ အဆင့်မီစွာထုတ်လုပ်နိုင်ပြီဖြစ်သည့်အပြင် ဖိနပ်ထုတ်လုပ်ရာတွင် အသုံးပြုသည့် ကုန်ကြမ်း ၈၅ ရာခိုင်နှုန်းခန့်မှာလည်း ပြည်တွင်း၌သာထွက်ရှိကြောင်း၊ ထို့ကြောင့် Made in Myanmar ဟူသည့်စာတန်းဖြင့် ပြည်တွင်းထုတ် အဆင့်မြင့်ဖိနပ်များကို ဈေးကွက်အတွင်း ဖြန့်ဖြူးရန် ဆောင်ရွက်နေကြောင်း သိရသည်။

**လင်းခန့်**

# ညောင်တုန်းမြို့နယ်၌ ဒေသထွက်တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းသွက်နေ



ညောင်တုန်း ဧပြီ ၂၁

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ဒေသထွက်တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းသွက်နေကြောင်း ညောင်တုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ညို၏ပြောပြချက်အရ သိရသည်။

ညောင်တုန်းမြို့နယ်၌ ဒေသကုန်စိမ်းဈေးကွက်တွင် ဧပြီလပထမပတ်မှစ၍ တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ပြုလုပ်နေပြီး လက်ရှိ တစ်ရက်လျှင် တိုင်ထောင်ပဲသီး ပိဿာ ၄၀၀၀ မှ ၅၅၀၀ အထိ ဝယ်လိုအားကောင်းမွန်ကာ အရောင်းအဝယ်ကောင်းလျက်ရှိသည်။

"ဒီဘက်ကနေထွက်ရှိတဲ့ တိုင်ထောင်ပဲသီးတွေကို တခြားမြို့နယ်တွေက ဝယ်လိုအားများနေတာပါ။ လက်ရှိ တစ်ရက်ကို တိုင်ထောင်ပဲသီးပိဿာ ၅၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသထွက်ကုန်အများအပြား စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်တော့ သယ်ယူစရိတ်သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ တခြားဒေသတွေက ဒီက ကုန်စိမ်းဈေးကွက်က တိုင်ထောင်ပဲသီးတွေကို ဝယ်လိုအားများနေပါတယ်။ အခုလို ဒေသထွက်ကုန် တိုင်ထောင်ပဲသီးတွေ ဝယ်လိုအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့ တောင်သူတွေ အခွင့်အလမ်းပိုမိုအဆင်ပြေလာပါတယ်" ဟု ဒေါ်ညိုကပြောသည်။

ညောင်တုန်းမြို့နယ်၌ လက်ရှိ တိုင်ထောင်ပဲသီးအပါအဝင် ဒေသထွက် ရာသီကုန်ဟင်းသီးဟင်းရွက်များ ထွက်ပေါ်နေသည့်အချိန်ဖြစ်ကာ အဆိုပါ တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းသွက်လာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန်ပြင်ဆင်နေကြောင်း၊ ဒေသထွက်ကုန်များသာ ရောင်းချရသည့်အတွက် သယ်ယူစရိတ်ကုန်ကျမှုသက်သာခြင်း၊ လတ်ဆတ်သည့် သီးနှံများကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်း စသည့် အကျိုးကျေးဇူးများရရှိစေကြောင်း သိရသည်။

**သုတကျော်**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

တစ်နေ့သ၌ ကိုသိန်းဖေနှင့် ကျွန်ုပ်သည် ဓမ္မသဘာဝအကြောင်းကို ဆွေးနွေးလျက်ရှိစဉ် ဖခင်၏တရားဟောကောင်းခြင်းအကြောင်းကို ကျွန်ုပ်က ပြောမိသည်နှင့် ဖခင်ကိုပင့်ခေါ်ရန် ကိုသိန်းဖေက စရိတ်ခံမည်ဟုပြောသဖြင့် သူ့ဆန္ဒအတိုင်း ပင့်ခေါ်လိုက်၏။ ကျွန်ုပ်၏ဖခင်မှာ တရားဟောပြောခြင်းအလုပ်၌ အလွန်မွေ့လျော်သူဖြစ်၍ ချက်ချင်းလိုပင် ဝမ်းမြောက်ဝမ်းသာရောက်လာ၏။ ဖခင်သည် သုံးညမျှဆက်၍ဟောရာ ကိုသိန်းဖေနှင့် သူကြီးအပြင် ကမ်းနီရွာမှ သက်ကြီးရွယ်ကြီးများလည်း လာရောက်နာကြ၏။ ကျောင်းတည်ထောင်သော လူကြီးတစ်ဦးဖြစ်သည့် ဦးလေးမောင်အား ဖိတ်ခေါ်သော်လည်း (ကျွန်ုပ်တို့လူစုအပေါ်၌ အယုံအကြည်မရှိသောကြောင့်ပေလောမဆိုနိုင်) မလာရောက်ချေ။ တခြားပရိသတ်များ ပြန်သွားကြပြီးနောက် ကိုသိန်းဖေနှင့် ကိုညွှင်းသည် သန်းခေါင်ကျော်သည့်တိုင်အောင် သုံးညတိုင်တိုင် ကြားနာကြ၏။ ကျွန်ုပ်၏ဖခင်မှာ သဒ္ဓါတရားတက်ကြွအောင် ဟောပြောခြင်း၌ အလွန်စွမ်းသောဓမ္မကထိက ဖြစ်ပေရကား တတိယညတွင် ကိုသိန်းဖေနှင့် ကျွန်ုပ်က အရက်ကိုလည်းကောင်း၊ သူကြီးကိုညွှင်းက အရက်ရော သေနတ်ပါလည်းကောင်း လှူလိုက်ကြလေသည်။ ကိုသိန်းဖေနှင့် ကျွန်ုပ်သည် တစ်နှစ်ခန့်အကြာတွင် အမိဋ္ဌာန်ပျက်ကြသော်လည်း ကိုညွှင်းမူကား အသက်ထက်ဆုံး ထိန်းသိမ်းသွားသည်ဟု သိလိုက်ရပေသည်။

ကျွန်ုပ်၏ဖခင်အပေါ်တွင် သဒ္ဓါတရားဖြစ်ခြင်းသည်လည်း ကိုသိန်းဖေအပေါ်၌ ကျွန်ုပ်က တိုး၍ခင်မင်ရန် (သို့မဟုတ် တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်တိုး၍ခင်မင်ရန်) အကြောင်းတစ်ရပ်ဖြစ်လာတော့သည်။ ဦးလေးမောင်နှင့် ကျွန်ုပ်မူကား ခင်မင်လေးစားမှုသည် တစ်ဖန်ထပ်၍ ကျဆင်းသွားပါတော့သည်။ လူ့သဘာဝသည် အတော်ဆန်းကြယ်၏။ လူမိုက်တစ်ယောက် လိမ္မာသွားခြင်းထက် ထိုလူမိုက်အပေါ်၌ ဆရာလုပ်ပြီး အထက်စီးနှင့်ဩဝါဒပေးရခြင်းကို ပိုမိုနှစ်သက်တတ်လေသည်။ ကျွန်ုပ်တို့အကြောင်းကို ဦးလေးမောင် ကြားသိရသောအခါ သာခုမခေါ်ချင်ဘဲ ခပ်ပြုံးပြုံးလုပ်နေတတ်လေသည်။

"ခွေးမြီးကောက် ကျည်တောက်စွပ်" ဟုပြောချင်၏။ မည်သို့ပင်ဖြစ်စေ ကြိုးစားခြင်းကို အသိအမှတ်ပြုထိုက်သည်ဟု ကျွန်ုပ်တို့ သဘောရကြသည်။ ဖခင်ပြန်သွားပြီးနောက် ဦးလေးမောင်နှင့် ကျွန်ုပ်တို့လူစုသည် ခပ်တန်းတန်းဖြစ်သွားကြလေပြီ။ ထိုအချိန်မှစ၍ ကမ်းနီရွာ၌ ကျွန်ုပ်မနေချင်စရာအကြောင်းကလေးများသည် (အသစ်ရော အဟောင်းပါ) ကျွန်ုပ်၏စိတ်ထဲတွင် မကြာခဏပေါ်ပေါက်လျက်ရှိပါတော့သည်။



**ကျေးစွပ်သောလူ**

မကျေနပ်ခဲ့သောအဖြစ်ဟောင်းများကား ဤသို့ပေတည်း။ ကျွန်ုပ်၏ကျောင်းနှင့် မျက်စောင်းထိုးတည်ရှိသောအိမ်ကလေးတွင် ငှက်သမားတစ်ယောက်နေထိုင်၏။ ထိုသူသည် စက်ချုပ်သောအလုပ်ကိုလည်း တစ်ဖက်ကလုပ်၏။ (ကမ်းနီရွာတွင် ငှက်သမားအလုပ်သက်သက်ဖြင့် ထမင်းမဝနိုင်။) ကျွန်ုပ်တို့၌ ကိစ္စကြီးငယ်ဖြင့် ခရီးသွားရန်ရှိသည်ဖြစ်စေ၊ အဝတ်အထည်များချုပ်လုပ်ရန်ရှိသည်ဖြစ်စေ ထိုလူအား အသုံးချလေ့ရှိ၏။ တစ်ခါတစ်ရံ သူ၌ပိုက်ဆံပြတ်လပ်လျှင်လည်း ကျွန်ုပ်တို့က ထုတ်ချေးလေ့ရှိ၏။ သူကလည်း စကားချော့ပြောတတ်သည့်အလျောက် ကျွန်ုပ်တို့အား တရိုတသေဆက်ဆံသည်နှင့် အတော်ခင်မင်ရင်းနှီးသည်ဟု ထင်မိပါသည်။ ကျွန်ုပ်သည် ရွာလယ်လမ်းတွင် မြင်းစိုင်းစဉ်က ဆင်သမားတစ်ယောက်ကို တိုက်မိဖူးခြင်းအကြောင်း ဖော်ပြခဲ့ခြင်းကို မှတ်မိကြပေလိမ့်မည်။ ထိုကဲ့သို့တိုက်မိပြီးသည့် နောက်တစ်နေ့ညနေတွင် ကျွန်ုပ်သည် ရွာပြင်သို့ လမ်းလျှောက်ထွက်လာခဲ့ရာ ဆင်သမားများသည် ရွာပြင်ရှိ ဇရပ်တစ်ဆောင်တွင် တည်းခိုလျက်ရှိကြ၏။

ကျွန်ုပ်သည် မိမိတိုက်မိထားသော ဆင်သမားကို သတိရ၍ ဝင်ကြည့်မည်ဟု ဇရပ်သို့လျှောက်လာရာ ဖော်ပြခဲ့သောငှက်သမားသည် ကျွန်ုပ်ဘက်သို့ ကျောခိုင်းကာရပ်လျက် ဇရပ်ပေါ်ရှိ ဆင်သမားအား လှမ်း၍စကားပြောလျက်ရှိ၏။ ဆင်သမားက ကျွန်ုပ်အား မြင်သော်လည်း ငှက်သမားသည် ကျွန်ုပ်ကို မမြင်ချေ။ ကျွန်ုပ် ချဉ်းကပ်သွားသည့်အခါ၌ ငှက်သမားက "ခင်ဗျားတို့ ဆင်သမားဆိုပြီး ဒီတစ်ချီ အညံ့ခံလိုက်လေဗျာ" ဟု ပြောလျက်ရှိ၏။ (ဆင်သမားဟူသည်မှာ လူတေလူပေများဖြစ်သည်ဟု နာမည်ရသူများဖြစ်သည်။) ကျွန်ုပ်သည် အထက်ပါစကားကို ကြားလိုက်ရ၍ ဆင်သမားမျက်နှာပျက်သွားခြင်းကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် မြင်းနှင့်တိုက်မိသောအဖြစ်ကို ပြောခြင်းဖြစ်သည်ဟု ရိပ်မိလေပြီ။

ငှက်သမားသည် တစ်စုံတစ်ရာပြန်မပြောဘဲ မျက်နှာပျက်လျက်ရှိသော ဆင်သမားကိုမြင်သည်နှင့် ၎င်းနောက်သို့ လှည့်ကြည့်လိုက်ရာတွင် ကျွန်ုပ်နှင့်မျက်နှာချင်းဆိုင်လျက်ရှိကြလေ၏။ ကျွန်ုပ်က မျက်နှာထားတစ်မျိုးနှင့်ပြုံးခြင်းကို သူမကြည့်နိုင်ဘဲ တောင်ပြောမလို၊ မြောက်ပြောမလိုနှင့် ဘာမျှမပြောဘဲ ထွက်သွားလေတော့သည်။ ဤတွင် ကျွန်ုပ်သည် ဆင်သမားကို ကျောင်းသို့ခေါ်၍ သူကျေနပ်စေရန် ငွေငါးကျပ်ပေးလိုက်ပါတော့သည်။ ကျွန်ုပ်သည် ငှက်သမားအား ရေးနည်းအတူ အသုံးချပါသေး၏။ သို့ရာတွင် သူ့ကိုယ်၌က မျက်နှာချင်းမဆိုင်ဝံ့တော့ချေ။ တော်တော်ဆိုးသော အရပ်သားပေတကားဟု မှတ်ချက်ချရဖူးသည်။

**မြစ်ရိုးသားတို့၏ ဉာဉ်ဆိုး**

ကမ်းနီရွာသို့ ကျွန်ုပ်ရောက်ခါစအချိန်ကလည်း ကျွန်ုပ်၏ခယ်မပျိုကလေးနှစ်ယောက် အလည်အပတ်လာကြရာ ရွာသားလူငယ်များသည် တရစ်သီသီလုပ်ကြ၏။ အပျိုရှိသောအိမ်သို့ လူပျိုများရစ်ကြခြင်းမှာ ဖိုမတို့၏ဓမ္မတာဖြစ်သည်ဟု ကျွန်ုပ်နားလည်သည့်အလျောက် မျက်နှာထားတင်းတင်းမထားဘဲ ရောက်ခါစလည်းဖြစ်သည်နှင့် ဖော်ရွေလုမတတ် အမူအရာမျိုးပြခဲ့သည်။ တစ်ရက်နှစ်ရက်ကြာသောအခါ လူပျိုများသည် ခယ်မပျိုများအား ပြုံးစိစိနှင့် မျက်နှာချိုသွေးခြင်းမျှလောက်နှင့် အားမရကြတော့ဘဲ ကျွန်ုပ်အားပင် နောက်ပြောင်ချင်လာကြသည်။ ကျွန်ုပ်၏ကျောင်းရှေ့သို့ ရောက်ကြသောအခါများတွင် 'ဖဲထီးခိုး ရိုက်စစ်'၊ 'ဝမ်းတရွှတ်ရွှတ် ပုဇွန်တောင်'၊ 'ဘဲဒီးဂွတ်၊ ဘဲမဂွတ်'၊ 'ဝမ်းစမိုး အင်းခွေး' စသော စကားလုံးများကို ကျွန်ုပ်၏ကျောင်းဘက်သို့ကြည့်ကာ တစ်ယောက်တစ်လှည့် ရွတ်ဆိုကြလေသည်။ စကားလုံးများသည် ရိုင်းစိုင်းသောစကားလုံးများ မဟုတ်ခြင်းကားမှန်သည်။ သို့ရာတွင် ကျွန်ုပ်၏အင်္ဂလိပ်စာသင်ကျောင်းကို နောက်ပြောင်ခြင်းဖြစ်သည့်အပြင် ခယ်မပျိုများလည်းရှိ၍ သူတို့၏ ရွှတ်တွတ်တွတ်မျက်နှာထားကိုလည်း ထင်ရှားစွာဖော်ပြလျက်ရှိ၏။ ကျွန်ုပ်သည် သူတို့၏မခံ့ညားသောရည်ရွယ်ချက်ကို နားလည်သော်လည်း မည်သို့မျှမတတ်နိုင်ဘဲ သူကြီးကိုညွှင်းအား တိုင်လိုက်ရသည်။

သူကြီးကိုယ်တိုင်မှာလည်း ကျွန်ုပ်၏ကျောင်းကို တည်ထောင်သော လူကြီးသုံးယောက်အနက်တွင် တစ်ယောက်အပါအဝင်ဖြစ်၍ လူနောက်ကလေးများအား မာန်မဲလိုက်သည်နှင့် နောက်ထပ်မပြုဝံ့ကြသည်ကား မှန်ပါသည်။ သို့ရာတွင် ကျွန်ုပ် မှတ်ချက်ချလိုက်သည်မှာကား မြစ်ရိုးတစ်လျှောက်ရှိရွာသားများသည် (မြတောင်လည်းပါသည်။) တခြားနယ်မှ လူများ လာရောက်နေထိုင်သည့်အခါ အစိုးရအမှုထမ်းဖြစ်လျှင် ပြားပြားဝပ်ချင်ကြသော်လည်း မင်းမှုထမ်းမဟုတ်ခဲ့လျှင် တစ်နည်းနည်းဖြင့် အကဲစမ်းချင်တတ်ကြသည်။ ယင်းနယ်တစ်လျှောက်၌ 'မဖြစ်ညစ်ကျယ်' ခေါ်သည့် ရွာသားကလေးများသည် တခြားနယ်များမှာထက် ပေါများလှသည်ဟု ကျွန်ုပ်ဆုံးဖြတ်ချက်ချလိုက်သည်။ ရွှေဘိုနယ်ဘက်၌မူ စွာတာတာလုပ်ချင်သော တစ်နယ်သားကို အကဲစမ်းချင်တတ်ကြသော်လည်း မြစ်ရိုးသား၏သတ္တိမှာမူ ရိုးရိုးမှန်မှန်နေသော (မင်းမှုထမ်းမဟုတ်သည့်) တစ်နယ်သားကိုလည်း ချမ်းသာမပေးတတ်။ ကျယ်ကပ်ကပ်လုပ်ချင်တတ်ကြသည်။ ရောက်စကတည်းကပင် ကျွန်ုပ်သည် ဤရွာ၌ သုံးနှစ်ပြည့်အောင်မှ နေနိုင်ပါမည်လောဟု သံသယဖြစ်ခဲ့မိသည်။

**ကမ်းနီရွာမှ ထွက်ခွာခြင်း**

၁၉၂၄ ခုနှစ် ဇူလိုင်လတွင် ဧရာဝတီမြစ်ရေသည် အလွန်အမင်းကြီး၍ နှစ်ပေါင်းများစွာ ရေမတက်ခဲ့ဖူးသည့် ကမ်းနီရွာပေါ်သို့ ခါးလောက်ထိအောင် ရေလွှမ်းမိုး၏။ ကျွန်ုပ်၌ လပ်ကီးအပြင် ကိုဝင့်မော်၏ မြင်းသားအမိကလည်းရှိနေရကား ၎င်းတို့အတွက် အစာနှင့်ရေလွတ်အောင် ဖေါင်းလုပ်ပေးဖို့မှာ ပြဿနာကြီးတစ်ခုဖြစ်နေတော့၏။

**ဆက်လက်ဖော်ပြပါမည်။**

# ကျောက်ဆည်မြို့နယ်၌ နှမ်း ၄၃၄၈ ဧက လျာထားစိုက်ပျိုး

ကျောက်ဆည် ဧပြီ ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ ဒေသတွင်း ပဲမျိုးစုံဖူလုံပိုလျှံရေး နှမ်းသီးနှံများတိုးချဲ့စိုက်ပျိုးလျက်ရှိရာ စမာစိုက်ပျိုးရေးနည်းပညာပေးရေးတန်းစခန်း၌ နှမ်း ၄၃၄၈ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

စမာစိုက်ပျိုးရေး နည်းပညာပေးရေးတန်းစခန်း၌ ကျေးရွာအုပ်စုပေါင်း ၁၂ အုပ်စုရှိပြီး နှမ်းများကို ဒါန်းတိုင်ကျေးရွာအုပ်စု၌ ဧက ၅၁၀၊ ရန်ဘက်လိုကျေးရွာအုပ်စု၌ ဧက ၉၃၀၊ ပေတောကြီးကျေးရွာအုပ်စု၌ ၈၉၂ ဧက၊ ဘုံကွင်းကျေးရွာအုပ်စု၌ ၆၂၂ ဧက၊ စင်းကွန်းကျေးရွာအုပ်စု၌ ဧက ၇၉၀၊ ပန်းခွာကျေးရွာအုပ်စု၌ ၆၀၄ ဧက စုစုပေါင်း ၄၃၄၈ ဧက စိုက်ပျိုးလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်၌ မိုးကြိုပဲတီစိမ်းများကို စိုက်ပျိုးရေးနည်းပညာပေးရေးတန်းစခန်းခြောက်ခုတွင် ဧက ၂၉၀၀၀ လျာထားစိုက်ပျိုးလျက်ရှိသည့်အပြင် နှမ်းများအောင်မြင်ဖြစ်ထွန်းစေရေး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေပေးမြောင်းများအလိုက် စိုက်ပျိုးရေများ အလှည့်ကျပေးဝေလျက်ရှိကြောင်း သိရသည်။ **ချမ်းမြေ့**






■ **ရှေ့ဖုံးမှအဆက်**

တင်သွင်းလာသော ဘိလပ်မြေရေယာဉ်များ စဉ်ဆက်မပြတ်ရောက်ရှိလျက်ရှိပြီး ယခု တန်ချိန် ၂၄၀၀ တင်ဆောင်လာသည့် ရေယာဉ်သည် ရန်ကုန်မြို့ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း သာကေတ ဆိပ်ခံတံတားသို့ ဧပြီလ ၂၀ ရက် ညနေပိုင်းတွင် ထပ်မံရောက်ရှိခဲ့၍ ယနေ့နံနက်ပိုင်း၌ ဈေးကွက်အတွင်း ဖြန့်ဖြူးရန်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သော ဘိလပ်မြေကို တင်သွင်းခွင့်ပြုထားပြီး ယခုရေယာဉ်အပြင် ကျန်ဘိလပ်မြေတင်ဆောင်လာသည့် ရေယာဉ်များပါ အပတ်စဉ်ဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်မြို့သို့သောက်သုံးရေဖြန့်ဝေပေးနေသည့် ဂျိုးဖြူရေလှောင်ကန်ရေသိုလှောင်ဖြန့်ဖြူးနေမှု မြို့တော်ဝန်ဦးဗိုလ်ဌေး ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၁

ရန်ကုန်မြို့သို့သောက်သုံးရေဖြန့်ဝေပေးနေသည့် တိုက်ကြီးမြို့နယ်ရှိ ဂျိုးဖြူရေလှောင်ကန်၏ ရေသိုလှောင်ဖြန့်ဖြူးနေမှုအား ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်)ဦးဗိုလ်ဌေးနှင့်တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကန်၏လက်ရှိရေအနက်ပေ၊ ရေသိုလှောင်ထားမှုပမာဏ၊ ရန်ကုန်မြို့သို့ ရေဖြန့်ဝေပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က တမံများ၊ ရေစုကန်များ၊ ရေစစ်ကန်များ၏အခြေအနေနှင့် ရေသန့်စင်ပေးမှုလုပ်ငန်းများအား လိုက်လံစစ်ဆေး၍ ရေလှောင်ကန်များကြံ့ခိုင်ရေးနှင့်လုံခြုံရေး၊ ရာသီဥတုကြောင့် ရေပမာဏကျဆင်းလာမှုများအား စနစ်တကျမှတ်တမ်းပြုစု၍ ရေပြတ်တောက်မှုမရှိအောင် စီမံဆောင်ရွက်ရေးတို့အတွက် လိုအပ်သည်များမှာကြားသည်။

အဆိုပါ ဂျိုးဖြူရေလှောင်ကန်သည် ၁၉၃၇ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ပြီး ၁၉၄၀ ပြည့်နှစ်တွင် ပြီးစီးခဲ့ရာ ကန်ရေစုဆောင်းဧရိယာ ၁၂ ဒသမ ၉ စတုရန်းမိုင်၊ ကန်ရေပြင်ဧရိယာ ၂ ဒသမ ၈ စတုရန်းမိုင်၊ ရေသိုလှောင်မှုပမာဏ ၁၆၆၀၀ ဂါလန်သန်း၊ အသုံးပြုနိုင်သည့်ရေပမာဏ ၈၄၀၀ ဂါလန်သန်းရှိပြီး တစ်နေ့လျှင် ရေဂါလန် ၂၇ သန်းထိ ဖြန့်ဝေပေးပို့လျက်ရှိကြောင်း သိရသည်။

**ဝင်းရုံခ**

○ **တက္ကသိုလ်ဝင်စာမေးပွဲမှ**

၂။ ယခင် ၂၀၂၅ ခုနှစ်၊ မတ်လအတွင်းက စစ်ဆေးခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အားလုံးဖြေဆိုခဲ့သူများကိုသာ ပြန်လည်ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး ဖြေဆိုခွင့်ရရှိသူများစာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးရုံးများနှင့် စာစစ်ဌာနများတွင် ကြေညာပေးမည်ဖြစ်ပါသည်။

၃။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အထက(မင်းကင်း)၊ အထက(ပန်ဆက်)၊ အထက(၁)တမူး၊ အထက(၂)ရွှေဘို၊ အထက(၁)ရေဦး၊ အထက(ဗန်းမောက်)၊ အထက (ဝန်းသို)၊ အထက(မော်လိုက်)၊ အထက(ကင်းတပ်)နှင့် အထက(အရာတော်) စာစစ်ဌာနများတွင် ဖြေဆိုခဲ့သူများသည် ပြန်လည်ဖြေဆိုရန်မလိုပါ။

၄။ ၂၀၂၅ ခုနှစ်မတ်လတွင် ကျင်းပခဲ့သော စာစစ်ဌာနများအနက်အောက်ဖော်ပြပါဇယားရှိ စာစစ်ဌာနများသည် ယှဉ်တွဲဖော်ပြထားသောပြောင်းလဲဖြေဆိုရမည့်စာစစ်ဌာနများတွင် ဖြေဆိုရမည်ဖြစ်ပြီး ဤဇယားတွင်မပါဝင်သောကျန်စာစစ်ဌာနများမှာ မူလစာစစ်ဌာနများ၌သာ ဖြေဆိုရပါမည် -

**စစ်ကိုင်းတိုင်းဒေသကြီး**

| စဉ် | ၂၀၂၅ မတ်လတွင်ဖြေဆိုခဲ့သည့် စာစစ်ဌာန | ပြောင်းလဲဖြေဆိုရမည့် စာစစ်ဌာန |
|---|---|---|
| ၁ | အထက-၁၊ စစ်ကိုင်း | စစ်ကိုင်းပညာရေးတက္ကသိုလ် |
| ၂ | အထက-၃၊ စစ်ကိုင်း | စစ်ကိုင်းပညာရေးတက္ကသိုလ် |

**မန္တလေးတိုင်းဒေသကြီး**

| စဉ် | ၂၀၂၅ မတ်လတွင်ဖြေဆိုခဲ့သည့်စာစစ်ဌာန | ပြောင်းလဲဖြေဆိုရမည့် စာစစ်ဌာန |
|---|---|---|
| ၁ | အထက-၁၃၊ မန္တလေး | အထက-၁၃၊ အထက-၃၊ အထက(ခွဲ)-၈၊ မန္တလေး |
| ၂ | အထက(ခွဲ)-၂၊ မန္တလေး | အထက(ခွဲ)-၂၊ အထက(ခွဲ)-၁၂၊ မန္တလေး |
| ၃ | အထက-၁၂၊ မန္တလေး | အထက-၁၂ ၊ အထက-၁၆၊ မန္တလေး |
| ၄ | အထက-၇၊ မန္တလေး | အထက-၇ ၊ အထက-၃၄၊ မန္တလေး |
| ၅ | အထက-၂၆၊ မန္တလေး | အထက(ခွဲ)-၁၃ ၊ အထက(ခွဲ)-၃၊ မန္တလေး |
| ၆ | အထက-၃၀၊ မန္တလေး | အထက-၂၈ ၊ အထက-၃၀၊ မန္တလေး |
| ၇ | အထက-၂၇၊ မန္တလေး | အထက-၂၇ ၊ အလက-၁၁၊ မန္တလေး |
| ၈ | အထက-၈၊ မန္တလေး | အထက-၈၊ အထက-၂၅၊ အထက-၃၇၊ မန္တလေး |
| ၉ | အထက-၁၁၊ မန္တလေး | အထက-၁၇၊ မန္တလေး |
| ၁၀ | အထက-၂၀၊ မန္တလေး | အထက-၅ ၊ အထက-၁၆၊ မန္တလေး |
| ၁၁ | အထက၊ ပုသိမ်ကြီး | အထက၊ ကျောက်မီး |
| ၁၂ | အထက၊ မတ္တရာ | အထက၊ မြို့သစ် |
| ၁၃ | အထက-၁၊ အမရပူရ | အထက-၂ ၊ အမရပူရ |
| ၁၄ | အထက-၁၊ ကျောက်ဆည် | အထက-၁၊ အထက-၂၊ ကျောက်ဆည် |
| ၁၅ | အထက၊ စဉ့်ကိုင် | ကျောက်ဆည်တက္ကသိုလ် |
| ၁၆ | အထက၊ မြစ်သား | အထက(စက်၊စိုက်၊မွေး)၊ မြစ်သား |
| ၁၇ | အထက-ကူမဲ၊ မြစ်သား | အထက-သာလွန်၊ မြစ်သား |
| ၁၈ | အထက၊ နွားထိုးကြီး | အထက-ဟံမြင့်မိုရ်၊ ကျောက်ဆည် |
| ၁၉ | အထက၊ ဝမ်းတွင်း | အထက-သဲတော၊ ဝမ်းတွင်း |

**နေပြည်တော်ကောင်စီနယ်မြေ**

| စဉ် | ၂၀၂၅ မတ်လတွင်ဖြေဆိုခဲ့သည့်စာစစ်ဌာန | ပြောင်းလဲဖြေဆိုရမည့် စာစစ်ဌာန |
|---|---|---|
| ၁ | အထက၊ ငန်းစပ် | အထက(ခွဲ)-ကျွဲရှင်း |
| ၂ | အထက(၁၂)၊ ဥတ္တရသီရိ | အထက(၁၂)၊ အထက(ခွဲ)-ရွှေနံ့သာ |
| ၃ | အထက၊ ကျည်တောင်ကန် | အထက(ခွဲ)-မင်္ဂလာဒီပ |
| ၄ | အထက-၁၊ ပျဉ်းမနား | အထက-၂၊ ပျဉ်းမနား |
| ၅ | အထက၊ သစ်လေးလုံး | အထက-၅၊ ပျဉ်းမနား |
| ၆ | အထက၊ ညောင်ပင်သာ | အထက-၅၊ ပျဉ်းမနား |
| ၇ | အထက-၇၊ ဇမ္ဗူသီရိ | အထက-၅၊ ဇမ္ဗူသီရိ |
| ၈ | အထက-၁၊ လယ်ဝေး | အထက-၁၊ အထက-၂၊ လယ်ဝေး |
| ၉ | အထက၊ သာဝတ္တိ | အထက-သာဝတ္တိ၊ အထက-ပျံချီ |
| ၁၀ | အထက-၁၈၊ ဒက္ခိဏသီရိ | အထက(ခွဲ)-ရန်အောင်မြင် |

၅။ ယခုပြန်လည်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဖြေဆိုခွင့်ကတ်ပြားများကို မိမိတို့ဖြေဆိုရမည့်စာစစ်ဌာနများတွင် သက်ဆိုင်ရာတက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်ရေးမှူးများထံမှ ၁-၆-၂၀၂၅ ရက်နေ့မှ ၁၅-၆-၂၀၂၅ ရက်နေ့အတွင်း တိုက်ရိုက်ထုတ်ယူရမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

# လျှောင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၁

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့်ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ်ခြောက်ခုတွင် ဧပြီလ ၂၁ ရက်နေ့အထိ သေဆုံးသူ ၃၇၅၇ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၇ ဦးနှင့် ပျောက်ဆုံးသူ ၁၁၆ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၆၅ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ငလျင်ဒဏ်ကြောင့် ကျောက်သေတ္တာကြီး မူလအခြေအနေမှတိမ်းစောင်းသွားမှုအခြေအနေနှင့် လက်ရှိတည်ရှိနေမှုအခြေအနေများကို ရိုက်ကူးထားသည့် Video Clip များ၊ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ငလျင်ဒဏ်ကြောင့် မန္တလေးမြို့ အမရပူရမြို့နယ် ဆင်ဖြူမယ်ကျောင်းတိုက်အတွင်းရှိ အပျက်အစီးများအား ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာ၌ အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ငလျင်ဒဏ်ကြောင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဧပြီ ၂၁**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အဦများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် စစ်ကိုင်းတပ်နယ်မှ တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်းမြို့၊ စီတီးရပ်ကွက်ရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ ပိုးတန်းရပ်ကွက်ရှိအမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အိုးဘိုရပ်ကွက်နှင့် ရွာထောင်ရပ်ကွက်နေရာများသို့သွားရောက်၍ အပျက်အစီးများရှင်းလင်းဖယ်ရှားနေမှုများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် စစ်ကိုင်းတောင်ရိုးရှိ ငလျင်ဒဏ်သင့် ရဟန်းသံဃာတော်များ၊ သီလရှင်များနှင့် ယောဂီများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာဝန်ထမ်းများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများအား နိုင်ငံတော်ဩဝါဒစရိယ၊ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရထံလှူဒါန်းရာ ဆရာတော်ကြီးကိုယ်စား ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံက လက်ခံရယူသည်။ ထို့နောက် စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်ရှိ ယာယီဆေးရုံ၌ မလေးရှားနိုင်ငံဆေးဘက်ဆိုင်ရာကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ခရိုင်တရားရုံး၊ ခရိုင်ဥပဒေရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့်ဝန်ထမ်းအိမ်ရာများသို့လည်းကောင်း၊ ရွာထောင်ရပ်ကွက်ရှိအမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းသို့လည်းကောင်း၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်သို့လည်းကောင်း သွားရောက်၍ အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့်တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာ၊ ချမ်းအေးသာစံမြို့နယ်ရှိ Golden City Hotel နေရာနှင့် တိုင်းသမဝါယမဦးစီးမှူးရုံးနေရာများသို့ သွားရောက်၍ အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှုအား ကြည့်ရှုစစ်ဆေးပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့်တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီး၊ အမရပူရမြို့နယ်ရှိ ဆင်ဖြူမယ်ကျောင်းတိုက်နှင့် ရွှေအိုးရ ရွှေဖားရကျောင်းတိုက်များသို့လည်းကောင်း၊ မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်းသို့လည်းကောင်း သွားရောက်၍ ကျောင်းတိုက်ဆရာတော်များအား ဖူးမြော်ကာ အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှုအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် တာဝန်ရှိသူများလိုက်ပါလျက် ကျောက်ဆည်မြို့၊ စုကြီးရပ်ကွက်၊ ရွှေမုဋ္ဌောဘုရားဓမ္မာရုံ၌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူလိုက်ပါ၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်နှင့်နည်းပညာရှင်များ၊ တာဝန်ရှိသူများဖြင့် အစည်းအဝေးပြုလုပ်ခဲ့ရာ ကျောက်သေတ္တာကြီး မူလအခြေအနေမှ တိမ်းစောင်းသွားမှုအခြေအနေ၊ လက်ရှိတည်ရှိနေမှုအခြေအနေများကို ဒရုန်းဖြင့် ရိုက်ကူးထားသော Video Clip များ၊ မှတ်တမ်းဓာတ်ပုံများအား အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆက်လက်ဆောင်ရွက်ရမည့်နည်းလမ်းများဆွေးနွေးဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဂေါပကအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ကျောက်သေတ္တာစေတီမွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ၊ အလှူငွေ ရရှိ/ ထိန်းသိမ်း/စီမံခန့်ခွဲရေးလုပ်ငန်းများ၊ ကျောက်ဆည်မြို့မဈေးကြီးသည် လတ်တလောဖွင့်လှစ်နိုင်ခြင်းမရှိသေးသဖြင့် စည်ပင်သာယာရေးပိုင်နယ်နိမိတ်ဖြစ်သော ဖောင်းရွာရပ်ကွက် ၂၀ ဒသမ ၅၆ မြေကေအကျယ်ရှိဖောင်းရွာကွင်း၌ ယာယီဈေးဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ရေးကိစ္စရပ်များအား အသေးစိတ်ဆွေးနွေးဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ကူမဲမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(လမ်းခွ)နှင့် အခြေခံပညာအထက်တန်းကျောင်း(ကူမဲ)ကျောင်းများသို့ သွားရောက်စစ်ဆေးခဲ့ပြီး ယခုနှစ်ပညာသင်နှစ်တွင် စာသင်ကျောင်းများအလိုက် ကျောင်းအပ်လက်ခံမည့် ကျောင်းသား၊ ကျောင်းသူ ခန့်မှန်းအင်အားအတိုင်း စာသင်ဆောင်များ လုံလောက်မှုရှိစွာဖြင့် ပညာသင်ကြားနိုင်ရေးနှင့် ပျက်စီးသွားသော စာသင်ဆောင်များ အမြန်ပြုပြင်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနသို့တင်ပြ၍ လမ်းညွှန်မှုခံယူသွားရန်၊ ပရိဘောဂပစ္စည်းများနှင့် စာသင်ခုံများစနစ်တကျ ပြန်လည်ပြုပြင်ထိန်းသိမ်းသွားရန်၊ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ကျောက်ဆည်ခရိုင်အတွင်းရှိထိခိုက်ပျက်စီးသွားသော စာသင်ကျောင်းများမှ အပျက်အစီးများကို ၂၂-၄-၂၀၂၅ ရက်နေ့အပြီး ဖယ်ရှားရှင်းလင်းရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

၎င်းနောက် မြစ်သားမြို့နယ်၊ ကူမဲမြို့ရှိ ရွှေဘုံသာစေတီ၌ ပြိုကျပျက်စီးခဲ့သော ဘုရားစေတီများ၊ သာသနိကအဆောက်အဦများအား သွားရောက်ကြည့်ရှုခဲ့ပြီး ပြန်လည်ပြုပြင်မွမ်းမံမည့်အစီအမံများအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။ (၁၀၀)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအားဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm
၂။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm
၃။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm
၄။ Myawady Webportal https://myawady.net.mm
၅။ Myanmar National Portal https://myanmar.gov.mm

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၂)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆို



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၂)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား စုဖွဲ့ ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များ၌ ဖြည့်ဆည်းဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဧပြီ ၂၁**

ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၂)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့်ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၂)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား စားသောက်ဖွယ်ရာများပေးအပ်ပြီး သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့်စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

**နေပြည်တော် ဧပြီ ၂၁**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၁၃-၄-၂၀၂၅ ရက် ည ၈ နာရီမှ ၂၀-၄-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၅၉ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။


ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊**
**ကျန်းမာရေးဝန်ကြီးဌာန**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃˚C | / | ၃၈˚C |
| ရန်ကုန် | ၂၅˚C | / | ၃၇˚C |
| မန္တလေး | ၂၇˚C | / | ၃၈˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့




# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ စသည့်ကုန်မျိုးစုံများအား သက်သာသောဈေးနှုန်းဖြင့် နှစ်ဆယ့်နှစ်ရက်မြောက်နေ့အဖြစ် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၁**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့၏စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ကုန်မျိုးစုံဈေးကားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ ၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့ဧပြီလ ၂၁ ရက်တွင် နှစ်ဆယ့်နှစ်ရက်မြောက်နေ့အဖြစ် ဈေးကားခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးကြောင်း သိရှိရသည်။

၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်မှ ဧပြီလ ၂၁ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဇေယျာသီရိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဥဒေနာသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီဝန်ထမ်းအိမ်ရာရှိဝန်ထမ်းများအား ဆန်၆ပြည်ဆံ့ (မနောသုခ-Export Quality) ၉၁၀၆ အိတ်၊ ဆန်၅ပြည်ဆံ့ (ဖျာပုံပေါ်ဆန်း) ၂၀၈၃ အိတ်၊ ဆီ ၂၂၉၇၀ ပိဿာ၊ ဆား ၂၅ ကျပ်သားပါအိတ် ၅၆၀၀ ထုပ်၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၄၈၀၄ ထုပ်၊ ငါးပိ ၂၀ ကျပ်သားပါ ဘူး ၁၀၆၄၊ ငါးခြောက် ၁၀ ကျပ်သားပါ ၃၄ ထုပ်၊ ကြက်ဥ၊ ဘဲဥများနှင့် ခေါက်ဆွဲခြောက်ထုပ်များကိုလည်း ရောင်းချပေးခဲ့ကြောင်းနှင့်နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

အလားတူ မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့ (မနောသုခ) ၄၆၁ အိတ်၊ စားအုန်းဆီ ၃၇၄၀၀ ပိဿာ၊ ဆား ၂၅ ကျပ်သားပါ ၆၅ ထုပ်၊ ကုလားပဲ ၂၅ ကျပ်သားပါ ၅၅ ထုပ်၊ ငါးပိ ၂၅ ကျပ်သားပါ ၅၂ ဘူး၊ ငါးခြောက် ၁၀ ကျပ်သားပါ ၈၀ ထုပ်၊ ကြက်ဥ ၈၈၆၈ လုံး၊ ဘဲဥ ၁၄၈၉ လုံး၊ ခေါက်ဆွဲခြောက်များကို ရောင်းချပေးခဲ့ကြောင်းနှင့် စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့ (ရွှေဝါထွန်း) ၂၆၀ အိတ်၊ စားအုန်းဆီ ၃၇၄၀ ပိဿာ၊ ဆား ပိဿာ ၂၀၊ ကုလားပဲ ၉၇ ဘူး၊ ငါးပိ ၈ ပိဿာ၊ ငါးခြောက် ၈ ပိဿာ၊ ကြက်သွန်နီ ၄၇၅ ပိဿာ၊ အသားတု ၁၆ ပိဿာ၊ ကြက်ဥ၊ ဘဲဥများနှင့် ပုစွန်ခြောက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး ရေသန့်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက် ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မျက်စိအမြင်အာရုံကိုကာကွယ်ခြင်း

ဒေါက်တာလွင်သန့်

၂၁ ရာစုခေတ်မှာ ကလေး၊ လူကြီး မျက်မှန်တပ်သူဦးရေ နှစ်ဆတိုးလာပါတယ်။ ဖုန်းမျက်နှာပြင် (Screen) သေးသေးလေးကိုကြည့်ရာကနေ ကြာလာတဲ့အခါ မျက်စိအမြင်အာရုံအားနည်းလာပါတယ်။ ဒီအတွက် ကွန်ပျူတာ၊ အင်တာနက်သုံးတဲ့ပုံစံကိုပြင်ပေးတာ၊ အလင်းရောင်ရရှိမှုပြင်ပေးတာတွေလိုအပ်ပါတယ်။

ဆေးလိပ်သောက်တာက ခန္ဓာကိုယ်အတွက် ဆိုးကျိုးဖြစ်သလို အမြင်အာရုံအတွက်လည်း ဆိုးရွားနိုင်ပါတယ်။ အသက်အရွယ်ကြောင့်ဖြစ်တဲ့ မက်ကူလာချို့ယွင်းမှု (Age Related Macular Degenerater-AMD) နဲ့ ဆေးလိပ်သောက်တာ ဆက်စပ်မှုရှိတယ်လို့ သုတေသီတွေကဖော်ပြထားပါတယ်။ ဆေးလိပ်သောက်တာနဲ့ အဆုတ်ကင်ဆာဖြစ်တာ ဆက်စပ်မှုရှိသလိုမျိုးဖြစ်ပါတယ်။ ဆေးလိပ်သောက်သူတွေက ဆေးလိပ်မသောက်သူတွေထက် AMD ကြောင့် မျက်စိကွယ်နိုင်ခြေ နှစ်ဆပိုပြီးများပါတယ်။ ဆေးလိပ်ဖြတ်အပြီး ၁၀ နှစ်လောက်ကြာတဲ့အထိ အဲဒီသက်ရောက်မှုရှိတယ်လို့သိရပါတယ်။

အလုံအလောက်မထုတ်လုပ်နိုင်တာ ဒါမှမဟုတ် မျက်ရည်တွေက အငွေ့ပြန်လွယ်တာကြောင့်ဖြစ်ပါတယ်။ မျက်စိယားယံပြီး နီရဲနာကျင်နိုင်ပါတယ်။ အမျိုးသမီးထောင်ပေါင်းများစွာရဲ့အစားအစာကို လေ့လာခဲ့တဲ့ အမေရိကန်နိုင်ငံ ဟားဗတ်မှ သုတေသီတွေက အဆီပါဝင်မှုများတဲ့ငါးတွေကိုစားသုံးမှုနည်းတာကြောင့် Omega-3 Fatty acid ရရှိမှုအနည်းဆုံးဖြစ်သူတွေက မျက်စိခြောက်သွေ့တဲ့လက္ခဏာဖြစ်နိုင်ခြေအများဆုံးဆိုတာတွေ့ရှိရပါတယ်။ ကိုယ်က ငါးဟင်းမကြိုက်ရင် Omega-3 အားဖြည့်ဆေးမှီဝဲသင့်ပါတယ်။

ခရမ်းလွန်ရောင်ခြည်ကို ၉၉-၁၀၀ ရာခိုင်နှုန်း ကာကွယ်နိုင်တဲ့ မျက်မှန်အမျိုးအစားရွေးချယ်တပ်ဆင်သင့်တယ်။ နေရောင်ထဲရောက်ရင် အရောင်မည်းသွားတဲ့ မှန်အမျိုးအစားကိုရွေးချယ်သင့်ပြီး မှန်အရွယ်အစားကြီးမားတာကို ရွေးချယ်သင့်ပါတယ်။ မျက်စိတစ်ခုလုံးကို ဖုံးအုပ်နိုင်တဲ့မျက်မှန်က အကောင်းဆုံးဖြစ်ပါတယ်။

ကွန်ပျူတာနဲ့အလုပ်လုပ်စဉ်မှာ မျက်စိခြောက်သွေ့မှုဖြစ်နိုင်ခြေ

**"ကလေးတွေ အမြင်အာရုံကောင်းစေဖို့လုပ်နိုင်တဲ့ သဘာဝနည်းလမ်းတွေ အများကြီးရှိပါတယ်။ အမြင်အာရုံကိုကောင်းမွန်စေပြီး ကျန်းမာစေဖို့အတွက် အာဟာရပြည့်ဝတဲ့အစားအသောက်တွေ၊ ကျန်းမာရေးနဲ့ညီညွတ်တာတွေကျွေးဖို့ အရေးကြီးပါတယ်။ အာဟာရပြည့်ဝအောင်စားမယ်။ လေ့ကျင့်ခန်းလုပ်မယ်။ မျက်စိစမ်းသပ်မှုမှန်မှန်လုပ်မယ်ဆိုရင် အမြင်အာရုံထိခိုက်မှုကိုကာကွယ်နိုင်ပါတယ်။**

**ဗီတာမင် A ကြွယ်ဝတဲ့ အစိမ်းရောင်ဟင်းသီးဟင်းရွက်တွေမှာ ကယ်လ်စီယမ်၊ ဗီတာမင် C ၊ ဗီတာမင် B12 စတဲ့ တခြားဓာတ်တွေလည်းပါဝင်ပါတယ်။ ဒါကြောင့် ကလေးတွေကို ပန်းဂေါ်ဖီစိမ်း၊ မုန်ညင်းရွက်၊ မုန်ညင်းစိမ်း၊ ကိုက်လန်တို့ များများကျွေးသင့်ပါတယ် . . ."**

လေအေးပေးစက်ကထွက်တဲ့ အအေးဓာတ်က ခြေထောက်နေရာမှာ ရှိသင့်ပါတယ်။ မော်တော်ကားထဲက လေအေးပေးစက်ကြောင့် ရရှိတဲ့ လေအေးတွေဝင်တဲ့ လေဝင်၊ လေထွက်ပေါက်ကို ကိုယ့်မျက်စိနေရာမဟုတ်ဘဲ ခြေထောက်နေရာရောက်ရှိအောင်ချိန်ထားသင့်တယ်။ မော်တော်ကားလေအေးပေးစက်ကနေထွက်ရှိတဲ့ ခြောက်သွေ့တဲ့လေတွေက မျက်စိထဲကအရည်တွေကို စုပ်ယူလိုက်တာကြောင့် မျက်စိခြောက်သွေ့သွားတဲ့အတွက် မျက်စိထဲ ရောဂါပိုးဝင်နိုင်ခြေနဲ့ မျက်စိအနာဖြစ်နိုင်ခြေများပါတယ်။ လေယာဉ်၊ ရထား၊ ဘတ်စကားနဲ့ ရုံးခန်းတွေမှာလည်း လေအေးပေးစက်ကလာတဲ့လေအေးတွေကို ခြေထောက်နေရာလောက် ချိန်ထားသင့်ပါတယ်။

မျက်စိခြောက်သွေ့မှုမဖြစ်အောင် ငါးစားသင့်ပါတယ်။ အဆီများတဲ့ငါးကိုစားသုံးတာက မျက်စိပျက်စီးခြောက်သွေ့တဲ့လက္ခဏာမဖြစ်အောင် ကာကွယ်နိုင်တယ်လို့ သိပ္ပံသုတေသီတွေက တွေ့ရှိထားပါတယ်။ အဲဒီအခြေအနေက အသက်ကြီးသူတွေမှာ အဖြစ်များပြီး မျက်ရည်ကို

နည်းအောင် ကွန်ပျူတာစခရင်ကို မျက်စိနေရာအောက် နိမ့်ထားသင့်တယ်။ ဒီလိုပြုလုပ်တာကြောင့် မျက်စိက ကွန်ပျူတာကိုကြည့်နေစဉ်မှာ နည်းနည်းလေးပိတ်ထားတဲ့အနေအထားဖြစ်နေတဲ့အတွက် မျက်ရည်တွေ အငွေ့ပြန်နှုန်းလျော့နည်းသွားနိုင်ပါတယ်။

နာရီနှိုးစက်လုပ်ထားသင့်ပါတယ်။ ကွန်ပျူတာအသုံးပြုရာကနေ ခေတ္တအနားယူချင်ရင် မျက်စိကို မိနစ် ၃၀ ကြာတိုင်း ကွန်ပျူတာအသုံးပြုရာကနေထပြီး လမ်းလျှောက်တာ၊ အဝေးတစ်နေရာကို စက္ကန့် ၃၀ ကြာအောင် ကြည့်ရှုတာတွေပြုလုပ်နိုင်အောင် နှိုးစက်ထားသင့်ပါတယ်။ မိနစ် ၂၀ ကြာတိုင်း ပေ ၂၀ အကွာအဝေးကို စက္ကန့် ၂၀ ကြာကြည့်ပေးခြင်း (၂၀:၂၀:၂၀) စည်းမျဉ်းရှိပါတယ်။ မျက်စိညောင်းတာနဲ့ ပင်ပန်းတာတွေသက်သာအောင်ပြုလုပ်နိုင်ပါတယ်။

ကလေးတွေ အမြင်အာရုံကောင်းစေဖို့ လုပ်နိုင်တဲ့ သဘာဝနည်းလမ်းတွေ အများကြီးရှိပါတယ်။ အမြင်အာရုံကိုကောင်းမွန်စေပြီး ကျန်းမာစေဖို့အတွက် အာဟာရပြည့်ဝတဲ့အစားအသောက်တွေ၊ ကျန်းမာရေးနဲ့ ညီညွတ်တာတွေကျွေးဖို့ အရေးကြီးပါတယ်။ အာဟာရပြည့်ဝအောင်စားမယ်။ လေ့ကျင့်ခန်းလုပ်မယ်။ မျက်စိစမ်းသပ်မှုမှန်မှန်လုပ်မယ်ဆိုရင် အမြင်အာရုံထိခိုက်မှုကိုကာကွယ်နိုင်ပါတယ်။

ဗီတာမင် A ကြွယ်ဝတဲ့ အစိမ်းရောင်ဟင်းသီးဟင်းရွက်တွေမှာ ကယ်လ်စီယမ်၊ ဗီတာမင် C၊ ဗီတာမင် B12 စတဲ့ တခြားဓာတ်တွေလည်း ပါဝင်ပါတယ်။ ဒါကြောင့် ကလေးတွေကို ပန်းဂေါ်ဖီစိမ်း၊ မုန်ညင်းရွက်၊ မုန်ညင်းစိမ်း၊ ကိုက်လန်တို့ များများကျွေးသင့်ပါတယ်။

မုန်လာဥဖြူနဲ့ ခရမ်းချဉ်သီးကလည်း အမြင်အာရုံကိုထိခိုက်စေတဲ့ အမြင်စူးစိုက်တဲ့ မက်ကူလာ (Macula) လွှာ ယိုယွင်းခြင်း၊ အတွင်းတိမ်ဖြစ်ခြင်းတို့ကို ကာကွယ်ပေးနိုင်ပါတယ်။ မုန်လာဥနီနဲ့ ကန်စွန်းဥတို့ကလည်း မျက်စိကို နေရောင်ခြည်ကနေကာကွယ်နိုင်မယ့် ဗီတာကယ်ရိုတင်းတွေ အများကြီးပါဝင်တယ်။ ငရုတ်ပွကလည်း ကလေးတွေမျက်စိအတွက်ကောင်းပါတယ်။

မြေပဲ၊ သီဟိုဠ်စေ့၊ သစ်ကြားစေ့တွေက ဗီတာမင် E ကြွယ်ဝတာကြောင့် ကလေးတွေ အဝေးမှုန်တာကို ကာကွယ်ပေးပါတယ်။ အစေ့အဆန်တွေမှာ Omega 3,6 Fatty acid တွေ ပါဝင်ပါတယ်။ နှမ်းကြတ်စေ့၊ ချိယာစေ့တို့ကလည်း အမြင်အာရုံကိုကောင်းမွန်စေပါတယ်။

ဆယ်လ်မွန်၊ မက်ကရယ်၊ တူနာငါးတွေကနေရရှိတဲ့ငါးကြီးဆီတွေမှာ DNA လို့ခေါ်တဲ့ မျက်စိအမြင်လွှာ (Retina) မှာပါတဲ့ အဆီတစ်မျိုးပါဝင်ပါတယ်။ မျက်စိအမြင်လွှာမှာ DNA ဓာတ်ချို့တဲ့တဲ့အခါ မျက်စိခြောက်တာနဲ့ တခြားမျက်စိပြဿနာတွေဖြစ်စေနိုင်ပါတယ်။

ပဲမျိုးစုံမှာ အများကြီးတွေ့ရတဲ့ Bioflavonoid နဲ့ဇင့်တို့က မျက်စိအမြင်လွှာ (Retina) ပျက်စီးခြင်းကိုကာကွယ်ပေးနိုင်ပါတယ်။ ဒါကြောင့် ကလေးတွေကို ပဲကြီး၊ ပဲနီလေး စတဲ့ပဲအမျိုးမျိုးကျွေးသင့်ပါတယ်။

ဇင့်ဓာတ်က မပြုပြင်ထားတဲ့ ပေါင်မုန့်ညို၊ ဆန်လုံးညိုတို့မှာ အများကြီးပါဝင်တယ်။ ဒါ့ပြင် ဗီတာမင်၊ နိုင်ယာစင်တို့ အလျှံပယ်ပါဝင်တယ်။ ဒါကြောင့် ကလေးတွေကို ပေါင်မုန့်ဖြူ၊ ပါစတာ၊ ထမင်းဖြူချည်းမကျွေးဘဲ ပေါင်မုန့်ညို၊ ဆန်လုံးညိုထမင်းကျွေးသင့်ပါတယ်။

ဥတွေမှာ ဗီတာမင် A နဲ့ ပရိုတင်းဓာတ်တွေ အများကြီးပါဝင်တယ်။ ဒါ့ပြင် အမြင်အာရုံစူးစိုက်ပေးတဲ့ မက်ကူလာ (Macula) ပျက်စီးတာကိုလည်း ကာကွယ်ပေးနိုင်တဲ့ လူတိန်းအင်တီအောက်စီးဒင့် (Lutein Antioxidants) လည်းပါဝင်ပါတယ်။ မျက်စိရဲ့ရုပ်ပိုင်းဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုကိုထိန်းသိမ်းပေးပြီး ကောင်းကောင်းအလုပ်လုပ်နိုင်အောင်လည်း ပံ့ပိုးပေးပါတယ်။ ဒါကြောင့် ကလေးတွေကို ဥများများကျွေးပြီး မျက်စိအမြင်အာရုံကိုကာကွယ်နိုင်ပါတယ်။ အသီးအနှံတွေ၊ အမဲသား၊ ထောပတ်သီး၊ ဗီတာမင်ဖြည့်စွက်ဆေးတွေကျွေးနိုင်ပါတယ်။

အချုပ်ဆိုရရင် "မျက်စိအဆုံး၊ နားအရှုံး" ဆိုတာနဲ့အညီ ကိုယ့်ရဲ့မျက်စိ ရေရှည်အသုံးပြုနိုင်ရေးအတွက် အထက်ပါနည်းလမ်းတွေကို လိုက်နာလုပ်ဆောင်သင့်ပြီး ကျန်းမာရေးနဲ့အညီ စားသောက်နေထိုင်ကြရင်း မျက်စိအမြင်အာရုံကို ကာကွယ်နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# လွိုင်လင်မြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

လွိုင်လင် ဧပြီ ၂၁


ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းအခမ်းအနားကို ဧပြီလ ၂၁ ရက်တွင် လွိုင်လင်မြို့နယ်ရှိတောင်နောက်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်မင်းထိုက်က တောင်နောက်ကျေးရွာနှင့် နောင်ဟင့်ကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိဒေါ်မေပိုးဦးက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကိုပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ငွေကျပ် သိန်း ၆၇၀ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တောင်နောက်ကျေးရွာနှင့် နောင်ဟင့်ကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၆၃ ဦးအတွက် ရန်ပုံငွေ ငွေကျပ်သိန်း ၆၇၀ ကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သော်ဇင်ထူး



# တွံတေးမြို့နယ်အတွင်း အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်



ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ်၌ ဘေးအန္တရာယ်ကင်းရှင်းစေရေး ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှဦးဆောင်ပြီး တွံ့တေးမြို့နယ်အတွင်းလှည့်လည်၍ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို ဧပြီလ ၂၀ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အန္တရာယ်ကင်းပရိတ်တရားတော်များ လှည့်လည်ရွတ်ဖတ်ပူဇော်ရာတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဦးဆောင်ကာ မော်တော်ယာဉ်များဖြင့် ရွှေဆံတော်စေတီတော်မြတ်ကြီးမှစတင်၍ မြို့နယ်အတွင်းရှိရပ်ကွက်များသို့ လှည့်လည်ပြီး အန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ဖတ်ကာ ပရိတ်ရေများမျှဝေခြင်း၊ ပရိတ်ရေပက်ဖျန်းပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်သည့်သံဃာတော်များအား ရပ်ကွက်အတွင်းရှိအလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။**တွံတေးသား**

# ပွင့်ဖြူမြို့နယ်၌ နွေနှမ်း လျာထားချက်ထက်ကျော်လွန်စိုက်ပျိုးပြီးစီးပြီဖြစ်



ပွင့်ဖြူ ဧပြီ ၂၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ နွေနှမ်း လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီတွင် နှမ်း ၂၇၁၉၃ ဧက စိုက်ပျိုးရန်လျာထားပြီး ပြီးခဲ့သည့်မတ်လမှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ဧက ၂၉၆၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း နှမ်း ၂၇၁၉၃ ဧက စိုက်ပျိုးဖို့ လျာထားဆောင်ရွက်ခဲ့တာ လက်ရှိမှာ ဧက ၂၉၆၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒေသတွင်းမှာရှိတဲ့ နှမ်းစိုက်တောင်သူတွေကို စိုက်ပျိုးရေးနည်းပညာ အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ဖို့ အသိပညာပေးတာတွေ၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲကြဖို့နဲ့ စိုက်ပျိုးရေးသွင်းအားစုတွေ မှန်မှန်ကန်ကန်သုံးစွဲကြဖို့ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသတွင်းဆီစားသုံးမှု ဖူလုံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေ တိုးပွားစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းစိုက်တောင်သူများကို ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ မြေဩဇာစနစ်တကျသုံးစွဲရေး၊ ပိုးမွှားကျရောက်မှုမရှိစေရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး စသည့်တောင်သူအသိပညာပေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ တောင်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း၊ ဆီထွက်သီးနှံ အများဆုံးစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိစေရေး ဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီဖူလုံမှုကို များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ဆင်ပေါင်ဝဲမြို့နယ် စည်ပင်လှကျေးရွာ၌ နေအိမ်သုံးဇီဝဓာတ်ငွေ့ကန် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ဆင်ပေါင်ဝဲ ဧပြီ ၂၁

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျောက်ဆောင်စမ်းကျေးရွာအုပ်စု စည်ပင်လှကျေးရွာ၌ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းဖြင့် နေအိမ်သုံး ဇီဝဓာတ်ငွေ့ကန် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဧပြီလ ၂၁ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် စည်ပင်လှကျေးရွာ၌ နေအိမ်သုံး ဇီဝဓာတ်ငွေ့ကန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်က ကျေးရွာကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ဇီဝဓာတ်ငွေ့ကန်တည်ဆောက်ခြင်းလုပ်ငန်းကို ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းရန်ပုံငွေ ငွေကျပ် ၃၆ သိန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် လေးသိန်းအသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် အောက်တိုဘာလက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကာရံ(ကျေးလက်)**

# သာစည်မြို့နယ် ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားမှု ကွင်းဆင်းစစ်ဆေး



သာစည် ဧပြီ ၂၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ သာစည်မြို့နယ် မန်ကျည်းခွကျေးရွာအုပ်စု ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းခွင့်ပြုငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဧပြီလ ၂၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းခွင့်ပြုငွေ ငွေကျပ် ၄၉ ဒသမ ၉ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဘုန်းတလုတ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၉ ဦးအတွက် ငွေကျပ် ၂၁ ဒသမ ၀၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးအတွက် ငွေကျပ် ၆ ဒသမ ၇၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦးအတွက် ငွေကျပ် ၂၂ ဒသမ ၁ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၆၅ ဦးအတွက် ငွေကျပ် ၄၉ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။**ဟိန်းထက်စိုး(မလှိုင်)**

# ကျောက်ဆည်စက်မှုနယ်မြေရှိ ဘိလပ်မြေစက်ရုံများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၁

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ကျောက်ဆည်စက်မှုနယ်မြေရှိ သံတော်မြတ်ကုမ္ပဏီလီမိတက်၏ ကြံ့နှစ်ကောင် ဘိလပ်မြေစက်ရုံသို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ခံက ငလျင်လှုပ်ခတ်မှုကြောင့် မီးသင်းဖိုအဆောက်အအုံ၊ ဗဟိုခလုတ်ခွဲခန်း၊ လျှပ်စစ်ခလုတ်အားထုတ်လုပ်သည့်အလုပ်ရုံ၊ ဘိလပ်မြေကြိတ်အလုပ်ရုံများပျက်စီးခဲ့မှုအခြေအနေ၊ စက်ရုံပြန်လည်လည်ပတ်နိုင်ရေးအတွက် စစ်ဆေးပြုပြင်မှုများဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မတ်လ ၂၈ ရက်က ပြင်းထန်သည့် မန္တလေးငလျင်လှုပ်ခတ်မှုကြောင့် မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ကျောက်ဆည်မြို့၊ နေပြည်တော်တို့ရှိ ပြည်သူများ၏ နေအိမ်အဆောက်အအုံများ၊ အစိုးရရုံးအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ ဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ၊ စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများ များစွာထိခိုက်ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ အဆိုပါထိခိုက်ပျက်စီးမှုများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ များစွာလိုအပ်လျက်ရှိကြောင်း၊ စက်ပစ္စည်းကိရိယာများ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးပြီးစီးရေးအတွက် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပွင့်ပွင့်လင်းလင်းတင်ပြစေလိုကြောင်းမှာကြားပြီး စက်ရုံအတွင်း ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့မှုနှင့် စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ကြံ့နှစ်ကောင်ဘိလပ်မြေစက်ရုံတွင် တစ်နေ့လျှင် ဘိလပ်မြေ တန်ချိန် ၅၀၀၀ စီ ထုတ်လုပ်နိုင်သည့် လိုင်းနှစ်လိုင်းတပ်ဆင်ထားရှိပြီး ကုန်ထုတ်လိုင်း တစ်လိုင်းအား မေလ ၁၅ ရက်တွင် ပြန်လည်လည်ပတ်နိုင်ရေး ဦးတည်၍ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စက်မှုဝန်ကြီးဌာနနှင့် Myanmar Conch Cement Co.,Ltd. တို့ အကျိုးတူပူးပေါင်း၍ ဘိလပ်မြေများ ထုတ်လုပ်လျက်ရှိသည့် အမှတ်(၃၃)အကြီးစားစက်ရုံ(ကျောက်ဆည်) သို့ရောက်ရှိပြီး ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် မီးသင်းဖိုအား ပြုပြင်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများအား စစ်ဆေးပြုပြင်နေသည့် ကျွမ်းကျင်ပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ထိခိုက်ပျက်စီးခဲ့သည့် စက်ပစ္စည်း၊ အဆောက်အအုံများအား သတ်မှတ်အချိန်တွင် ပြီးစီးရေးအတွက် လက်တွေ့ကျသည့်အစီအမံများ ရေးဆွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံအား သတ်မှတ်အချိန်မတိုင်မီ လည်ပတ်နိုင်ရေးအတွက် စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများကို နေ့ဆိုင်း၊ ညဆိုင်းများဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံအတွင်း ပျက်စီးခဲ့သည့်အခြေအနေများကို သင်ခန်းစာဖော်ထုတ်၍ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုအပ်သောဘိလပ်မြေများကို စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၇)အထည်စက်ရုံခွဲ(ဝမ်းတွင်း) သို့ရောက်ရှိပြီး ငလျင်လှုပ်ခတ်မှုကြောင့် စက်ရုံအတွင်း ပျက်စီးခဲ့သည့်အဆောက်အအုံများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြိုကျခဲ့သည့် အဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနိုင်ရေး စီမံဆောင်ရွက်ရန်နှင့် ဘေးအန္တရာယ်မဖြစ်ပွားစေရေး သတိပြုဆောင်ရွက်ရန်၊ အန္တရာယ်ရှိ အဆောက်အအုံများကိုလည်း သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားရန်၊ ငလျင်လှုပ်ခတ်စဉ်ထိခိုက်ဒဏ်ရာရရှိခဲ့သည့်ဝန်ထမ်းများအား ကျန်းမာရေးကောင်းမွန်သည်အထိ ဆေးဝါးကုသမှုရရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

## မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)မှ မန္တလေး၊ စစ်ကိုင်း ငလျင်ဒဏ်သင့် ပြန်လည်ထူထောင်ရေးအလှူငွေများလှူဒါန်း

နေပြည်တော် ဧပြီ ၂၁

မန္တလေးနှင့် စစ်ကိုင်းမြို့တို့တွင် ငလျင်ဒဏ်သင့်နေရာဒေသများသို့ ယနေ့တွင် သွားရောက်လေ့လာကြည့်ရှုပြီး အသင်းဥက္ကဋ္ဌ ဦးတင်ဦးနှင့် အလုပ်အမှုဆောင်အဖွဲ့က အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

မန္တလေး မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အဖွဲ့ဝင်များ၊ မိသားစုများက ငွေကျပ် သိန်း ၁၀၀၊ ဗြဟ္မစိုရ်ပရဟိတအသင်းသို့ ငွေကျပ်သိန်း ၁၂၀၊ ကိုးကန့်ဗုဒ္ဓဘာသာကျောင်းအတွက် ငွေကျပ် သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ သာသနိကအဆောက်အအုံများ၊ ဘုရားစေတီများ၊ စစ်ကိုင်းတောင်ရိုး သီတဂူသာသနာပြုအဆောက်အအုံများ နေရာတို့အား လှည့်လည်ကြည့်ရှု၍ သီတဂူဆရာတော်ကြီးထံ ဘက်စုံပြုပြင်ရန် မိသားစုများ စုပေါင်းဒါနငွေကျပ် ၃၈၄ သိန်း လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)




## ၂၀၂၅ ခုနှစ် ဧပြီလ(တတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဧပြီ ၂၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၃ ဒီဂရီဖာရင်ဟိုက်မှ ၈၃ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၄ ဒီဂရီဖာရင်ဟိုက်မှ ၉၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ၉၅ ဒီဂရီဖာရင်ဟိုက်မှ ၁၀၅ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၄၅ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၀ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၆၂ ရာခိုင်နှုန်းမှ ၇၃ ရာခိုင်နှုန်းအတွင်း၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၇၄ ရာခိုင်နှုန်းမှ ၈၄ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၃၄ မီလီမီတာမှ ၄၃ မီလီမီတာအတွင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၄၄ မီလီမီတာမှ ၅၃ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၅၄ မီလီမီတာမှ ၆၃ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီးတွင်(စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

(မိုး/ဇလ)

# မိုးမှာကျူးရင့် ပွင့်မည့်ပန်း

မောင်လတ်(ကမ်းရိုးတန်း)

အရုဏ်ဖူးစ၊ ရွှေရည်မြသား
ပတ္တမြားရည် စီးထွေလည်ကာ
ရောင်နီခင်းဖြန့် အလင်းဆန့်ခဲ့။

မှန်ပါသည်။ အရုဏ်ဝင်းမြတ် လင်းလက်ခဲ့ပြီပေါ့။ အလင်းသည် ခွန်အားဖြစ်ပါ၏။ ငှက်ကလေးများမြူးကြ၏၊ ပန်းကလေးများဖူးကြ၏၊ ပွင့်ကြ၏။ တကယ့်အရှိတရားပင်၊ အညွန့်အဖူးအပွင့်တို့၏ အလွန့်၊ အလှူး၊ အကူး၊ အထ၊ အဦး၊ အစ ရွှန်းမြခြင်းပင်တည်း။ ရှင်သန်ခြင်း၊ ပျိုမျစ်ခြင်း၊ ကြည်လင်ခြင်း၊ သာယာခြင်းတည်းဟူသည့် အလှဗေဒတို့ဖြင့် ထုံမွှေးနေပါ၏၊ မိုးပြင်မှာ ပြာလဲ့လဲ့ဖျော့ဖျော့၊ လေအနေ့ဝယ် အထိအတွေ့မှာ လန်းလန်းမွှေ့မွှေ့ ချမ်းချမ်းမြေ့မြေ့ရှိလှပါ၏။

ရာသီမှာ နွေအဦး၊ မြင်ကွင်းအရတော့ ပြန့်ပြန့်ပြူးပြူးပင်၊ ကွန်ကရစ်သားခင်း လေယာဉ်ပြေးလမ်းတစ်ခုဖြစ်၏။ လေယာဉ်ရုံများနှင့် ရပ်နားထားသည့် လေယာဉ်/ရဟတ်ယာဉ်များမှာ သက်ငြိမ်ပန်းချီကားတစ်ချပ်နှယ်၊ ခပ်လှမ်းလှမ်း အတွင်းဘက်ကျကျတွင် ထီးထီးမားမား အရိပ်ကောင်းလှသည့် ပိတောက်ပင်ကြီးက အထင်းသား၊ ထိုစဉ် ကျွန်တော့်မြင်ကွင်းအတွင်း ဝင်လာနေသည်က အပြာရောင်ကလေးများ၊ လှုပ်ရှားမှုအနေနှင့်တော့ စနစ်တကျရှိလှပါ၏။ ဟော ကြည့်ရင်း ကြည့်ရင်းနှင့်ပင် အစုအဝန်းလေးဖြစ်သွားပြီး မိုးပြင်ဝယ်လွင့်မျောလာသည့် တိမ်ပန်းဖူးပွင့်လေးများပမာပင်တည်း။

စင်စစ်လေကြောင်းလူငယ်မောင်မယ်လေးများပင်ဖြစ်ပါ၏။ အပြာရင့်ခံ ကြည်ပြာစုံပြီး လည်စည်းပဝါဦးထုပ်ပြာ၏ တန်ဆာဝတ်ဆင် ထူးသစ်လွင်မို့ မိုးမြင့်နောက်ခံ တက်ကြွမာန်လျှင် ငှက်သွင်ပျံကြွမတတ်

**❖ တပ်မတော်(လေ)၏ လေကြောင်းပညာရပ်အမွေဖြန့်ဝေခြင်းအဆင့်အတန်းမှာ ယနေ့ဆိုလျှင် အတော်အတန် ခရီးပေါက်ခဲ့ပြီဟု ဆိုချင်ပါ၏၊ ဆိုလောက်ပါ၏။ လက်ရှိ လေကြောင်းပညာနယ်ပယ်တစ်ခွင်ဝယ် ဝန်ထမ်းတာဝန်ပညာရှင်များအဖြစ်တွေ့လာနေရပြီဖြစ်၏။ အနာဂတ်ကို ပိုင်ဆိုင်ထားသည့် လူငယ်တို့အနေဖြင့် ကျိုးကြောင်းဆင်ခြင် မြော်မြင်ကြည့်စေလိုပါသည်။ ထိုအခါ သူတို့၏ဘဝရည်မှန်းချက်များ ခိုင်မာလာမည်၊ စိတ်ဓာတ်ခွန်အားပြည့်လာမည်။ ပညာရပ်ဆိုင်ရာအသိ စွဲငြိခြင်းနှင့်အတူ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားတတ်လာပေလိမ့်မည်။**

သော် ဟုပင်ဆိုချင်သည်။ ဆိုလောက်ပါသည်။ ကျွန်တော်ခံစားမိသော အဖွဲ့အနွဲ့ပါ၊ ကြည့်လေဝတ်စားဆင်ယင်မှုမှာ အပြာရောင်တစ်မျိုးတည်းကို တစ်လွှာချင်းခွဲကာ အနုအရင့်ဆင့်ကာ ပိုင်းဆစ်ကွဲပြားဆန်းသစ်မှုကို ဖြစ်စေတန်ရာ၏၊ အပြာရောင် မူလသဘောမှာ အေးချမ်းတည်ငြိမ်ခြင်း ဖြစ်စေရာ အရောင်၏ဆွဲဆောင်မှုကို ပါးပါးလှပ်လှပ် ဆွဲယူပြလိုက်သည့်နှယ် စွဲမက်ဖွယ်ဖြစ်စေ၏။ နှစ်ခြိုက်ဖွယ်ဖြစ်စေ၏၊ တကယ်တော့ အရောင်၏လျှို့ဝှက်သောညို့ဓာတ်သဘော သက်ဝင်စွဲထင်နေခြင်းပင်မဟုတ်ပါလား။

သူတို့၏သဏ္ဍာန်မှာ နုပျိုခြင်း၊ လန်းဆန်းခြင်း၊ အားမာန်ပြည့်ဝခြင်းတို့အပြင် စူးစမ်းလိုစိတ်များ အတိအကျရှိနေပါလိမ့်မည်။ သူတို့ သူတို့၏ မျက်နှာပြင်ဝယ် ဆန္ဒနှင့်ရည်ရွယ်ချက် ထပ်တူမျှညီနေခြင်းသဘော အရိပ်အယောင်များ တွေ့မြင်ထင်ဟပ်နေခဲ့ပြီဟု ဆိုလောက်ပါ၏၊ ဆိုနိုင်ပါ၏။ သူတို့သည် လူငယ်များဖြစ်ကြသည်ကို၊ ဆယ်ကျော်သက်ရွယ် ဆယ့်လေးနှစ်မှ ဆယ့်ရှစ်နှစ်ခန့်ဝန်းကျင်၊ ပညာအရည်အချင်းမှာ Grade-9 မှသည် Grade-12 အဆင့်ထိ ဖြစ်ပေလိမ့်မည်။ လူငယ်ဆိုတော့ ရိုးသား၏၊ ပွင့်လင်းပါ၏၊ အနာဂတ်ကျယ်ပြောပါ၏၊ အိမ်မက်ဦးနှင့်ပန်းခူးနိုင်ပါ၏၊ ပန်းနှယ်တူမျှနုမြပါ၏၊ အနွမ်းကိုတော့ဖြင့် ငုံ့မခံ၊ အကြမ်းကို လှန်ကာကြောက်ရွံ့မှုကို မမှန်ကန်ဟု သူတို့ယူဆပေလိမ့်မည်။ နောက်မတွန့်တတ်သည့် စိတ်ကလေးရှိခြင်းကဖြင့် လေးစားစရာပင်၊ ဤသည်မှာ လူငယ်တို့၏ဘဝရုပ်ပုံလွှာစစ်စစ်ပင်ဖြစ်ပါ၏။

သူတို့ခံယူထားသည်မှာ "လေကြောင်းလူငယ်" တဲ့ ပညတ်နှင့်ဓာတ်သက်ညီမျှခြင်း၊ အရင်းအမြစ်၊ အညွန့်အဖူးရွယ်ရည် လူငယ်မည်၏။ ပညာရပ်နယ်ပယ်နှင့်ယှဉ်ကာ ဖွင့်လှစ်လိုက်သည့် တံခါးတစ်ချပ်ပင်၊ တကယ်လည်း လေကြောင်းပညာရပ်အပေါ် ဇဟိုပြုခြင်း၊ လေ့လာဆည်းပူးသင်ကြားခြင်း၊ နာယူမှတ်သားခြင်း စသည်တို့ဖြင့် စိတ်ပါဝင်စားမှုအာသီသကို ဆန့်ထုတ်ကြည့်ခြင်းပင် ဖြစ်ပေလိမ့်မည်။ ဤစိတ်ဓာတ်လေးကပင် ချစ်ခင်စရာ၊ နွေရာသီကျောင်းပိတ်ရက်ကို အချည်းနှီးမဖြစ်စေဘဲ ဤပညာရပ်နယ်ပယ်အဝန်းအဝိုင်းအတွင်း တိုးဝင်ကြည့်ချင်သိမြင်လိုလားသည့် သူတို့၏ မနောမယ သဘောသဘာဝကပင် တန်ဖိုးကိုဖြစ်စေတန်ရာ၏။ တန်ဖိုးဟူသမျှ အလုပ်ကဖန်တီးသည်ဟူသော အဆိုအရကြည့်လျှင်တော့ ဤပညာရပ်နှင့် ဤပညာရပ်အပေါ် သက်ဝင်ယုံစားဆည်းပူးလာကြသည့် သူတို့လေးတွေအပေါ်တွင်သာ တည်မှီနေပါလိမ့်မည်။

ပညာရပ်အနေဖြင့် နောက်ခံပုံရိပ်သည် ကြီးမားလွန်းပါ၏၊ ထုထည်ဖြင့် ဟီးနေပါ၏၊ သမိုင်းခိုင်မာလှပါ၏၊ ဂုဏ်ရည်ချင်း ပြည့်ဝင်းနေပါ၏၊ သည်တော့ ဤမျှကြီးမားသည့် ဂုဏ်ဒြပ်နှင့်ဆင့်ထပ်ပုံရိပ်ကို ဖွင့်ကြည့်သောအခါ ယနေ့နိုင်ငံတော်၏ စစ်လက်ရုံးဖြစ်သည့် တပ်မတော်(လေ)၏ ပကတိအသွင်ဖြစ်နေပါ၏။ တပ်မတော်(လေ)ခံယူထားသည့် ဆောင်ပုဒ်မှာ "တက်နိုင်ဖျားရောက်" တဲ့။ ဤခံယူချက်ဖြင့် လေကြောင်းပညာရပ်ကို ထဲထဲဝင်ဝင် ခိုင်မြဲကိုင်စွဲကာ နိုင်ငံတော်၏ပိုင်နက်ဝေဟင်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေခြင်းပင်ဖြစ်သည်။

ဤတာဝန်ကို ထမ်းဆောင်လာခဲ့သည်မှာလည်း နှစ် ၈၀ နားနီး သံမဏိမော်ကွန်းပင်ထူနိုင်ခဲ့ပြီ၊ သမ္မာရင့်ခဲ့ပြီ၊ ဤပညာရပ် ပြန့်ပွားရေးဆောင်ရွက်လိုသည်။ အမွေခံအမွေကောင်းမျှဝေချင်သည်၊ ဆန့်ထွက်ဖြန့်ကြက်စေချင်သည်၊ ယင်းတို့မှာ တပ်မတော်(လေ)၏ ဆန္ဒမွန်ပင်ဖြစ်ပါ၏။ ကွန်ရက်အခင်းအဖြန့်အနေဖြင့် ဆောင်ရွက်လာခဲ့သည်မှာလည်း နှစ်အတော်ကြာခဲ့ပြီဖြစ်သည်။ ယုတ်စွအဆုံး ၁၉၅၄ ခုနှစ်ကပင် သင်တန်းအနေဖြင့် အစပြုခဲ့ကြောင်း မှတ်တမ်းခိုင်ခိုင်ရှိနှင့်ခဲ့ပါသည်။

သင်တန်းကို နှစ်စဉ် ဧပြီလဝန်းကျင်တွင် ဖွင့်လှစ်ရှိပါသည်။ တစ်ကြိမ်ကြိမ်တွင်တော့ နှစ်၊ လ၊ ရက်အနေဖြင့် အပြောင်းအလဲ ရှိကောင်းရှိပါမည်။ အကြောင်းကြောင်းအရဖြစ်မည်၊ သို့သော်သင်တန်းအစီအစဉ်ကဖြင့် ရှိမြဲဟုပင်ပြောရပေလိမ့်မည်။ သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ခန့်ဖြစ်ပါ၏။




အခြေခံနှင့်တန်းမြင့် သင်တန်းနှစ်မျိုးပါဝင်သည်။ သင်တန်းစခန်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းများတွင် ဖွင့်လှစ်ရန်ဖြစ်၏။

ကျွန်တော်သည် ပုရစ်ဖူးဝေသည့် နှစ်ဦးနွေဧပြီလအတွင်း မိတ္ထီလာမြို့ကလေးသို့ အမှတ်မထင်ရောက်ရှိနေခဲ့ခြင်းဖြစ်သည်။ နွေသရုပ်ဝယ် ကံ့ကော်တို့ ရွှေရည်သောက်ကာ ပိတောက်တို့ ရွှေရည်လိမ်းကျံပေရော့မည်၊ အညာဒေသအမှတ်သညာ တမာအညွန့်အဖူးဝေဆာမြူးချိန်ပေါ့၊ တစ်ခုသော လေတပ်စခန်းဌာနချုပ်အတွင်း ကျွန်တော်ရောက်ရှိစဉ်မြင်တွေ့ရသည့်မြင်ကွင်းအမြင်မှာ အရောင်အသွေးယှဉ်လျက်လန်းနေသည်။ အဝါထဲက အပြာဖြစ်၏၊ တန်ခူးမာလာပန်းရွှေဝါတို့နှင့် အပြိုင် အားမောင်းဆိုင်နေကြသည့် လေကြောင်းလူငယ်မောင်မယ်များ၏ သင်တန်းစခန်းပင်တည်း။ လေကြောင်းပညာရပ်အခြေခံမှသည် တန်းမြင့်စသည့် အနှစ်သာရပိုင်းကို စတင်တွေ့သိလေ့လာခွင့်ရခဲ့ကြလေပြီ၊ ကောင်းမြတ်သည့် မနသီစိတ်ဝမ်းဖြင့် ခံစားမှုအတွေးတို့ ဆင့်ထပ်ဆန့်ထွက်လာစေပြန်သည်။

စင်စစ် သူတို့သင်ကြားခွင့်ရရှိခြင်းမှာ မဟာအခွင့်အရေးပင်ဖြစ်ပါ၏။ သင်တန်းဆိုင်ရာဘာသာရပ်များမှာ အလွန်တန်ဖိုးကြီးလှပါသည်။ ပြင်ပတွင် သင်ကြားခွင့်မရနိုင်သည့် ပညာပိုင်းဆိုင်ရာများမို့ သူတို့အလွန်ကံကောင်းကြပေသည်ဟုပင် ပြောရပေလိမ့်မည်။ ယနေ့ခေတ်တွင် လေကြောင်းပညာရပ်၏ အရှိန်အဝါသည် အားကောင်းမောင်းသန် ရေချိန်မြင့်မားနေပါ၏။ လေးညို့မှလွှတ်လိုက်သည့် မြားတစ်စင်းနှယ် မြင့်သထက်မြင့် ချွန်သထက်ချွန်လာနေလေပြီ။ အိုင်တီ၊ အီးတီခေတ်မှသည် အေအိုင်နည်းပညာတိုင်ခဲ့ပြီ။ ဆိုလိုသည်မှာ ပညာနယ်အကျယ်အပြန့် ဖလှယ်အဖြန့်တွင် မောင်းသူမဲ့လေယာဉ်ပင်ဖြစ်လာပါ၏။ ခေတ်ရေစီးမြန်နှုန်းတွင် ဆန်တက်မှုမှာလည်း အရှိန်အဟုန်မြင့်ဖြစ်လာနေလေပြီ။ ထိုအခါ ပညာဉာဏ်စွမ်းယှဉ်ကာ ပြန်တွန်းနိုင်မှ လိုက်မီရုံဖြစ်လာနိုင်သည်။ ယနေ့နိုင်ငံတော်အကြီးအကဲကိုယ်တိုင်ပင် စိတ်ဝင်တစားစောင့်ကြည့်လာသည့် နေရာတစ်ခု အနေအထား ရပ်တည်ရောက်ရှိနေပြီမို့ ပညာရပ်ဆိုင်ရာ အတွန်းအဖွင့်များအနေဖြင့် အခွင့်အလမ်းတွင် အမြင့်အခန်းမသေးလှတော့ပေ။

စာမျက်နှာ ၁၃ သို့ ■

■ စာမျက်နှာ ၁၂ မှအဆက်

ပညာရပ်ဆိုင်ရာ အတွန်းအဖွင့်ဟု ဆိုလိုသည်နှင့် သမိုင်းပုံရိပ်၊ ခေတ်ပုံရိပ်တို့ ထင်သာမြင်သာဖြစ်စေလိုပါ၏။ မနေ့ကသည် အတိတ်သမိုင်းပုံရိပ်ဖြစ်ခဲ့ပြီး ယနေ့နှင့် မနက်ဖြန်သည် ပစ္စုပ္ပန်နှင့် အနာဂတ်တွဲနေသည်မို့ ဖြစ်တည်မှုနှင့် ပြောင်းလဲခြင်းသဘော ခေတ်ပုံရိပ်ဟု ကျွန်တော်မြင်၏။ ဆိုလိုသည်မှာ ပညာရပ်ဆိုင်ရာ တီထွင်ဖန်တီးမှုများသည် အဆင့်ဆင့်မြင့်တက်မှုဖြစ်စဉ်အရ အသစ်အသစ်တို့ဖြစ်ထွန်းလာမြဲ၊ ဤသည်မှာ သမိုင်းပုံရိပ်နှင့် ခေတ်ပုံရိပ်တို့၏ ပွတ်တိုက်မှု အသီးအပွင့်များဟုပင်ဆိုနိုင်ပါ၏။ ဆိုနိုင်လောက်ပါ၏။ ကောင်းသော၊ ပိုကောင်း၊ အလွန်ကောင်း စသည့် အတန်းအဆင့်များစွမ်းအားပေါ့၊ ပြောင်းလဲခြင်းစက်ဝန်း အတွင်းမှ ပညာရပ်ဆိုင်ရာအတွန်းအဖွင့်နှင့် တည်ဖြစ်ရပ်ဝတ္ထုပစ္စည်းများ၏ သက်ရောက်မှုပင်တည်း။ မည်သို့ပင်ရှိစေ မျိုးဆက်ချင်းတန်းညှိကာ လှမ်းကြည့်မြင်နိုင်စွမ်းရှိရပါမည်။ မျိုးဆက်အမွေဆင့်ကမ်း လမ်းဖွင့်ပေးခဲ့ရမည်။ လေ့ကျင့်ပြုစု ပျိုးထောင်မှုပြုပေးခဲ့ရပါမည်။ ယင်းသည် သမိုင်းပေးတာဝန်ဆိုခြင်းထက် လူ့အသိုက်အဝန်းဆိုင်ရာ ကိုယ်ကျင့်တရားအဖျားအချွန် ယုံကြည်မှုတံခွန်ပင်ဖြစ်ပါ၏။

တပ်မတော်(လေ)၏ လေကြောင်းပညာရပ်အမွေဖြန့်ဝေခြင်း အဆင့်အတန်းမှာ ယနေ့ဆိုလျှင် အတော်အတန်ခရီးပေါက်ခဲ့ပြီဟု ဆိုချင်ပါ၏၊ ဆိုလောက်ပါ၏။ လက်ရှိ လေကြောင်းပညာနယ်ပယ်တစ်ခွင်ဝယ် ဝန်ထမ်းတာဝန်ပညာရှင်များအဖြစ် တွေ့လာနေရပြီဖြစ်၏။ အနာဂတ်ကို ပိုင်ဆိုင်ထားသည့် လူငယ်တို့အနေဖြင့် ကျိုးကြောင်းဆင်ခြင် မြော်မြင်ကြည့်စေလိုပါသည်။ ထိုအခါ သူတို့၏ဘဝရည်မှန်းချက်များ ခိုင်မာလာမည်၊ စိတ်ဓာတ်ခွန်အားပြည့်လာမည်။ ပညာရပ်ဆိုင်ရာအသိစွဲငြိခြင်းနှင့်အတူ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားတတ်လာပေလိမ့်မည်။

မြန်မာကဗျာဆရာကြီးတစ်ဦးကမူ “ကောင်းကင်ကြီးဟာ ကျောက်သင်ပုန်းကြီးပေါ့ ကြယ်ဝလုံးတွေရေးရမယ်” ဟု ပညာအခွင့်ထူးစေဖို့ ကဗျာညွှန့်ဖူး ဖွဲ့ဆိုခဲ့ဖူးပါသည်။ စင်စစ် ပညာရဲရင့် အတွန်းအပင့် အညွှန်းအဖွင့်မို့ လက်ခံရမည့် အလင်္ကာစာသားလေးပင်ဖြစ်ပါ၏။ မှတ်သားနာယူသင့်ပါ၏၊ ပညာ၏ အတန်းအဆင့်ကို အခန်းအခွင့်ယှဉ်ကာ အလှမ်းအမြင့် တံတားခင်းပြလိုက်ခြင်းပင်တည်း။ တကယ်လည်း မိုးကောင်းကင်တိုင် လှမ်းနိုင်လောက်သည့် ပညာအညွှန့်အဖူး ခူးဆွတ်ရန် စေတနာလမ်းညွှန်ဟု ဆိုလောက်ပါ၏။

လေကြောင်းပညာရပ်တွင် အသိပညာ၊ အတတ်ပညာစသည်ဖြင့် နှစ်ပိုင်းနှစ်ရပ်ပါဝင်နေသည်ဖြစ်ရာ လေ့လာလိုက်စားဆည်းပူးခြင်းရှိလာသောအခါ နယ်ပယ်အလိုက် ဆန့်ထုတ်ဖြန့်ကြက်မှု၊ အဝန်းအဝိုင်းကျယ်ပြောမှု ဝိသေသကိုတွေ့လာရမည်။ အရှည်အချင်းနှင့်အရှည်အသွေးဟူသည့် ပညာနိဿယများနှင့် နီးကပ်မှုရှိလာမည်။ ထိတွေ့ကျွမ်းဝင်လာမည်။ ဖြည့်ဆည်းနိုင်ပါမှ လူချွန်လူမွန်ဖြစ်လာမည်၊ စာရေးဆရာ ဆရာကြီးတက်တိုး၏ အဆိုမှာ အရှည်အချင်းသည် “အပေါ်ဂုဏ်”၊ အရှည်အသွေးမှာ “အတွင်းဂုဏ်” ဟု အဓိပ္ပါယ်ဖွင့်ဆိုထားကြောင်းတွေ့ရသည်။ အရှည်အချင်းရှိသူတို့သည် အတတ်ပညာရှင်များဖြစ်၍ အရှည်အသွေးရှိသူတို့မှာ အသိပညာရှင်များဖြစ်ကြသည်။ ဤနှစ်မျိုးသည် ဆက်စပ်မှုလည်းရှိသည်ဟုဆို၏၊ အမြဲမပြတ် လေ့လာ၊ ဆည်းပူး၊ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရမြဲဖြစ်ရာ မိမိတို့ကိုယ်စားပြုရာ ပညာရပ်အလိုက် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဖြစ်လာနိုင်ပါ၏။

ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေသည်မှာ သဘာဝ၊ မျိုးဆက်ဟောင်းများနေရာတွင် မျိုးဆက်သစ်များဝင်လာမည်မှာ ပဓာန။ အခြေခံသဘောညီမျှခြင်း၊ အကြောင်းကိုသိခြင်း သီဝရီ၊ ယခုကာလကိုပင်ကြည့် အချိန်ကောင်း၊ အခါကောင်းအဖြစ် တွေ့ရပြန်သည်။ ပုရစ်ဖူးတို့ သစ်ထူးဝေစည်သည့်အခါရာသီ၊ ရွက်စိမ်းနုနုပင်တိုင်းစုသည့် နှစ်သစ်ကူးအခါရာသီ ဤရာသီကာလတွင် အညွန့်အဦးနှင့်တူသည့် လူငယ်တို့၏ လေကြောင်းလူငယ်သင်တန်းဖွင့်ပွဲနှင့် ကြုံကြိုက်နေသည်ဆိုပြန်တော့ အလွန်လှပသည့် အခင်းအကျင်းလေးဖြစ်နေပြန်သည်။ သဘာဝတရား၏တွန်းအားအလှအပများဖြင့် ခြယ်မှုန်းဝန်းရံထုံသင်းနေပါ၏။ လူ့ရင်းမြစ်အညွှန့်အဖူးတို့၏ ရင့်ကျူးတေးသံညံခဲ့ပြီပေါ့။ တစ်နည်းအားဖြင့်ဆိုလျှင် “လေကြောင်းစံပညာမြှင့်လို့ ရွှေမောင်းသံမင်္ဂလာအဖွင့်” ဟုပင် ပြောရပေလိမ့်မည်။

ကျွန်တော်ထင်ပါသည်။ လူငယ်သည် အညွှန့်အဖူးအသစ်အဦး အရုဏ်ဦးနှင့်အတူ ပွင့်လန်းလာသည့်ပန်း မိုးမှာကျူးရင့် ပွင့်မည့်ပန်းကလေးများပေါ့၊ သူတို့၏ ရှင်းသန့်သည့် နှလုံးသားနှင့် အနာဂတ်နိုင်ငံတော်ကို ထုဆစ်ပိုင်ခွင့်ရယူနိုင်ရန် အခွင့်သာခဲ့လေပြီ။ ယင်းသို့ ထုဆစ်ရန်လည်း သူတို့တွင် ခွန်အားစွမ်းရည်၊ အမွေခံပညာရပ် ဆင့်ထပ်ပြည့်စုံ ခိုင်လုံစေသည့် မျှော်လင့်မှုကရှိနေပြီဆိုတော့ ကျွန်တော်ယုံကြည်နေပါသည်။ သူတို့သမိုင်းကို သူတို့ ကောင်းကောင်းရေးထိုးနိုင်လိမ့်မည်ဟု။ ဟော ကြည့်ရင်း ကြည့်ရင်းမှာပင် သူတို့ရှေ့တွင် သူတို့မိတ်ဆွေပန်းကလေးတွေပေါ့၊ အဖူးအပွင့်စုံလင်စွာဖြင့် အခင်းအဖြန့်၊ တစ်ပုံတစ်ပင် ကြိုနေကြပြီ၊ ယင်းသည် နိုင်ငံ၏အနာဂတ်ပန်းခင်းဆိုလျှင် ကျွန်တော်ကျေနပ်ပါသည်။ ။

# အမွေကောင်းနဲ့ လေကြောင်းလူငယ်

❖ ကြယ်ပြာလဲ့ အာကာတစ်ခွင်
မြေပြင်နယ်တစ်ဝှမ်း။
ငှက်များနယ် ပုံသဏ္ဍာန်နဲ့
နန်းဆန်ကာ ဝင်ထွက်သွား
လှုပ်ရှားချင်စွမ်း။

❖ ယုံကြည်ရာ တူရွယ်သူမို့
လူငယ်တို့ ဖော်ခင်ဆွေ
ပျော်ဝင်နေရင်ထဲ။
စူးစမ်းကာ လေ့လာကြည့်ပေါ့
ကူးသန်းကာ တွေ့ရှာအသိနဲ့
နှိုင်းညှိကိုင်စွဲ။

❖ အဆွေပေါင်းဖွဲ့ မှီချင်စရာ
အမွေကောင်းတဲ့ ပြည်ခွင်မြန်မာ
လေကြောင်းဖွဲ့ သည်ပညာ။
တို့လူငယ် တို့ရွယ်လှမ်းမယ်တဲ့
သို့လူရွယ် သို့နယ်ထမ်းမည်ပါ့
မှန်းရွယ်မိတာ။
အတတ်အသိ ဆန်းတစ်ခေတ်မှာ
စွမ်းသစ်ပါတဲ့ အရည်သွေး
ကျွမ်းချစ်စရာကွယ့် သည်အတွေး။
ခေတ်သိပွဲ အမြင့်အလှမ်းမှာ
အဆင့်တန်းမီ အယူအရွယ်တွေနဲ့
လူငယ်တွေ သည်ပညာရပ်ကို
သင်မှတ်ကာ အားမောင်းပြိုင်လို့
နိုင်ငံတော်ရွှေတစ်ခေတ်ကို
ထုဆစ်စို့လေး။ ။

**မောင်လတ်(ကမ်းရိုးတန်း)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၄-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၄၀ | ၂၈၅၅ | ၂၈၂၀ | ၂၇၅၅ | ၂၈၆၀ | ၂၈၇၅ | ၂၈၉၀ | ၂၈၁၀ | ၄၅၀၅ | ၃၁၀၅ | ၂၈၃၀ | ၂၈၃၀ | ၂၉၀၀ | ၂၈၆၅ | ၂၈၈၅ | ၃၁၄၅ |
| 95 Ron | ၂၈၀၀ | ၂၉၁၀ | ၂၈၇၅ | ၂၈၁၀ | ၂၉၂၀ | ၂၉၃၅ | ၂၉၅၀ | ၂၈၇၀ | ၄၅၆၀ | ၃၁၆၀ | ၂၈၈၅ | ၂၈၈၅ | ၂၉၅၅ | ၂၉၂၀ | ၂၉၄၅ | ၃၂၀၀ |
| HSD (500 ppm) | ၂၃၉၀ | ၂၅၀၅ | ၂၄၇၀ | ၂၄၀၅ | ၂၅၁၀ | ၂၅၂၅ | ၂၅၄၅ | ၂၄၆၅ | - | ၂၇၅၅ | ၂၄၈၀ | ၂၄၈၀ | ၂၅၅၀ | ၂၅၁၅ | ၂၅၄၀ | ၂၇၉၅ |
| HSD (50 ppm) | ၂၉၆၀ | ၃၀၇၅ | ၃၀၄၀ | ၂၉၇၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၁၅ | ၃၀၃၀ | ၄၈၃၀ | ၃၃၂၅ | ၃၀၅၀ | ၃၀၅၀ | ၃၁၂၀ | ၃၀၈၅ | ၃၁၀၅ | ၃၃၆၅ |
| HSD (10 ppm) | ၂၉၆၀ | ၃၀၇၅ | ၃၀၄၀ | ၂၉၇၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၁၅ | ၃၀၃၀ | - | ၃၃၂၅ | ၃၀၅၀ | ၃၀၅၀ | ၃၁၂၀ | ၃၀၈၅ | ၃၁၀၅ | ၃၃၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၇၉ | ၂၆၆၄ |
| 95 Ron | ၂၆၃၄ | ၂၇၂၁ |
| HSD (500 ppm) | ၂၂၄၁ | ၂၃၁၆ |
| HSD (50 ppm) | ၂၇၉၂ | ၂၈၇၈ |
| HSD (10 ppm) | ၂၇၉၂ | ၂၈၇၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၂-၄-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၈:၀၀ နှလုံးသားဝယ် ဘုရားတည်
၂။ ၁၁:၅၀ လှပကျွန်းမာ
၃။ ၁၄:၅၀ Speech On Air
၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း
၅။ ၁၇:၀၀ ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ
၆။ ၂၁:၂၀ Memory Box

# ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့်အလှူပစ္စည်းများလှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း































၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့်လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Money တို့၏ QR များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃)တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှ ခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကိုဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့်ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှတစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း (Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018)သို့လည်း အောက်ပါနည်းလမ်းများဖြင့်လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

**– SWIFT CODE** **– MYEBMMMY**

**– Beneficiary Name** **– Natural Disaster Management Fund**

**– Beneficiary A/C No** **– EDN-600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့်အလှူပစ္စည်းများလှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅)လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# သန်လျင်မြို့နယ် ဖားကူးအနောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေများထုတ်ချေး

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖားကူးအနောက်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို ဧပြီလ ၂၁ ရက်တွင် ထုတ်ချေးပေးကြောင်း သိရသည်။

ရှေးဦးစွာ သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မြတ်မော်က ဖားကူးအနောက်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသူ၊ အသင်းသားများနှင့်တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ်သိန်း ၄၅၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဖားကူးအနောက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ရေလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၆ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် သိန်း ၄၅၀ အား တစ်ဦးချင်းလက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်ခိုင်**

# ကြံခင်းမြို့နယ်၌ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေး သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) စုပေါင်းကြဲပက်



ကြံခင်း ဧပြီ ၂၁

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်၌ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေး သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) စုပေါင်းကြဲပက်ခြင်းကို ဧပြီလ ၂၀ ရက်က တလိုင်းကွင်းအုပ်စု ကွင်းအမှတ်(၄၁) ဦးသိန်းရွှေ၏လယ်မြေနှစ်ဧကတွင်ကျင်းပရာ ခရိုင်/မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဌာနမှ ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) စုပေါင်းကြဲပက်ရာတွင် ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်၊ မြို့နယ်စိုက်ပျိုးရေးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများက တလိုင်းကွင်းအုပ်စု ကွင်းအမှတ် (၄၁) ဦးသိန်းရွှေ၏ လယ်မြေနှစ်ဧကနှင့် ကွေ့မကျေးရွာအုပ်စု ချောင်းခွကျေးရွာ ဦးပိုင်အမှတ် (၃၃၂) ကွင်းအမှတ်(၄၆) တောင်သူဦးဇော်မင်းနိုင်၏ လယ်မြေသုံးဧကတို့၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) စုပေါင်းကြဲပက်ပေးကြသည်။

အလားတူ သဲဖြူကျေးရွာအုပ်စု ကွင်းအမှတ် (၅၂) လေးကြီးကွင်းရှိ တောင်သူဦးစိုးငွေး၏လယ်မြေတစ်ဧကနှင့် တောင်သူဦးအောင်ချိုဦး၏ လယ်မြေတစ်ဧကတို့တွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)များ ကြဲပက်လျက်ရှိကာ အဆိုပါသစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ကြဲပက်ခြင်းကြောင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရန်၊ မိုးစပါးတစ်ဧက အထွက်နှုန်းတိုးတက်လာစေရန်နှင့် ဓာတ်မြေဩဇာသုံးစွဲမှုကိုလျှော့ချနိုင်ကာ သဘာဝပတ်ဝန်းကျင်ရှိ မြေဆီလွှာ၊ ရေတို့တွင် ဓာတုအဆိပ်သင့်မှုလျော့နည်းစေ၍ မြေဆီလွှာ၏ ချဉ်ငန်ဓာတ်ကိုလည်း ထိန်းညှိပေးသည့် အကျိုးကျေးဇူးများစွာရရှိနိုင်ကြောင်း သိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

# ထန်းတပင်မြို့နယ်၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်


ရန်ကုန် ဧပြီ ၂၁

မေလ ၅ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်မီးသတ်ဦးစီးဌာနမှ ပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ပြည်သူ့အကျိုးပြုသန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို ဧပြီလ ၂၀ ရက်တွင် မြို့နယ်အတွင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေရာတွင် ထန်းတပင်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမိုးမင်းအောင်ဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ထန်းတပင်မြို့ဈေးတွင် ဈေးသူ၊ ဈေးသားများနှင့် ရပ်ကွက်နေပြည်သူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

ဆက်လက်၍ ထန်းတပင်မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမိုးမင်းအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းကုန်းကျေးရွာ သမိုင်းဝင်ရွှေမော်ဖြူဘုရားကြီး၏ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

ထန်းတပင်မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း မီးလောင်မှုမဖြစ်ပွားစေရေး၊ ပြည်သူလူထု မီးဘေးလုံခြုံရေးနှင့် အသိပညာပြန့်ပွားရေးကို ဆောင်ရွက်လျက်ရှိကာ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်စေရေးအတွက်လည်း မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်းစနစ်များသရုပ်ပြသခြင်းကို ရပ်ကွက်၊ ကျေးရွာနေပြည်သူများအား အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**




# ညောင်တုန်းမြို့နယ်၌ ဒေသထွက်မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

ညောင်တုန်း ဧပြီ ၂၁

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ဒေသထွက်မုန်လာဥဖြူများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ်မှ ဟင်းသီးဟင်းရွက်မျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ခင်ခင်၏ပြောပြချက်အရ သိရသည်။

လက်ရှိတွင် ညောင်တုန်းမြို့နယ်၌ ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် မုန်လာဥဖြူများ ထွက်ရှိနေပြီး အဆိုပါဒေသမှထွက်ရှိသည့် မုန်လာဥဖြူများ တစ်ရက်လျှင် ပိဿာ ၃၅၀၀ မှ ၄၀၀၀ အထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။



"လက်ရှိ ညောင်တုန်းမြို့နယ်ကနေ ထွက်ရှိလာတဲ့မုန်လာဥဖြူတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ မုန်လာဥဖြူတွေက ဧပြီလပထမပတ်လောက်ကတည်းက စတင်အရောင်းအဝယ် ကောင်းနေတာဖြစ်ပါတယ်" ဟု ဒေါ်ခင်ခင်ကပြောသည်။

ညောင်တုန်းမြို့နယ်၌ ဒေသထွက်မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းမွန်နေသည့်အတွက် ကုန်စိမ်းရောင်းဝယ်သူများ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ ယာဉ်လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းကောင်းမွန်လျက်ရှိကြောင်း သိရသည်။ **သုတကျော်**

# ငလျင်ဒဏ်သင့်နေရာများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံက နေ့စဉ် တန် ၁၅၀၀ မှ တန် ၁၈၀၀ အထိ ထုတ်လုပ်လျက်ရှိ၊ ရေရှည်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်လည်း စီမံဆောင်ရွက်ထားပြီးဖြစ်

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် တောင်ဖီလာဒေသတွင် တည်ရှိသည့် Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံက ငလျင်ဘေးသင့်ခဲ့သောဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ပြည်သူများနှင့်ငလျင်ဘေးသင့်ဒေသများ အမြန်ဆုံးပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် တစ်နေ့လျှင် ဘိလပ်မြေတန် ၁၅၀၀ မှ တန် ၁၈၀၀ အထိ ပုံမှန်ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။



Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံမှ အထွေထွေမန်နေဂျာ ဒေါ်မွန်မွန်သက်




Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံမှ အရောင်းမန်နေဂျာ ဦးဝင်းဇော်

**Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံမှ အထွေထွေမန်နေဂျာ ဒေါ်မွန်မွန်သက်**

"မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့တဲ့






ငလျင်ကြောင့် ကျွန်မတို့စက်ရုံမှာ လျှပ်စစ်မီးရက်အနည်းငယ် ပြတ်တောက်ခဲ့ပါတယ်။ ဧပြီလ ၁ ရက်မှာ လျှပ်စစ်မီးရရှိတာနဲ့ တစ်ပြိုင်တည်း စက်ရုံထဲမှာရှိတဲ့ ထရန်စဖော်မာ ၁၅ လုံးကို လိုက်လံစစ်ဆေးပါတယ်၊ ဒီလိုစစ်ဆေးပြီးတာနဲ့ ဧပြီလ ၃ ရက်မှာ စက်ရုံတစ်ရုံလုံးပြန်လည်လည်ပတ်နိုင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်၊ အဲဒီလိုဆောင်ရွက်ပြီးတာနဲ့တစ်ပြိုင်တည်း နိုင်ငံတော်ရဲ့ ဘိလပ်မြေလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့အတွက် တာဝန်ရှိသူတွေရဲ့ လမ်းညွှန်မှုနဲ့အတူ ကျွန်မတို့ဝိုင်းဝန်းဆောင်ရွက်ခဲ့လို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုအပိုင်းကို ချက်ချင်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်"

"နေ့တိုင်း ဘိလပ်မြေတန် ၁၅၀၀ နဲ့ တန် ၁၈၀၀ ကြားထုတ်လုပ်နိုင်ဖို့ ကုန်ကြမ်းပြတ်လပ်မှုမရှိအောင် နှစ်အလိုက် စုစည်းသိုလှောင်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ထုတ်လုပ်မှုအပိုင်းနဲ့ပတ်သက်ပြီး အခက်အခဲမရှိပါဘူး။ နည်းပညာပိုင်းနဲ့ပတ်သက်ပြီး စက်အနည်းငယ်ချွတ်ယွင်းမှုရှိခဲ့ရင် ချက်ချင်းပြန်လည် လည်ပတ်နိုင်အောင် ပြည်တွင်းပြည်ပ ပညာရှင်တွေ စက်ရုံမှာ အမြဲအဆင်သင့်ရှိနေတဲ့အတွက် ရေရှည်ထုတ်လုပ်သွားဖို့ အဆင်ပြေပါတယ်"

လက်ရှိတွင် Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံမှထုတ်လုပ်သည့် ဘိလပ်မြေများကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဘေးသင့်ခဲ့သည့်ဌာနဆိုင်ရာများ၊ အစိုးရရုံးဌာနများ၊ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့သို့ ဦးစားပေးဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်းပြောပြသည်။

"စက်ရုံအနေနဲ့ ထုတ်လုပ်မှုအပိုင်းမှာ ဝယ်လိုအားလိုအပ်ချက် ပြည့်မီအောင် ထုတ်လုပ်နေရပေမယ့်လည်း ဘိလပ်မြေရဲ့အရည်အသွေးပိုင်းထိခိုက်မှုမရှိအောင်၊ သတ်မှတ်စံချိန်စံညွှန်းနဲ့အညီဖြစ်အောင် ပြည်တွင်းပြည်ပ ပညာရှင်များပါဝင်တဲ့ အရည်အသွေးစစ်ဆေးရေးအဖွဲ့နဲ့ နေ့စဉ်စနစ်တကျကြပ်မတ်စစ်ဆေးပြီး ထုတ်လုပ်လျက်ရှိပါတယ်။ တောင်ဖီလာဘိလပ်မြေစက်ရုံကို စက်စွမ်းအားပြည့်လည်ပတ်နိုင်မယ်ဆိုရင် တစ်နေ့ကို ဘိလပ်မြေ တန်ချိန် ၂၁၀၀ အထိ ထုတ်လုပ်နိုင်ပါတယ်။ ဒီလိုစွမ်းအားပြည့်စက်ရုံလည်ပတ်နိုင်အောင် စက်မှုဝန်ကြီးဌာနနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေရဲ့ပူးပေါင်းကူညီဆောင်ရွက်မှုနဲ့အတူ ပြည်ပပညာရှင်တွေကို ထပ်မံခေါ်ယူဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်"






နေပြည်တော် Max Cement ဘိလပ်မြေစက်ရုံအနေဖြင့် ထုတ်လုပ်မှုအပိုင်း လျော့ကျမှုမရှိစေရေးအတွက် ဝန်ထမ်းအင်အား ၄၀၀ ကျော်အပြင် ပြည်တွင်းပြည်ပ ပညာရှင်များဖြင့် ၂၄ နာရီပတ်လုံး လည်ပတ်လျက်ရှိကြောင်း၊ အရန်ဓာတ်အားအနေဖြင့် 2 KVA အရန်မီးစက် သုံးလုံးအသင့်ပြင်ဆင်ထားရှိပြီး စက်ရုံအရှိန်အဟုန်မပြတ်လည်ပတ်နိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် စက်ရုံအတွက်လိုအပ်သည့် စက်အရန်ပစ္စည်းများကိုလည်း အဆင်သင့်ဝယ်ယူစုဆောင်းထားရှိကြောင်းသိရသည်။

**Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံမှ အရောင်းမန်နေဂျာ ဦးဝင်းဇော်**

"ကျွန်တော်တို့စက်ရုံက ထုတ်လုပ်ထားတဲ့ ဘိလပ်မြေတွေကို ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးမှုများခဲ့တဲ့ ဝန်ကြီးဌာနတွေကို ဦးစားပေးဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။ အများပြည်သူတွေနဲ့ သက်ဆိုင်တဲ့အဆောက်အအုံတွေပြုပြင်ဖို့အတွက် ဝယ်ယူရင် တစ်အိတ်ကို ငွေကျပ် ၂၀၀၀၀ နှုန်းနဲ့ရောင်းချပေးပါတယ်။ ငလျင်ဘေးဒဏ်သင့်ခဲ့တဲ့ ပြည်သူတွေအနေနဲ့ ဝယ်ယူချင်တယ်ဆိုရင် ကျွန်တော်တို့ကို တိုက်ရိုက်မှာယူပြီး ဝယ်ယူနိုင်ပါတယ်။ အများပြည်သူတွေကို သယ်ယူစရိတ်မပါ စက်ရုံအထိုင်ဈေးအနေနဲ့ တစ်အိတ်ကို ငွေကျပ် ၂၃၀၀၀ နှုန်းနဲ့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။ ပြင်ပဈေးကွက်မှာ စက်ရုံက သတ်မှတ်ပေးထားတဲ့ ဈေးနှုန်းထက် အဆမတန်ဈေးတင်ပြီး ရောင်းချမှုတွေမရှိရအောင် စက်ရုံက တိုက်ရိုက်မှာယူနေတဲ့ ကိုယ်စားလှယ်တွေကို သတ်မှတ်ဈေးနှုန်းနဲ့ ပြန်လည်ရောင်းချပေးဖို့ ဝန်ခံကတိလက်မှတ်ရေးထိုးပြီးမှ ဖြန့်ချိပေးတာပါ"

Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံမှ နေ့စဉ်ထုတ်လုပ်လျက်ရှိသည့် ဘိလပ်မြေများကို သိုလှောင်ထားခြင်းမရှိဘဲ အမှန်တကယ်လိုအပ်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းခွင်များနှင့် သုံးစွဲသူများလက်ဝယ်သို့ ဖြန့်ခွဲရောင်းချပေးလျက်ရှိကြောင်း ပြောပြသည်။

"အခုဆိုရင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုတွေများပြားတဲ့အတွက် ဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေ၊ ပြည်သူတွေအနေနဲ့တိုက်ရိုက်မှာယူပြီး ဝယ်နေတာတွေရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့စက်ရုံအနေနဲ့ ဦးစားပေးရောင်းချရမယ့်အပိုင်းတွေကို စိစစ်ရောင်းချပေးသလို အခြားလိုအပ်တဲ့ နေရာတွေကိုလည်း လစ်ဟာမှုမရှိအောင် ထုတ်လုပ်မှုနဲ့ဖြန့်ချိမှုကို ဟန်ချက်ညီညီဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ကြီးဌာနတွေ၊ ငလျင်ဘေးဒဏ်သင့်ပြည်သူတွေမှာယူတဲ့အခါ တစ်ရက်သုံးစွဲနိုင်တဲ့ ပမာဏအပေါ်မူတည်ပြီး တည်ဆောက်ပြုပြင်ရေး လုပ်ငန်းတွေ လည်ပတ်နိုင်အောင် နေ့စဉ်ခွဲဝေဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်"

Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံအနေဖြင့် ငလျင်လှုပ်ခတ်ခဲ့သည့် အချိန်မှစတင်ပြီး ယနေ့အချိန်အထိ ဘိလပ်မြေတန်ချိန် ၃၂၀၀၀ ကျော် အိတ်ရေ ခြောက်သိန်းကျော်ကို ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

"လတ်တလောကာလမှာ ဘိလပ်မြေမှာယူလိုသူတွေအနေနဲ့ အမှန်တကယ်သုံးစွဲလိုတဲ့ ပမာဏကိုပဲ မှာယူစေလိုပါတယ်။ ပြင်ပဈေးကွက်မှာ ဘိလပ်မြေဈေးနှုန်းအဆမတန်တင်ပြီး ရောင်းချနေတာတွေကို မဝယ်ယူကြပါနဲ့။ ကျွန်တော်တို့အနေနဲ့ ရေရှည်ဖြန့်ဖြူးရောင်းချပေးနိုင်ဖို့ စီမံဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ဘိလပ်မြေဝယ်သူတွေအနေနဲ့ သယ်ယူဖို့ အခက်အခဲရှိတယ်ဆိုရင် စက်ရုံအထိုင်သတ်မှတ်ဈေးနှုန်းအပြင် သယ်ယူခပါပေးချေပြီး ဝယ်ယူနိုင်ပါတယ်"

နိုင်ငံတော်က ငလျင်ဘေးဒဏ်သင့်ဒေသများတွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအသုံးပြုနိုင်ရန် ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေးနှင့်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် လိုအပ်သည့်အကူအညီများကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ။

**တွေ့ဆုံမေးမြန်း-မြနန္ဒာ**
**ဓာတ်ပုံ-လုလင်ငယ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ဝင်များ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရုံးအဆောက်အဦပြန်လည်ပြင်ဆင်နေမှုများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝန်ထမ်းများအတွက် ယာယီပြောင်းရွှေ့နေရာချထားပေးသည့် နေရာများသို့သွားရောက်ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းမိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်



နေပြည်တော် မေ ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များသည် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်က အင်အားပြင်း မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးအဆောက်အဦ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများ၊ မြေငလျင်ဘေးဒဏ်ခံစားခဲ့ရသည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး၊ ပြည်ထောင်စုဝန်ကြီးရုံးတို့မှ ဝန်ထမ်းမိသားစုများအတွက် ယာယီပြောင်းရွှေ့နေရာချထားပေးမှုအခြေအနေများအား ယနေ့ညနေပိုင်းတွင် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် တာဝန်ရှိသူများနှင့်အတူ အင်အားပြင်းမြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အဆောက်အဦ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက အဆောက်အဦထိခိုက်ပျက်စီးခဲ့မှုအခြေအနေများ၊ ပြန်လည်ပြုပြင်ဆောင်ရွက်မည့် အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ငလျင်ဒဏ်သင့် အဆောက်အဦများ ပြုပြင်ရေးဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အထူးအလေးထားဆောင်ရွက်ရန်၊ အဆောက်အဦများအား သတ်မှတ်ထားသည့် SOP နှင့်အညီ ရေရှည်ခိုင်ခံ့မှုအတွက် ပြုပြင်တည်ဆောက်ရန်မှာကြားသည်။

၎င်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းများနေထိုင်သည့် သပြေ(၁) အဆောင်တို့သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ဝန်ကြီးဌာနအစီအစဉ်ဖြင့် ပြုပြင်ဆောင်ရွက်မှု၊ ဝန်ထမ်းများအား ပြန်လည်နေရာချထားပြီး နေထိုင်မှုအခြေအနေတို့ကိုကြည့်ရှု၍ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိအားကစားကွင်းမြေနေရာရှိ ယာယီစခန်းအတွက် လျှပ်စစ်မီးပေးနိုင်ရေး Transformer အသစ်တပ်ဆင်နေရာချထားမှုအား ကြည့်ရှုစစ်ဆေးပြီး ၎င်းနေရာရှိဝန်ကြီးဌာနများမှဝန်ထမ်းမိသားစုများ ယာယီပြောင်းရွှေ့နေထိုင်နိုင်ရန်အတွက် UAB Foundation မှယာယီစခန်းတည်ဆောက်နေမှုနေထိုင်စားသောက်ရေးအတွက်ပြင်ဆင်ဆောင်ရွက်ပေးထားမှု၊ သောက်သုံးရေရရှိရေး စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဒဏ်ကြောင့် နေထိုင်ရန် အခက်အခဲရှိသည့် ဝန်ထမ်းများနှင့်မိသားစုများအတွက် စီစဉ်ပေးထားသည့် ယာယီကယ်ဆယ်ရေးစခန်းများနှင့် ယာယီနေရာချထားသည့် နေရာကိုးခုသို့ လျှပ်စစ်ဓာတ်အားရရှိရေး စီမံဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ဓာတ်အားခွဲရုံများ ပြန်လည်ပြုပြင်နိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေရှိ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများအပြင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်မကွေးတိုင်းဒေသကြီးတို့မှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၅၆၀ ဦးတို့ဖြင့် ဓာတ်အားရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယနေ့အချိန်ထိ နေပြည်တော်ကောင်စီနယ်မြေတွင် ၉၉ ဒသမ ၇ ရာခိုင်နှုန်းနှင့် မန္တလေးတိုင်းဒေသကြီးတွင် ၉၉ ဒသမ ၉၈ ရာခိုင်နှုန်း၊ စစ်ကိုင်းမြို့တွင် ၉၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး၍ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့သည် တာဝန်ရှိသူများနှင့်အတူ စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများအတွက် ယာယီစခန်း(၂) အဖြစ်ဖွင့်လှစ်ထားသည့် ဒက္ခိဏသီရိမြို့နယ်ရှိ ကျောက်မျက်ရတနာပြခန်းဝင်းနေရာသို့ သွားရောက်၍ ယာယီစခန်းဖွင့်လှစ်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဝန်ကြီးဌာနမှ ဝန်ထမ်းများအတွက် စီစဉ်ဆောင်ရွက်ပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းမိသားစုများနှင့်တွေ့ဆုံ၍ သန့်ရှင်းသည့် သောက်သုံးရေရရှိစေရေး၊ အစားအသောက်များ သန့်ရှင်းမှုရှိစေရေး၊ ကျန်းမာရေးအတွက် အထူးဂရုပြုနေထိုင်ရေးတို့ မှာကြားခဲ့ပြီး ဝန်ထမ်းများနှင့်မိသားစုဝင်များအား အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ နိုင်ငံတော်ဝန်ကြီးချုပ်ရုံး၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ငလျင်ဒဏ်သင့်ဝန်ထမ်းမိသားစုများအတွက် ယာယီနေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားသည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းမိသားစုဝင်များနှင့် တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး ထောက်ပံ့ပစ္စည်းများပေးအပ်၍ လိုအပ်ချက်များ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကွမ်းခြံကုန်းမြို့နယ်နှင့် တွံတေးမြို့နယ်တို့ရှိ ဘိုးဘွားရိပ်သာများအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် သွားရောက်ကြည့်ရှုအားပေးကာ အလှူငွေများပေးအပ်လှူဒါန်း



ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ကွမ်းခြံကုန်းမြို့နယ်နှင့် တွံတေးမြို့နယ်တို့ရှိ ဘိုးဘွားရိပ်သာတို့သို့ သွားရောက်ကြည့်ရှုအားပေးကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများသည် ကွမ်းခြံကုန်းမြို့နယ် ဒေးဒနေ့ာစံပြကျေးရွာ ဒေးဒနေ့ာဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး ဘိုးဘွားရိပ်သာရှိ အဘိုး သုံးဦးနှင့် အဘွား ၁၀ ဦး စုစုပေါင်း ၁၃ ဦးတို့အား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အလှူငွေများအား ဘိုးဘွားတစ်ဦးချင်းထံ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းပြီး ဘိုးဘွားများ၏ ထမင်းစားဆောင်ကို ကြည့်ရှုကာ ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးကော်မတီ၏ တာဝန်ရှိသူများထံ ဘိုးဘွားရိပ်သာအတွက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တွံတေးမြို့နယ် ရွှေဆံတော်ရပ်ကွက် မိဘဂုဏ်ဘိုးဘွားရိပ်သာသို့ရောက်ရှိပြီး ဘိုးဘွားရိပ်သာရှိ အဘိုးကိုးဦးနှင့် အဘွား ၁၆ ဦး စုစုပေါင်း ၂၅ ဦးတို့အား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အလှူငွေများအား ဘိုးဘွားတစ်ဦးချင်းထံ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းပြီး ဘိုးဘွားများ၏ ဘုရားဝတ်ပြုဆောင်နှင့် ထမင်းစားဆောင်တို့ကို ကြည့်ရှုကာ ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးကော်မတီ၏ တာဝန်ရှိသူများထံ ဘိုးဘွားရိပ်သာအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူငွေများ ပေးအပ်လှူဒါန်းပြီး ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးကော်မတီ၏ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ ဝန်းရုံခ

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၂၁

ဧရာဝတီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Kanbalu Township to cultivate more than 1,000 acres of summer sesame this year



KANBALU April 21

According to the Kanbalu Township Agriculture Department, a total of 1,063 acres of summer sesame will be cultivated in Kanbalu Township of Sagaing Region this summer crop season.

For the 2024-2025 summer cropping season, the township has planned to cultivate sesame starting in March, with a primary focus on winter sesame.

"This year, we have allocated over 1,000 acres for summer sesame cultivation in Kanbalu Township. We will ensure that the planned acreage is fully cultivated. Efforts are also being made to expand sesame cultivation, improve yields, and promote Good Agricultural Practices (GAP)," said U Myo Zaw, Head of the Kanbalu Township Agriculture Department.

The department will provide farmers with guidance on sesame expansion, advanced farming techniques, and the adoption of GAP methods to ensure high-quality and high-yield crops.

Sesame grown under the GAP system is known for its superior quality and higher market prices compared to traditionally grown crops. Moreover, GAP-certified produce has better market potential, both domestically and internationally, enabling farmers to enhance their economic well-being and improve their livelihoods.

**SK**

# Myaungmya Township ships 83,000 viss of green clam to Yangon



MYAUNGMYA April 21

According to Daw Moe Myint, a fishery product trading business owner in Myaungmya Township, a total of 83,000 viss of green clam was sent to the Yangon market.

Green clams naturally harvested in Myaungmya Township are regularly sold in the Yangon market.

"The local green clams are in high demand. The domestic market is actively purchasing them, and sales have been strong over the past month. Compared to previous months, we have sold a larger quantity. In Myaungmya Township, we naturally source not only clams but also various fish, shrimp, and crabs. These locally harvested marine products are primarily sold in the Yangon market. With the increase in trading activities, fishermen and traders now have more job opportunities," said Daw Moe Myint.

Fishery trading businesses in Myaungmya Township purchase various types of fish, shrimp, crabs, and green clams from fishermen. The seafood is then properly cleaned and packaged before being transported to Yangon where the products are further distributed to other regions.

**SMK**

# Shwebo District finishes cultivation of more than 4,000 acres of butter bean

SHWEBO April 21

During the winter crop planting season, a total of 4,141 acres of butter bean have been successfully planted, according to records from the Shwebo District Agriculture Department of Sagaing Region. This year, during the 2024-2025 winter crop season, local authorities earmarked cultivation of 4,460 acres of butter bean in Shwebo District. Planting began in October 2024, and as of today, 4,141 acres of crops have been fully planted.

Daw Zar Zar Min, the Assistant Director of the Shwebo District Agriculture Department, unveiled: "This year, Shwebo District set a plan to grow butter bean on 4,460 acres. As of today, 4,141 acres have been planted against the target cultivation. Efforts are being made to ensure the full target area is covered. Butter bean is only planted in the winter season. The cultivation of butter bean has been successful. Farmers rely on butter bean because of the good market price."

In Shwebo District, Shwebo Township planted 519 acres of butter bean, KhinU Township, 711 acres, Wetlet Township, 1,896 acres and Kyaukmyaung, 1,015 acres, for a total of 4,141 acres.

In the 2024-2025 winter crop season, local authorities earmarked cultivation of butter bean as Shwebo Township with 544 acres, KhinU Township with 641 acres, Wetlet Township with 2,260 acres and Kyaukmyaung with 1,015 acres, for a total of 4,460 acres.

In Shwebo District, local farmers have been planting butter bean individually during this year's rainy season, and some farmers are also planting for additional income.

**SK**

# Black gram cultivation in Myaung Township reaches 12,501 acres

MYAUNG April 21

In accord with the records from the Sagaing District Department of Agriculture of Sagaing Region, a total of 12,501 acres of black gram have been cultivated in Myaung Township during the winter crop planting season.

For the 2024-2025 winter planting season, the target for black gram cultivation in Myaung Township was set at 12,455 acres. Planting began in October 2024, and as of today, a total of 12,501 acres have been successfully cultivated, surpassing the initial target.

"Myaung Township initially planned to cultivate 12,455 acres of black gram, but we have now exceeded that, reaching 12,501 acres. During the planting process, we provided necessary technical support, high-quality seeds, and pest and disease control measures directly on the ground," said Daw Thida Lwin, head of the Sagaing District Department of Agriculture.

The township's agriculture department continues to assist local farmers by ensuring access to high-quality, regionally suitable seeds, proper planting techniques, pest control measures, and the correct use of fertilizers to enhance yield and quality.

**SMK**

# Shwe bananas marketable in the local market

MONYWA April 21

Shwe bananas are selling well despite the shortage, according to the banana retail market in Monywa Township.

Their prices are also rising due to increased consumption.

"Shwe bananas are not easy to transport, so we only sell them in Monywa. In the Monywa market, they have become a rare commodity, and consumers like them. Now, sales are increasing, the price is good, and the taste is unique. Everyone who has eaten loves them. Some people in Monywa don't know the name of Shwe bananas which are mostly grown in Ayeyawady Region, Kalaw, Taunggyi in Shan State, and other cold regions," said Ko Win Myint Htoo, a Shwe banana grower in Monywa. Golden bananas require more care and labour than other varieties, so there are very few farmers in Monywa. However, this year's yield is good in terms of income, he said.

"There are very few people who grow Shwe bananas in Monywa because they require a lot of care while other varieties require just regular watering, ploughing, and weeding. This year's yield is not bad in terms of income. We sell one plant for about Ks-35,000. In a balanced plant, there are four, five or six hands," he explained.

**SMK**



# Dabayin Township cultivates over 8,000 acres of winter sunflowers

DABAYIN April 21

A total of 8,299 acres of sunflowers have been planted in Dabayin Township, Ye-U District, Sagaing Region during the winter crops planting season, according to the statistics of the Department of Agriculture for Ye-U District.

During the 2024-2025 winter crops planting season, 8,365 acres of sunflower have been planned for Dabayin Township. Planting has started in October 2024, and 8,299 acres have been planted to date.

"We are working to achieve the target acreage. In order to reduce the amount of palm oil imported from abroad, we are expanding the cultivation of sunflower. Sunflower, an oil crop, has produced more oil per acre than other peanuts and sesame," said U Zaw Myint Htun, head of the Department of Agriculture for Ye-U District.

In order to expand sunflower cultivation in Dabayin Township, the Township Department of Agriculture is conducting educational training courses at an accelerated pace, and is conducting educational training courses for staff and sunflower growers to improve efficiency.

**SK**

# Katha District cultivates over 1,900 acres of rain-fed green beans



KATHA April 21

A total of 1,920 acres of green beans have been planted during the winter crops planting season in Katha District, Sagaing Region, according to the statistics of the Department of Agriculture for Katha District.

In the 2024-2025 winter crops planting season, 2,000 acres of green beans have been planned for Katha District, and planting has started since October 2024, and 1,920 acres have been planted to date.

"We are also conducting field visits to provide necessary technologies, varieties, and pest and disease prevention methods during green bean planting," said U Myint Soe, head of the Department of Agriculture for Katha District.

In Katha District, green pea cultivation by township was as per following: 507 acres in Katha Township, 407 acres in Indaw Township, 511 acres in Htigyaing Township, and 495 acres in Banmauk Township, totaling 1,920 acres.

During this year's winter crops planting season, the relevant Township Department of Agriculture is working with farmers to provide good and clean varieties, inputs, and post-harvest technology to improve the yield and quality of green beans.

**SMK**

# Agri Dept guides irrigation for pre-monsoon cotton

NAY PYI TAW April 21

The Agriculture Department notified growers to ensure the precise application of water for pre-monsoon long-staple cotton cultivation to meet production targets.

The notification of the department stated to irrigate immediately when the leaves turn to darker green colour, irrigate when the leaves of 25 plants among 100 are withered at noon (12-2 pm), and irrigate when the soil seems moist yet dry.

While growing monsoon or pre-monsoon long-staple cotton, growers had better irrigate one time after sowing, once when the flower blossoms and at least three more times during the flowering phase (75- 120 days). They also need to regulate irrigation according to soil type and prevailing weather conditions. Drip irrigation every 10 to 15 days is best for sandy soil.

Moreover, the department informed them of adequate irrigation into the two-foot depth of cultivation land, use of drip irrigation, avoiding excess application of water, irrigation for six to 12 hours, and having drainage for efficient agriculture operation.

**SK**

# Pope Francis dies

VATICAN CITY April 21

The head of the Catholic Church, Pope Francis, has died at the age of 88, the Vatican has announced.

Francis began his papacy in March 2013 and was the first pontiff from Latin America.

"At 7:35 this morning, the Bishop of Rome, Francis, returned to the home of the Father. His entire life was dedicated to the service of the Lord and of his Church," Cardinal Kevin Farrell, the Vatican camerlengo, said in a statement on Monday morning.

Pope Francis "taught us to live the values of the Gospel with faithfulness, courage, and universal love, especially for the poorest and most marginalized," Farrell wrote.

"With immense gratitude for his example as a true disciple of the Lord Jesus, we commend the soul of Pope Francis to the infinite, merciful love of God, One and Tribune," the cardinal added.

Pope Francis was last seen in public on Easter Sunday when he attended the Holy Mass at St. Peter's Square in the Vatican.

His traditional Easter address was delivered by a member of the clergy due to the pontiff's poor health. Afterwards, the Pope got out of his wheelchair and waved to the cheering crowd from the balcony of St. Peter's Basilica, saying: "Dear brothers and sisters, happy Easter."

Earlier on Sunday, the head of the Catholic Church held a meeting with US Vice President J.D. Vance during which he reportedly "lectured" Vance on compassion.

Pope Francis had been discharged from hospital in March after five weeks of treatment for an infection that led to him contracting double pneumonia.

The pontiff was born Jorge Mario Bergoglio in the Argentinian capital, Buenos Aires, in 1936. He was ordained as a Catholic priest in the late 1960s, and became the archbishop of Buenos Aires in 1998. He was created a cardinal by Pope John Paul II in 2001.



During his 12-year papacy, Francis positioned himself as a critic of capitalism and globalization and a defender of the poor and disadvantaged. He criticized extravagance and privilege within the Vatican, calling on cardinals and priests to show humility.

The pontiff also repeatedly urged the international community to implement reforms to tackle climate change and labeled the possession of nuclear weapons "immoral."

His attempts to make the Catholic Church more inclusive caused controversy, with the Pope saying in 2023 that "being homosexual is not a crime." Earlier this year, Francis allowed gay men to become priests in Italy. He also prompted women to more important, decision-making roles within the church.

Pope Francis also attempted to address the issue of child sex abuse by Catholic clerics, although there are contradicting views on how successful his efforts were.

He worked towards improving relations between the Catholic Church and other religious denominations, visiting the Arabian Peninsula and Iraq as well as meeting with Russian Orthodox Patriarch Kirill in 2016, in the first such event of its kind.

**RT**

# Putin signs bill ratifying strategic partnership agreement between Russia, Iran

MOSCOW April 21

Russian President Vladimir Putin has signed a bill that ratifies the comprehensive strategic partnership agreement between Russia and Iran, according to a relevant decree published on the legal information portal on Monday.

The agreement was signed on January 17 during the visit of Iranian President Massoud Pezeshkian to Moscow.

**Sputnik**

# Philippines' military drills with U.S. opposed by regional countries: Chinese FM spokesperson

BEIJING April 21

The Philippines' decision to conduct the large-scale military drills with the United States has been detested and opposed by regional countries, a Chinese foreign ministry spokesperson said here on Monday.

Spokesperson Guo Jiakun made the remarks in response to the annual military drills between the United States and the Philippines, which started on Monday.

The exercise has come as Beijing and Manila are in a dispute over the South China Sea.

Against this backdrop, the Philippines chose to conduct the large-scale military drills with this country outside the region and brought in strategic and tactical weapons to the detriment of regional strategic stability and regional economic prospects, which puts them on the opposite side of regional countries, said Guo.

Guo said that the Taiwan question is purely China's internal affair and is at the core of China's core interest.

China firmly opposes any country using the Taiwan question as an excuse to strengthen military deployment in the region, heighten tensions and confrontation, and disturb regional peace and stability, Guo stressed.

**Xinhua**

# Israel conducts over 200 strikes in Gaza within days, kills Islamic Jihad member



JERUSALEM April 21

Israel's military said on Monday that it carried out more than 200 airstrikes across the Gaza Strip over the past three days, killing a member of the Islamic Jihad movement.

The military said the strikes targeted militant infrastructure, militant cells, rocket launch and sniper positions, weapons depots and command centers.

It identified the killed fighter as Ahmad Mansour, who it said participated in the Hamas-led surprise attack on Israel on October 7, 2023, and later directed rocket fire during the ongoing war.

In Rafah's Shabura and Tel al-Sultan neighborhoods, Israeli troops dismantled "terrorist infrastructure" and uncovered a cache of grenades, ammunition and other military gear.

Along the recently constructed Morag Corridor, which bisects Rafah from Khan Younis and the rest of Gaza, troops located weapons, destroyed Hamas infrastructure and killed several militants, the military said.

In northern Gaza, soldiers launched an airstrike on a building containing what was described as underground infrastructure and detected multiple militants. The army also reported dismantling Hamas sniper posts that had threatened its ground forces.

At least eight people were killed in Israeli strikes on Monday and dozens wounded, the Palestinian news agency WAFA reported.

**Xinhua**

# US airstrikes kill at least 12 in Yemen's Sana'a - Houthi Health Ministry

DOHA April 21

At least 12 people were killed in US airstrikes on a market and residential area in the center of Yemen's capital of Sana'a, and another 30 were injured, the health ministry of Shia movement Ansar Allah (Houthi) said.

"According to preliminary data, the death toll as a result of US aggression against the market and the Farwa district has reached 12 people, and another 30 were injured," the ministry said in a statement, as reported by Yemen's Al Masirah broadcaster.

According to the ministry, ambulance and civil defence teams continue to search for victims under the rubble of houses destroyed by the strikes.

Earlier, US aircraft struck the Ras Isa oil port in Yemen's western governorate of Al Hudaydah, killing 80 people and injuring more than 150, mostly port workers and postal employees.

**Sputnik**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 24 **will be doing** and **will have done**

## Exercises

**24.1 Read about Andy. Then tick (✓) the sentences which are true. In each group of sentences at least one is true.**

Andy goes to work every day. He leaves home at 8 o'clock and arrives at work at about 8.45. He starts work immediately and continues until 12.30 when he has lunch (which takes about half an hour). He starts work again at 1.15 and goes home at exactly 4.30. Every day he follows the same routine and tomorrow will be no exception.

1 

**At 7.45**
*a* he'll be leaving the house
*b* he'll have left the house
*c* he'll be at home✓
*d* he'll be having breakfast✓

2 

**At 8.15**
*a* he'll be leaving the house
*b* he'll have left the house
*c* he'll have arrived at work
*d* he'll be arriving at work

3 


**At 9.15**
*a* he'll be working
*b* he'll start work
*c* he'll have started work
*d* he'll be arriving at work

4 

**At 12.45**
*a* he'll have lunch
*b* he'll be having lunch
*c* he'll have finished his lunch
*d* he'll have started his lunch

5 

**At 4 o'clock**
*a* he'll have finished work
*b* he'll finish work
*c* he'll be working
*d* he won't have finished work

6 

**At 4.45**
*a* he'll leave work
*b* he'll be leaving work
*c* he'll have left work
*d* he'll have arrived home

**24.2 Complete the sentences. Choose from the box.**

1 There's an election next week. Who will you be voting for?
2 I'll .................................................. shopping later. Can I get you anything?
3 Emily is not well, so she ............................................................ volleyball tomorrow.
4 Little Emma .............................................................. school soon. She's growing up fast.
5 The match is on TV tonight. Will you ........................................ it?
6 What ........................................................................... in your new job? The same as before?
7 I ....................................................... to the wedding. I'll be away on holiday.
8 Please fasten your seat belts. The plane ....................................................... in ten minutes.

| |
|---|
| **be watching** |
| **will be landing** |
| **won't be playing** |
| **will be starting** |
| ~~will you be voting~~ |
| **won't be going** |
| **be going** |
| **will you be doing** |

**24.3 Put the verb into the correct form,** will be (do)ing or will have (done).

1 Don't phone between 7 and 8. We'll be eating then. (we / eat)
2 Tomorrow afternoon we're going to play tennis from 3 o'clock until 4.30. So at 4 o'clock,.................................................................. tennis. (we / play)
3 Sarah will meet you at the station. ............................................................ for you when you arrive. (she / wait)
4 The meeting starts at 9.30 and won't last longer than an hour. You can be sure that ..................................................................... by 11 o'clock. (it / finish)
5 Do you think ................................................................... in the same place in ten years' time? (you / still / live)
6 Lisa is travelling in Europe and so far she has travelled about 1,000 miles. By the end of the trip, ........................................................... more than 3,000 miles. (she / travel)
7 If you need to contact me, ......................................................................... at the Lion Hotel until Friday. (I / stay)
8 Ben is on holiday and is spending his money very quickly. If he continues like this, ........................................................... all his money before the end of his holiday. (he / spend)
9 I'm fed up with my job. I hope ..................................................................................... it much longer. (I / not / do)

Additional exercises 12–13 (pages 309–10)

Raymond Murphy



AHA Center မှ ကူညီထောက်ပံ့သည့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာအကူအညီ ပစ္စည်းများ ရောက်ရှိစဉ်။



ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကူညီထောက်ပံ့သည့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာအကူအညီ ပစ္စည်းများ ရောက်ရှိစဉ်။



ဘယ်လာရုစ်နိုင်ငံမှ ပေးပို့သည့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာအကူအညီ ပစ္စည်းများ ကြိုဆိုလက်ခံစဉ်။



ဘရူနိုင်းနိုင်ငံမှ ကူညီထောက်ပံ့သည့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာအကူအညီ ပစ္စည်းများ ရောက်ရှိစဉ်။



တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ကူညီထောက်ပံ့သည့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာအကူအညီ ပစ္စည်းများ ရောက်ရှိစဉ်။



အိန္ဒိယနိုင်ငံမှ ကူညီထောက်ပံ့သည့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာအကူအညီ ပစ္စည်းများ ရောက်ရှိစဉ်။



အင်ဒိုနီးရှားနိုင်ငံမှ ကူညီထောက်ပံ့သည့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာအကူအညီ ပစ္စည်းများ ရောက်ရှိစဉ်။



လာအိုနိုင်ငံမှ ပေးပို့သည့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာအကူအညီ ပစ္စည်းများ ကြိုဆိုလက်ခံစဉ်။

❏ ကျောဖုံးမှအဆက်

လေဆိပ်နှင့် ရန်ကုန်သီလဝါဆိပ်ကမ်းတို့သို့ ရောက်ရှိလာခဲ့သည်။

မတ်လ ၃၀ ရက်မှ ဧပြီလ ၂၀ ရက်အထိ ငလျင်ဘေးသင့်ပြည်သူများအတွက် အိန္ဒိယနိုင်ငံ၊ AHA Center၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံ၊ လာအိုနိုင်ငံ၊ Singapore Red Cross Society၊ နီပေါနိုင်ငံ၊ UAE နိုင်ငံ၊ ဘရူနိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ပေးပို့လှူဒါန်းသည့်ပစ္စည်းများကို ငလျင်ဘေးသင့်ဒေသများသို့ အချိန်မဆိုင်းဘဲ ဆက်လက်ဖြန့်ခွဲဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာက ကူညီထောက်ပံ့သည့်ပစ္စည်းများမှာ မိုးကာတဲ၊ တာပေါလင်၊ Hygiene Kit၊ Kitchen Set၊ မီးစက်၊ Sleeping Bags၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ အိမ်သုံးကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးနှင့်ဆေးပစ္စည်း၊ ခွဲစိတ်ခန်းသုံးပစ္စည်းတို့ဖြစ်သည်။

ပစ္စည်းများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း နေပြည်တော်ကောင်စီ၏အစီအစဉ်ဖြင့်လည်းကောင်း၊ နေပြည်တော်ရှိ ဝန်ထမ်းမိသားစုများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အစီအစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်နှင့် နေပြည်တော်တို့မှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးသို့ **စာမျက်နှာ ၂၃ သို့** ❏



မလေးရှားနိုင်ငံမှ ကူညီထောက်ပံ့သည့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာအကူအညီ ပစ္စည်းများ ရောက်ရှိစဉ်။



နေပြည်တော် ကောင်စီနယ်မြေ အတွင်းရှိ ငလျင်ဘေးသင့် ပြည်သူများအတွက် နိုင်ငံတကာမှ ပေးအပ်သည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ပြန်လည်ဖြန့်ဝေ ပေးအပ်စဉ်။



ပါကစ္စတန် နိုင်ငံမှ ကူညီ ထောက်ပံ့သည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီ ပစ္စည်းများ ရောက်ရှိစဉ်။

ရှမ်းပြည်နယ် အတွင်းရှိ ငလျင်ဘေးသင့် ပြည်သူများ အတွက် နိုင်ငံတကာမှ ပေးအပ်သည့် လူသားချင်းစာနာ ထောက်ထားမှု ဆိုင်ရာ အကူအညီ ပစ္စည်းများ ပြန်လည်ဖြန့်ဝေ ပေးအပ်စဉ်။



ရုရှား ဖက်ဒရေးရှင်း နိုင်ငံမှ ကူညီ ထောက်ပံ့သည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီ ပစ္စည်းများ ရောက်ရှိစဉ်။






နီပေါနိုင်ငံမှကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများရောက်ရှိစဉ်။




စင်ကာပူနိုင်ငံမှကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများရောက်ရှိစဉ်။




UAE နိုင်ငံမှကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများရောက်ရှိစဉ်။



ထိုင်းနိုင်ငံမှ ကူညီ ထောက်ပံ့သည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီ ပစ္စည်းများ ရောက်ရှိစဉ်။



စစ်ကိုင်းတိုင်း ဒေသကြီး အတွင်းရှိ ငလျင်ဘေးသင့် ပြည်သူများအတွက် နိုင်ငံတကာမှ ပေးအပ်သည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ပြန်လည်ဖြန့်ဝေ ပေးအပ်စဉ်။



ဗီယက်နမ်နိုင်ငံမှကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများရောက်ရှိစဉ်။

❑ **စာမျက်နှာ ၂၂ မှအဆက်**

မော်တော်ယာဉ် ၅၂ စီးဖြင့် ပေးပို့ခဲ့သည့် လှူဒါန်းပစ္စည်းများနှင့် မန္တလေး(တံတားဦး) အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည့်ပစ္စည်းများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၂၃ စီးဖြင့် ပေးပို့ထားသည့် လှူဒါန်းပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ မော်တော်ယာဉ် ၇ စီးဖြင့်ပေးပို့ခဲ့သည့် လှူဒါန်းပစ္စည်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်လည်းကောင်း ခွဲဝေထောက်ပံ့ဆောင်ရွက်လျက်ရှိသည်။ လှူဒါန်းရရှိသည့်ပစ္စည်းများအနက် ဆေးနှင့်ဆေးပစ္စည်းများ၊ ခွဲစိတ်ခန်းသုံးပစ္စည်းများနှင့် ဆေးရုံသုံးပစ္စည်းများကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ကာ ဒဏ်ရာရရှိသည့် ပြည်သူများအားကုသရာတွင် အသုံးပြုသည်။

နိုင်ငံတကာအလှူရှင်များ၏ လှူဒါန်းပစ္စည်းများကိုပြည်ထောင်စုနယ်မြေနေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့လျက်ရှိသည်။

နိုင်ငံတကာအလှူရှင်များက ထပ်မံလှူဒါန်းလာသည့် ပစ္စည်းများရောက်ရှိမှုနှင့် ငလျင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိဖြန့်ခွဲမှုတို့ကို ၁ ပတ်လျှင် ၁ ကြိမ် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

(သတင်းစဉ်)

# ပုသိမ်မြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ဧက ၁၅၅၈၀ ရိတ်သိမ်းပြီးစီးပြီဖြစ်



ပုသိမ် ဧပြီ ၂၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ဧက ၁၅၅၈၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူ၏ပြောကြားချက်အရ သိရသည်။

ပုသိမ်မြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက နွေစပါး ၁၁၄၉၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် နွေစပါးများကို ယခုနှစ် မတ်လပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ဧက ၁၅၅၈၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ရိတ်သိမ်းခဲ့သည့် စပါး တစ်ဧကလျှင် ၁၁၁ ဒသမ ၆ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

"စိုက်ပျိုးရေးဦးစီးဌာနက နွေစပါးတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်စေဖို့အတွက် မြေဆီလွှာပြုပြင်တဲ့လုပ်ငန်းတွေကို ကွင်းဆင်းသရုပ်ပြတာ၊ ရွှေခရုကာကွယ်နှိမ်နင်းတဲ့ လုပ်ငန်းတွေ ဆောင်ရွက်ပေးတာ၊ ဓာတ်မြေသြဇာ အသုံးပြုနည်းစနစ်တွေ မှန်ကန်စေဖို့ ဆောင်ရွက်ပေးတာ စတဲ့ နည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်စီမံဆောင်ရွက်ပေးခဲ့ပါတယ်။ နွေစပါး စိုက်ပျိုးရာသီမှာ စပါးဧက ၅၀၀၀၀ ကျော် စိုက်ပျိုးခဲ့ပါတယ်။ နွေစပါးတွေကို အခုလို စောစောရိတ်သိမ်းနိုင်တဲ့အတွက် မိုးလွတ်လေလွတ်သိမ်းဆည်းနိုင်ခဲ့ပါတယ်" ဟု ဒေါ်အေးအေးမူကပြောသည်။

ပုသိမ်မြို့နယ်၌ ယခုနှစ်တွင် နွေစပါးများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်နှီးနွှယ်ဌာနများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သုတကျော်**



ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့်အချိန်များတွင် ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုကြောင့်နေလောင်ခြင်း၊ အသားအရောင်ညိုမဲလာခြင်းတို့ကိုဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းလာခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

၁။ ခရမ်းလွန်ရောင်ခြည်မြင့်မားစွာကျရောက်နိုင်သည့် နံနက်(၁၀)နာရီမှညနေ(၄)နာရီအတွင်းတွင် နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ပါက မိမိအသားကိုနေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့မိစေရန် မျက်နှာ၊ လည်ပင်းနှင့်ပခုံးတို့ကို ပါလုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွအဝတ်အထည်များကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို (၉၉)%အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုတပ်ဆင်ပါ။

၃။ အဝတ်ကင်းလွတ်နေသောလက်၊လည်ပင်းနှင့်ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်)SPF ၁၅+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့်ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ကလေးငယ်များနှင့်သက်ကြီး ဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။ အသက်တစ်နှစ်အောက်ကလေးငယ်များကို နေပူထဲသို့ခေါ်ဆောင်ခြင်း မပြုပါနှင့်၊ ကလေးများကို အရိပ်ထဲတွင်သာ ကစားစေပါ။

နေရောင်ခြည်နှင့်မထိတွေ့စေရန်ထီး၊ဦးထုပ်ဆောင်းပါ။

ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။

နေပူထဲသွားပါက နေကာမျက်မှန်တပ်ဆင်ပါ။

နေပူထဲသွားပါက နေရောင်ခံလိမ်းဆေးလိမ်းပါ။

မတ်လ၊ ၂၀၂၅ ခုနှစ်

# ကလောမြို့နယ်အတွင်းရှိ ကျေးရွာ ၂၃ ရွာ၌ VDP စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

ကလော ဧပြီ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာ ၂၃ ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ခွင့်ပြုငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ကလောမြို့နယ်အတွင်းရှိ ကျေးရွာ ၂၃ ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်ရေရရှိရေးအတွက် ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်း ခြောက်ခု၊ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းတစ်ခု၊ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းငါးခု၊ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း နှစ်ခု၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း နှစ်ခု၊ တွင်းနက်တူးဖော်ခြင်းလုပ်ငန်း နှစ်ခု၊ ဆိုလာစနစ်ဖြင့် စင်မြင့်ရေတင်ခြင်းလုပ်ငန်းတစ်ခုနှင့် ကုန်ထုတ်လမ်းပြုပြင်ခြင်းလုပ်ငန်းတစ်ခု စုစုပေါင်း ဖွံ့ဖြိုးရေးလုပ်ငန်းခွဲပေါင်း ၂၀ ကို ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ခွင့်ပြုငွေ ငွေကျပ်သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ၂၀၂၄ ခုနှစ် ဩဂုတ်လ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါကျေးရွာ ၂၃ ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုကို ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနိုင်နှင့် စီမံကိန်းတာဝန်ခံတို့က ကြည့်ရှုစစ်ဆေးကြပြီး လုပ်ငန်းလွှဲပြောင်းမှတ်တမ်းလွှာများ ပေးအပ်ရာ သက်ဆိုင်ရာကျေးရွာတာဝန်ရှိသူများက လက်ခံရယူကာ မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ကော်မတီများဖွဲ့စည်း၍ ဝိုင်းဝန်းထိန်းသိမ်းကြရန် ပြောကြားခဲ့ကြောင်း သိရသည်။


**မောင်နိုင်**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့တွင် ငွေကျပ် ၁ ဒသမ ၁၈ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၁

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီလ ၁၉ ရက်နေ့ ညနေ ၃ နာရီခွဲအချိန် တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းတွင် သတင်းအရစောင့်ဆိုင်းနေစဉ် မူးယစ်ဆေးဝါး အရောင်းအဝယ်ပြုလုပ်ရန်ရောက်ရှိလာသော ညီကတ်(ခ) လောနှ၊ အိုက်ပလိတ်၊ ဆမ်ချင်းနှင့် ဆိုင်ခမ်းတို့ ၄ ဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၆၀၂၀၀၀ ပြား၊ Vigo ၊ LEXUS ၊ CROWN မော်တော်ယာဉ် ၃ စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ည ၁၁ နာရီအချိန် စိတ်ကြွရူးသွပ်ဆေးပြားများရောင်းချခဲ့သူ ပေ့ထိအား တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်ရှိနေအိမ်၌ ဘိန်းညိုဘလောက်တုံး အလေးချိန် ၂ ဒသမ ၄၅ ကီလို၊ အိုက်စ်(မက်သ်အဖက်တမင်း) ၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀၀ ပြား၊ ဘိန်း ၂၈ ဒသမ ၅ ကီလို၊ ကက်တမင်း ၁၀၀ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရာတွင်အသုံးပြုသည့် WY တံဆိပ်ပါ မို ၁၈ စုံ၊ ပစ္စတိုသေနတ် ၃ လက်၊ ကျည်မျိုးစုံ ၇၂၈ တောင့်၊ မော်တော်ယာဉ် ၃ စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့၍ စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၁၈ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**(ရဲပြန်ကြား)**



ဖမ်းဆီးရမိတရားခံများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

# ဝက်သားတိုးမြှင့်ထုတ်လုပ်ဖို့ ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်နှင့်အညီ မွေးမြူစို့

**မိရိုးဖလာမှသည် စီးပွားဖြစ်ဆီသို့**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင်ကောက်ယူခဲ့သော မြေပြင်တိရစ္ဆာန်ကောင်ရေစာရင်း အချက်အလက်များအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရှိ တိရစ္ဆာန်မွေးမြူသည့် အိမ်ထောင်စုဦးရေ၏၃၀ ရာခိုင်နှုန်းခန့်သည် ဝက်မွေးမြူသူများဖြစ်သည်ကို တွေ့ရှိရသည်။ ယခင်က ဒေသဝက်များကို တစ်နှစ်ကျော်ကြာထိ မိရိုးဖလာအနေဖြင့် တစ်နိုင်တစ်ပိုင်မွေးမြူကြသော်လည်း ယခုအခါ မျိုးစပ်ဝက်များကို အသားတိုးအဖြစ် ထိန်းကျောင်းကျွေးမွေး၍ကာလတိုအတွင်း ဈေးကွက်ရောင်းချနိုင်သဖြင့် မိသားစုဝင်ငွေ ပိုမိုရရှိလာကြသည့်အပြင် ဒေသအနှံ့အပြားတွင် တစ်အုပ်တစ်မစီးပွားဖြစ်မွေးမြူလာကြပြီဖြစ်သည်။ မျိုးကောင်းမျိုးသန့် မျိုးရင်း အထီးနှင့် အမများဝယ်ယူ၍ ပြည်တွင်း၌ မျိုးစပ်ထုတ်လုပ်ဖြန့်ဖြူးသူ လုပ်ငန်းရှင်များလည်း တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ဆောင်ရွက်နေကြပြီဖြစ်သည်။ မျိုးသန့်ဝက်ထီး၏ မျိုးရည်ကို မေထုန်မဲ့သားစပ်ကျွမ်းကျင်သူတို့က ဝယ်ယူ၍ ဒေသအလိုက်မေထုန်မဲ့သားစပ်၍ ထုတ်လုပ်မှုကောင်းသောမျိုးထုတ်မွေးမြူခြင်းကိုပါ ဆောင်ရွက်လာပြီဖြစ်သည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှလည်း ထုတ်လုပ်မှုကောင်းသော မျိုးကောင်းမျိုးသန့်များ တိုးချဲ့မွေးမြူနိုင်စေရန် မွေးမြူသူများလိုအပ်သော ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မွေးမြူရေးနည်းပညာ အထောက်အကူပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ပါ၍ ဝက်သားထုတ်လုပ်မှု ပိုမိုတိုးမြှင့်စေရေးအတွက် ထုတ်လုပ်မှုကောင်းသောမျိုးများနှင့် မျိုးရွေးချယ်မွေးမြူနည်း၊ ဖြစ်ပွားတတ်သောရောဂါများ ကာကွယ်ထိန်းချုပ်ခြင်းနှင့် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်အကြောင်းကို သိရှိလေ့လာမှတ်သားနိုင်ရန် ရှင်းလင်းဖော်ပြပါမည်။

**ထုတ်လုပ်မှုကောင်းသောဝက်မျိုးများ**

မြန်မာနိုင်ငံတွင်း ဖြစ်ထွန်းအောင်မြင်နေသော မျိုးမြှင့်ဝက်မျိုးများအနက် မွေးမြူသူအကြိုက် ဝက်မျိုးငါးမျိုးရှိသည်။ ယင်းတို့အနက် ဂျူးရော့ဂျာစီ (Duroc Jersey)၊ ယော့ရှိုင်းရား (Yorkshire)နှင့် လင်းဒရေ့ (Landrace) မျိုးသုံးမျိုး၏ ထုတ်လုပ်မှုကောင်းသော အားသာချက်များကိုရယူ၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ (DYL) စပ်မျိုးဟူ၍ မျိုးစပ်ထုတ်လုပ်ဖြန့်ဖြူးခဲ့သည်။ ယနေ့အချိန်တွင်လည်း ၎င်းမျိုးများအပြင် အခြားမျိုးစစ်များနှင့် မျိုးစပ်၍ ထုတ်လုပ်မှုကောင်းပြီး ဒေသတွင်း ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးမြှင့်စပ်မျိုးများကို ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။ မျိုးစစ်ဝက်မျိုးငါးမျိုးမှာ-

**ဂျူးရော့ဂျာစီ (Duroc Jersey)**

မူရင်းဇာတိမှာ အမေရိကန်နိုင်ငံဖြစ်သည်။ နီညိုရောင်၊ နားရွက်လဲ ဝက်မျိုးဖြစ်သည်။ အခြားဝက်မျိုးများထက် ကြီးထွားနှုန်းပိုမြန်သည်။ သားပေါက်နှုန်း၊ သားထိန်းနှုန်းကောင်းပြီး အခြားမျိုးများနှင့် မျိုးစပ်ရာတွင် မျိုးထီးအနေဖြင့်အသုံးများသည်။

**ယော့ရှိုင်းရား (Yorkshire)**

အင်္ဂလန်နိုင်ငံ ယော့ရှိုင်းရားနယ်မှ စတင်မွေးမြူသည်။ အဖြူရောင်၊ နားရွက်ထောင်၊ ခန္ဓာကိုယ်ရှည်သည့် ဝက်ဖြူကြီးမျိုးဖြစ်သည်။ သားထိန်းကောင်းပြီး သားခွဲနှုန်းလည်းမြင့်သည်။ သုံးမျိုးစပ်မျိုးမြှင့်ထုတ်လုပ်ရာတွင် မျိုးတစ်မျိုးအနေဖြင့် ထည့်သွင်းသားဖောက်လေ့ရှိကြသည်။ ဒေသမျိုးများကိုမျိုးမြှင့်တင်ရာတွင် အသုံးပြုကြသည်။

**လင်းဒရေ့(Landrace)**

မူရင်းနိုင်ငံမှာ ဒိန်းမတ်နိုင်ငံဖြစ်သည်။ အဖြူရောင်၊ နားရွက်လဲ၊ ခန္ဓာကိုယ်ရှည်သည့် ဝက်ဖြူကြီးမျိုးဖြစ်သည်။ သားမွေးနှုန်း၊ သားခွဲနှုန်း၊ အသားတိုးနှုန်း ကောင်းမွန်သည်။ သုံးမျိုးစပ်မျိုးမြှင့်ထုတ်လုပ်ရာတွင် မျိုးတစ်မျိုးအနေဖြင့် ထည့်သွင်း သားဖောက်လေ့ရှိကြသည်။

**ပီထရိန်း(Pietrain)**

မူရင်းနိုင်ငံမှာ ဘယ်လ်ဂျီယံနိုင်ငံဖြစ်သည်။ အဖြူရောင်ကိုယ်ပေါ်တွင်အမည်းကွက်များရှိသည်။ နားရွက်ရှေ့သို့ ထိုးထွက်နေသည်။ ပေါင်သား၊ လက်ပြင်သား၊ ကုပ်သားများ ဖွံ့ဖြိုးကြီးထွားသည်။ သားပေါက်နှုန်း၊ ကြီးထွားနှုန်းကောင်းမွန်သည်။

**ဟမ်းရှိုင်းယား (Hampshire)**

မူရင်းနိုင်ငံမှာ အင်္ဂလန်နိုင်ငံဖြစ်သည်။



ကိုယ်လုံးအမည်းရောင်ရှိပြီး ရှေ့လက်၊ လက်ပြင်နှင့် ကုပ်ပိုးပတ်လည်တို့တွင် အဖြူရောင်ရှိသည်။ နားရွက်သည် အပေါ်သို့ ထောင်နေသည်။ အသားထွက်နှုန်းကောင်းသည်။ ခါးပတ်ကျားဟုလည်း ခေါ်ကြသည်။ သုံးမျိုးစပ်မျိုးမြှင့်ထုတ်လုပ်ရာတွင် မျိုးတစ်မျိုးအနေဖြင့် ထည့်သွင်းသားဖောက်လေ့ရှိကြသည်။

**ခြံတည်ထောင်ခြင်း**

ဝက်ခြံတစ်ခုတည်ထောင်မည်ဆိုလျှင် အောက်ပါ အခြေခံအချက်များအား ဆောင်ရွက်နိုင်ရန် ဦးစွာ ပြင်ဆင်ထားရပါမည်။ ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်နှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့်ဆက်သွယ်၍ အကြံဉာဏ်ရယူနိုင်သည်။

၁။ မြေနေရာရွေးချယ်ခြင်း

၂။ အဆောက်အအုံတည်ဆောက်ခြင်း

၃။ သွင်းအားစုများထည့်သွင်းခြင်း

**မြေနေရာရွေးချယ်ခြင်း**

(က) ဝက်များကိုကျွေးသည့် အစားအစာများ ပေါများစွာရရှိသည့်နေရာဒေသဖြစ်ရမည်။

(ခ) လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး လွယ်ကူသောနေရာဖြစ်ရမည်။

(ဂ) လေကောင်းလေသန့်နှင့် နေရောင်ခြည်ရသော နေရာမျိုးဖြစ်ရန်နှင့် သုံးရေလွယ်ကူ ပေါများစွာရရှိသော နေရာဖြစ်ရန်လိုအပ်သည်။

(ဃ) လူနေအိမ်နှင့်အလှမ်းဝေးသောနေရာဖြစ်ရမည်။ လိုအပ်သောအဆောက်အအုံများဆောက်လုပ်ရန်အပြင်စွန့်ပစ်ပစ္စည်းများစွန့်ပစ်ရန်လုံလောက်သော အကျယ်အဝန်းရှိသည့် စိုက်ပျိုးရလွယ်ကူသောမြေဖြစ်ရမည်။

(င) လျှပ်စစ်စွမ်းအင် သို့မဟုတ် ဆိုလာစွမ်းအင် ရရှိရမည်။

**ဝက်ခြံဆောက်လုပ်ခြင်း**

(က) မိမိဒေသတွင် အလွယ်တကူရရှိနိုင်သောပစ္စည်းများကိုအသုံးပြုပြီး ကုန်ကျစရိတ်သက်သာအောင် ဆောက်လုပ်နိုင်သည်၊ ဝက်များအတွက်သက်သောင့်သက်သာရှိပြီး လေဝင်လေထွက်ကောင်းရမည်။ လုံလောက်သော အရိပ်ရရှိရမည်။

(ခ) နေရောင်ခြည်ကျရောက်မှုနှင့် လေဒဏ်၊ မိုးဒဏ်တို့မှကာကွယ်နိုင်ရန် အတွက် ဝက်ခြံကို အရှေ့-အနောက် အလျားလိုက် တည်ဆောက်သင့်သည်။

(ဂ) ကြမ်းခင်းသည် ကွန်ကရစ်ကြမ်းခင်း (သို့) သစ်သားကြမ်းခင်း (သို့) ဝါးကြမ်းခင်းဖြစ်ပြီးသန့်ရှင်းရေးပြုလုပ်ရာတွင် လွယ်ကူစေရန်အတွက် အိပ်သည့်နေရာမှအဝေးသို့လျှောစောက်ပုံစံဖြစ်ရမည်။ ကြမ်းခင်းသည် ချောမနေရပါ။ သစ်သား (သို့) ဝါးကြမ်းခင်းဖြစ်ပါက ကြမ်းခင်းသည်မြေပြင်မှအနည်းဆုံး နှစ်ပေအမြင့်ရှိရမည်။

(ဃ) အစာခွက်နှင့် ရေခွက်တို့ကို အစာထည့်ကျွေးရန် လွယ်ကူသောနေရာနှင့် ရေလဲလှယ်ရန်အတွက် လွယ်ကူသောနေရာတွင် ထားရှိသင့်သည်။

(င) ဝက်နှုတ်သီးဖြင့် တွန်းထိုးတတ်သော အလေ့အထကြောင့် ကြမ်းခင်းနှင့်နံရံတို့ကို အကြမ်းခံနိုင်သောပစ္စည်းများ အသုံးပြုပြီး ဆောက်လုပ်သင့်သည်။

(စ) ဝက်ခြံကို ခိုင်ခံ့အောင်ဆောက်လုပ်ရမည်။ တိရစ္ဆာန်တစ်ကောင်ချင်းအတွက် လိုအပ်သောနေရာ၊ အကွာအဝေး သတ်မှတ်ချက်နှင့်အညီ ဆောက်လုပ်နိုင်ရမည်။

(ဆ) အစာကြမ်း၊ အစာနုများသိုလှောင်ရန် သီးခြားအဆောက်အအုံတည်ဆောက်ရမည်။ အဆောက်အအုံဆောက်လုပ်ခြင်းဆိုင်ရာ သိရှိလိုက်နာဖွယ်ရာများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့်ဆက်သွယ်၍ အကြံဉာဏ်ရယူနိုင်သည်။

**သွင်းအားစုများထည့်သွင်းခြင်း**

(က) မိမိမွေးမြူမည့် ရည်ရွယ်ချက်နှင့် ကိုက်ညီသော ဝက်မျိုးထည့်သွင်းရန်၊

(ခ) အစာကြမ်း၊ အစာနုနှင့် အစာကြိတ်ခွဲရောစပ်စက်ကိရိယာများ စုဆောင်းရန်၊

(ဂ) ဝက်ခြံတစ်ခြံတွင်ရှိသင့်သည့် လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများထားရှိရန် ဥပမာ-အစာသယ်ပို့ရန်နှင့် အညစ်အကြေးသယ်ထုတ်ရန် လက်တွန်းလှည်းငယ်များ၊ အညစ်အကြေးသန့်ရှင်းရာတွင်အသုံးပြုရမည့်ပစ္စည်းကိရိယာများ၊ တိရစ္ဆာန်ထိန်းချုပ်ပစ္စည်းများ၊


(ဃ) တိရစ္ဆာန်ဆေးကုဆရာဝန်မှ အကြံပြုထားသောဆေးဝါးနှင့်ဆက်စပ်ပစ္စည်းထားရှိရန်၊

(င) မိမိဒေသအခြေအနေနှင့်သင့်လျော်ပြီး ဇီဝလုံခြုံမှုနှင့်ကိုက်ညီသော ခြံစည်းရိုးကာရံရန်နှင့် ခြံအဝင်အထွက်ပေါက်တွင် ပိုးသတ်ဆေးကန်ထားရှိရန်။

ဝက်တစ်ကောင်အတွက်လိုအပ်သည့် နေရာအကျယ်အဝန်းကို ယေဘုယျအားဖြင့် ဖော်ပြပါအတိုင်းသတ်မှတ်မွေးမြူနိုင်သည်-

| တိရစ္ဆာန်အမျိုးအစား | (၁)ကောင်လိုအပ်ချက် | စုစုပေါင်းလိုအပ်ချက် |
|---|---|---|
| ဝက်(အသားတိုး) (၁) ကောင် | (၁၅) စတုရန်းပေ | ၂၀ ကောင် ၊ အလျား ၃၀xအနံ ၁၀ ပေ = ၃၀၀ စတုရန်းပေ |
| ဝက်(မျိုးဝက်မ) (၁) ကောင် | (၃၀) စတုရန်းပေ | ၁၀ ကောင် ၊ အလျား ၃၀xအနံ ၁၀ ပေ = ၃၀၀ စတုရန်းပေ |

ခြံနမူနာ ပုံစံ




**ဒေသထွက် အစာကုန်ကြမ်းနှင့် အသင့်သုံးစပ်စာ**

စားသောက်ရန်အတွက်ရည်ရွယ်မွေးမြူသည့် မည်သည့်တိရစ္ဆာန်အမျိုးအစားဖြစ်စေ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ဈေးကွက်တင်ပို့စရိတ်တို့အကြား အမြတ်အစွန်းကျန်သော မွေးမြူရေးဖြစ်ရမည်။ ထို့ကြောင့် မိမိတို့ကုန်ထုတ်ချိန်တွင် ဈေးကွက်ဝင် ထုတ်ကုန်အရည်အသွေးဖြစ်ရန်နှင့် ထုတ်ကုန်အတွက် အမြတ်အစွန်းရရှိရန်မှာ လွန်စွာအရေးကြီးသည်၊ ထုတ်ကုန်အရည်အသွေးနှင့်ထုတ်ကုန်အတွက် အမြတ်အစွန်းရရှိရေး **စာမျက်နှာ ၂၆ သို့** ❑

| စဉ် | ပါဝင်သည့်အမျိုးအစား (အစာကုန်ကြမ်း) | အစာရောစပ်မှု | | |
|---|---|---|---|---|
| | | ဝက်ကြီး | ဝက်လတ် | ဝက်ငယ် |
| | | ပါဝင်မှုနှုန်းထား | ပါဝင်မှုနှုန်းထား | ပါဝင်မှုနှုန်းထား |
| ၁ | ပြောင်း | ၁၀ ပိဿာ | ၂၉ ပိဿာ | ၃၁ ပိဿာ |
| ၂ | ဆန်ကွဲ | ၂၀ ပိဿာ | ၃၂ ပိဿာ | ၃၁ ပိဿာ |
| ၃ | ဖွဲနု | ၅၅ ပိဿာ | ၁၅ ပိဿာ | ၁၁ ပိဿာ |
| ၄ | ပဲဖတ် | ၅ ပိဿာ | ၁၂ ပိဿာ | ၁၃ ပိဿာ |
| ၅ | နှမ်းဖတ် | ၄ ပိဿာ | ၅ ပိဿာ | ၅ ပိဿာ |
| ၆ | ငါးခြောက်မှုန့် | ၄ ပိဿာ | ၅ ပိဿာ | ၇ ပိဿာ |
| ၇ | ဖြည့်စွက်/ဆေး | ၂ ပိဿာ | ၂ ပိဿာ | ၂ ပိဿာ |
| | စုစုပေါင်း | ၁၀၀ ပိဿာ | ၁၀၀ ပိဿာ | ၁၀၀ ပိဿာ |

ဖြည့်စွက်/ဆေးနှင့်ပတ်သက်၍ ချန်လှပ်ထားသည့်အချိုးအတွက် ဌာနသို့ မေးမြန်းနိုင်ပါသည်။

❑ စာမျက်နှာ ၂၅ မှအဆက်
ဟန်ချက်ညီရန်မှာ မွေးမြူရေးခြံအတွက် သုံးစွဲရသည့် သွင်းအားစုအပေါ် အဓိက မှီတည်သည်ဟုဆိုရပါမည်။ သွင်းအားစု ပေါင်းများစွာအနက်မှ ကျွေးမွေးရသည့် အာဟာရပြည့်အစာသည် အဓိကဖြစ် သည်ကို မွေးမြူသူတိုင်းသိရှိကြပြီးဖြစ် သည်။

သို့ဖြစ်ပါ၍ အာဟာရပြည့်အစာဖြစ်ရန် နှင့် သွင်းအားစုစရိတ်သက်သာမှုရှိစေရန် ကို အဓိကထားလျက်ပြည်တွင်းထွက်အစာ ကုန်ကြမ်းများဖြင့် အရည်အသွေးပြည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ဒေသတွင်းဖြစ်အစာကုန်ကြမ်းနှင့် အသင့် သုံးစပ်စာဆက်သွယ်နေမှုကို သိရှိနိုင်ရန် ဖော်ပြလိုသည်။ မွေးမြူထုတ်လုပ်လိုသူ အတွက် ယေဘုယျသိရှိနိုင်ရန် ဖော်ပြ ထားခြင်းဖြစ်သည်။ လိုက်ပါဆောင်ရွက်ရန် အကြံဉာဏ်ရယူလိုပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ တိုက်ရိုက်ဆက်သွယ် ရန်ဖြစ်သည်။ အစာကုန်ကြမ်းထွက်ရှိ သည့် ရေ၊ မြေ၊ ရာသီဥတုအရ အစာ ကုန်ကြမ်း၏ အာဟာရတန်ဖိုး ကွာခြား နိုင်ပါသဖြင့် လိုအပ်ပါက ဒေသအလိုက် ထွက်ရှိအစာကုန်ကြမ်းများတွင် ပါဝင် သည့် အာဟာရတန်ဖိုးများကို ဌာန၏ ဓာတ်ခွဲခန်းဖြင့် စိစစ်ဆောင်ရွက်ပေးနေ သည်။

**ရောဂါကာကွယ်ထိန်းချုပ်ရေးအစီအမံ**

ကောင်းမွန်သောမွေးမြူရေးကျင့်စဉ် များနှင့်အညီ မွေးမြူကြမည်ဆိုလျှင် ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်း စဉ်မှာ အောင်မြင်စွာဆောင်ရွက်ပြီးဖြစ် သည်။ ပြည့်စုံစွာရှင်းလင်းရပါမူ ဇီဝလုံခြုံမှု စနစ်အပြည့်အဝဖြင့် မွေးမြူထုတ်လုပ်သော မွေးမြူရေးခြံများအတွက်တိရစ္ဆာန်ကူးစက် ရောဂါ၊ တိရစ္ဆာန်မှ လူသို့ကူးစက်စေတတ် သောရောဂါတို့ကို စနစ်တကျကာကွယ် ထိန်းချုပ်ရန် လုပ်ငန်းစဉ်များသတ်မှတ် ထားပြီးဖြစ်၍ GAHP လက်မှတ်ရခြံ များသည် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်ကြ သည်။

လေ့လာသူများသိရှိနိုင်ရန် ဝက်မွေးမြူ ထုတ်လုပ်ရေးခြံများတွင် ကျွမ်းကျင် ပညာရှင်ဖြင့် မဖြစ်မနေထိုးနှံပေးရမည့် တိရစ္ဆာန် ကူးစက်ရောဂါကာကွယ်ဆေး များကို ဖော်ပြလိုသည်။ ယင်းတို့မှာ-

(က)ဝက်ခွာနာလျှာနာရောဂါကာကွယ် ဆေး

( ခ )ဝက်ဝမ်းကျရောဂါကာကွယ်ဆေး

( ဂ )ဝက်နားရွက်ပြာရောဂါကာကွယ် ဆေး

( ဃ )အာဖရိကဝက်အပြင်းဖျားရောဂါ ကာကွယ်ဆေး

**တန်ဖိုးမြှင့်ဈေးကွက်ပို့ဆောင်ခြင်း**

သတ်မှတ် GAHP များနှင့်အညီလိုက်နာ ဆောင်ရွက်သူတိုင်း ပြည်တွင်းပြည်ပ ဈေးကွက်ရရှိရေးအတွက် ဌာနမှ ထုတ်ကုန် ဆိုင်ရာ စံချိန်စံညွှန်းများကို ထုတ်ပြန် ဆောင်ရွက်ထားရှိသည်။

**ဝက်သား၊ အေးခဲဝက်သားနှင့် ကလီစာ အတွက်စံချိန်စံညွှန်း**

ဤဝက်သားစံချိန်စံညွှန်းသည် Swine species မှ ထုတ်လုပ်ထားသော ဝက်သား၊ အေးခဲဝက်သားနှင့် ကလီစာ စသည်တို့ အားလုံးအတွက်အကျုံးဝင်သည်။ ထုတ်ပြန် ပြီး စံချိန်စံညွှန်းတွင် အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ စစ်ဆေးခြင်းနှင့်စစ်ဆေးရန် စံချိန်စံညွှန်း များသတ်မှတ်ခြင်းဟူ၍ အပိုင်းသုံးပိုင်း ရှိသည်ဟု ယေဘုယျသိရှိနားလည်ထား စေလိုသည်။ ယေဘုယျသိရှိနားလည်ထား ခြင်းဖြင့်ပင် အသားထုတ်လုပ်မှုအတွက် နိုင်ငံတော်အစိုးရမှ ပြည်တွင်းသာမက ပြည်ပပို့ကုန်အထိပါ ရည်မှန်းဆောင်ရွက် ထားရှိကြောင်း သိရှိနိုင်သည်။

ထုတ်ပြန်ပြီး ဝက်သားဆိုင်ရာစံချိန်စံညွှန်း တွင်ပါဝင်သည့်အခန်းကဏ္ဍများမှာ ဖော်ပြပါ အတိုင်းဖြစ်ပါသည်-

(၁) ဝက်သား၊ အေးခဲဝက်သားနှင့် စားသုံးနိုင်သောကလီစာအတွက် အဓိပ္ပာယ်ဖွင့်ဆိုခြင်း

(၂) သားသတ်ခြင်းမပြုမီ တိရစ္ဆာန်၏ ကျန်းမာရေးကို မျက်မြင်စစ်ဆေးခြင်း

(၃) သားသတ်ပြီးနောက် တိရစ္ဆာန်ထွက် ပစ္စည်းများကို စစ်ဆေးခြင်း

(၄) နမူနာပစ္စည်းပေးပို့ခြင်း၊ တိရစ္ဆာန် ထွက်ပစ္စည်းများကို အရည်အသွေး သတ်မှတ်ခြင်းနှင့် စစ်ဆေးခြင်း

(၅) နမူနာပစ္စည်းပေးပို့ခြင်း၊ ညစ်ညမ်း ပစ္စည်းနှင့် အဆိပ်အတောက်ပါဝင်မှု စစ်ဆေးခြင်း

(၆) သတ္တုဓာတ်ပစ္စည်းပါဝင်မှုဆိုင်ရာ စံချိန် စံညွှန်းများ

(၇) မွေးမြူရေးခြံသုံးဆေးဝါးနှင့်တိရစ္ဆာန် သုံးဆေးဝါးများအတွက် ဒြပ်ကြွင်း ပါဝင်မှုဆိုင်ရာ စံချိန်စံညွှန်းများ

(၈) အဏုဇီဝပိုးပါဝင်မှုဆိုင်ရာ စံချိန် စံညွှန်းများ

(၉) နမူနာပစ္စည်းပေးပို့ခြင်း၊ ထုပ်ပိုးခြင်း နှင့် သိုလှောင်သိမ်းဆည်းခြင်း

(၁၀)နမူနာပစ္စည်းပေးပို့ခြင်း၊ ထုပ်ပိုး ကုန်တွင် ဖော်ပြသည့်တံဆိပ် တပ်ခြင်း

(၁၁) နမူနာပစ္စည်းပေးပို့ခြင်း၊ သယ်ယူ ပို့ဆောင်ခြင်း

နိုင်ငံတော်စံချိန်စံညွှန်းသတ်မှတ်ရေးဗဟို ကော်မတီမှ ခွင့်ပြုချက်ရရှိပြီး ထုတ်ပြန် ထားသည့် အသားကဏ္ဍစံချိန်စံညွှန်း များနှင့်ပတ်သက်၍ အသေးစိတ်အချက် အလက်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ်(၃၆)၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် ဆက်သွယ် မေးမြန်းလေ့လာနိုင်ပါ သည်။ ။

**ဒေါက်တာရင်းမြစ် (မွေး/ကု)**

# လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အားကစားနှင့် ကာယပညာသိပ္ပံ ကျောင်းဖွင့်လှစ်ရန်ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဧပြီ ၂၁**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုး တင်သည် တာဝန်ရှိသူများနှင့်အတူ ဧပြီလ ၂၁ ရက်တွင် နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (လွိုင်ကော်)နှင့် အားကစားနှင့် ကာယပညာ သိပ္ပံ(လွိုင်ကော်) ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား လွိုင်ကော်မြို့ ဒေါ်နိုး ကူးရပ်ကွက် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (လွိုင်ကော်)ကျောင်းအုပ်ကြီးက ကျောင်း ဖွင့်လှစ်နိုင်ရန်အတွက် ဝန်ထမ်းများစုဖွဲ့ ထားမှု၊ ကျောင်းဆောင်များ ကြိုတင် ပြင် ဆင်ထားမှု၊ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်လက်ခံမည့် အခြေအနေနှင့် အုပ်ချုပ်မှုများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ချီးမြှင့် ငွေများပေးအပ်သည်။

ထို့နောက် ကျောင်းဝင်းအတွင်းရှိ သင်တန်းသား၊ သင်တန်းသူ အိပ်ဆောင်များ၊ စားရိပ်သာများ၊ ထမင်းချက်ဆောင်များ၊ စာသင်ဆောင်များ ကြိုတင်ပြင်ဆင်ထား ရှိမှုများကိုလည်းကောင်း၊ ပစ္စည်းစတိုနှင့် ရိက္ခာဂိုဒေါင်များတွင် သင်တန်းသုံး ပစ္စည်း များနှင့် ဆန်၊ ဆီ၊ ပဲ၊ ဆားများ ကြိုတင်သို လှောင်ထားရှိမှုများ၊ ဝန်ထမ်းသက်သာ ချောင်ချိရေးအတွက် မွေးမြူထားသည့် ဥစားကြက် အကောင် ၅၀၀ မွေးမြူရေးခြံ အောင်မြင်ဖြစ်ထွန်းနေမှုတို့ကိုလည်း ကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်)သို့ ရောက်ရှိ ကာ ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် စားရိပ်သာနှင့် ထမင်းချက်ဆောင် ပြုပြင် မွမ်းမံပြီးစီးမှုများ၊ ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင်များ၊ စာသင်ဆောင်များ၊ ဝန်ထမ်းအိမ်ရာများ ကြိုတင်ပြင်ဆင်ထား မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်အားကစားနှင့်ကာယပညာသိပ္ပံ (လွိုင်ကော်) ကျောင်းအုပ်ကြီးက လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်း တင်ပြသည်။

ယင်းနောက် မီတာ ၄၀၀ Synthetic ပြေးလမ်းနှင့် ဘောလုံးကွင်းပြုပြင်ထား ရှိမှုများကိုကြည့်ရှုစစ်ဆေးပြီး ယခု ပညာသင်နှစ်တွင် သတ်မှတ်အရည်အချင်း နှင့်ကိုက်ညီသည့် ကျောင်းသား၊ ကျောင်းသူ များ အင်အားပြည့်တက်ရောက်နိုင်ရေး၊ ကျောင်းစာသင်ကြားသည့် ဆရာ၊ ဆရာမ များပြည့်စုံစွာ စိတ်အေးချမ်းသာစွာ သင်ကြားနိုင်အောင် စနစ်တကျ ကြိုတင် ပြင်ဆင်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များပေါင်းစပ် ညှိနှိုင်းပေးဆောင်ရွက်ကြောင်း သိရ သည်။

**စိုးလှိုင်ဌေး**

# ချောင်းဦးမြို့နယ်၌ နေ့နှမ်း ၁၉၄၇ ဧက စိုက်ပျိုးပြီးစီး

**ချောင်းဦး ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ၌ ၂၀၂၄-၂၀၂၅ ခုနှစ် နွေသီးနှံစိုက်ပျိုး ရာသီတွင် နေ့နှမ်း ၂၇၃၉ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မတ်လမှစတင်၍ စိုက်ပျိုးကြရာ ဧပြီလ ၂၁ ရက်အထိ ၁၉၄၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးချိန် ချောင်းဦးမြို့ နယ်မှာ နေ့နှမ်းဧက ၂၇၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့အထိ ဧက၁၉၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ကေပြည့်မီအောင်စိုက်ပျိုးနိုင် ရေးအတွက် ဆောင်ရွက်ပေးနေတယ်။ နှမ်း စိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်ရေး၊ GAPနည်းစနစ်နဲ့စိုက်ပျိုး ဖို့အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပါ တယ်"ဟု ချောင်းဦးမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူးကပြောသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် နေ့နှမ်း စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAPနည်းစနစ် များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့် များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်း မွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိသည်။

GAPစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ် များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံ များထက် အရည်အသွေးပိုမိုကောင်းမွန် ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေး ကွက်တွင်သာမက ပြည်ပဈေးကွက်များ ကိုပါ တင်ပို့ရောင်းချနိုင်သည့်အကျိုး ကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုး ထုတ်လုပ်သည့် တောင်သူများအနေဖြင့် လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများပါ တိုးတက် လာမည်ဖြစ်ကြောင်း သိရသည်။

**(၄၀၉)**

# လာမည့်စပါးအသင်းနှင့်ပွဲစဉ်တွင် အနိုင်ရရှိပါက လီဗာပူးအသင်း ယခုဘောလုံးရာသီမကုန်မီ ပရီးမီးယားလိဂ်ချန်ပီယံဆုဆွတ်ခူးနိုင်မည်




လန်ဒန် ဧပြီ ၂၁

လီဗာပူးအသင်းသည် လာမည့် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၄)အဖြစ်ကစားမည့် စပါးအသင်းနှင့် ပွဲစဉ်၌ အနိုင်ရရှိမည်ဆိုပါက ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပြိုင်ပွဲပြီးဆုံးရန် လေးပွဲအလိုတွင်ပင် ချန်ပီယံဆု ဆွတ်ခူးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၃)အပြီးတွင် လီဗာပူးအသင်းသည် ရမှတ် ၇၉ မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံး၌ ဦးဆောင်နေပြီး အဆင့်(၂) နေရာမှ အာဆင်နယ်အသင်းကို ရမှတ် ၁၃ မှတ်ဖြတ်တောက်ထားနိုင်ခဲ့သည်။ ထို့ကြောင့် လီဗာပူးအသင်းသည် လာမည့်စပါးအသင်းနှင့် ပွဲစဉ်တွင်အနိုင်ရရှိပါက ရမှတ် ၈၂ မှတ်ရရှိမည်ဖြစ်ပြီး အာဆင်နယ်အသင်းကလည်း အနိုင်ရရှိပါက ရမှတ် ၆၉ မှတ်ရရှိမည်ဖြစ်ကာ လီဗာပူးအသင်းက ရမှတ် ၁၃ မှတ် ဆက်လက်ဖြတ်တောက်နိုင်ပါက လက်ကျန်ပွဲစဉ်များတွင် အာဆင်နယ်အသင်း အနေဖြင့် ရမှတ် ၁၂ မှတ်ရရှိပြီး လီဗာပူးအသင်း အနေဖြင့် လက်ကျန်လေးပွဲစလုံး ရှုံးနိမ့်မည်ဆိုပါကလည်း ရမှတ်တစ်မှတ် ဖြတ်တောက်နိုင်မည်ဖြစ်သည့်အတွက် လီဗာပူးအသင်းက ပြိုင်ပွဲပြီးဆုံးရန် လေးပွဲအလိုတွင်ပင် ချန်ပီယံဆုဆွတ်ခူးနိုင်မည်ဖြစ်သည်။

လီဗာပူးအသင်းသည် ယခုဘောလုံးရာသီ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲစဉ်အဖြစ် ဧပြီလ ၂၇ ရက်တွင် စပါးအသင်းကို အိမ်ကွင်း၌ လက်ခံကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်တွင် အနိုင်ရရှိမည်ဆိုပါက ချန်ပီယံဆုဆွတ်ခူးနိုင်မည်ဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် အိမ်ကွင်းကိုးပွဲဆက် ဂိုးသွင်းယူနိုင်ခြင်းမရှိသည့် ပထမဆုံးကလပ်အသင်းအဖြစ် လက်စတာအသင်း မှတ်တမ်းဆိုးရရှိ

လန်ဒန် ဧပြီ ၂၁

လက်စတာအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၃)အဖြစ်ကစားသည့် လီဗာပူးအသင်းနှင့် ပွဲစဉ်တွင် ၁ ဂိုး - ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် အိမ်ကွင်း၌ ကိုးပွဲဆက် ဂိုးသွင်းယူနိုင်ခြင်းမရှိသည့် ပထမဆုံး ကလပ်အသင်းအဖြစ် မှတ်တမ်းဆိုးရရှိခဲ့ကြောင်း သိရသည်။

လက်စတာအသင်းသည် ၂၀၂၄ ခုနှစ်က အိမ်ကွင်း၌ လက်ခံကစားခဲ့သည့် ဘရိုက်တန်အသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက်ပိုင်း အိမ်ကွင်း၌ကစားသည့် ကိုးပွဲဖြစ်သော ဝုဗ်အသင်း၊ မန်စီးတီးအသင်း၊ ခရစ္စတယ်ပဲလေ့စ်အသင်း၊ ဖူလ်ဟမ်အသင်း၊ အာဆင်နယ်အသင်း၊ ဘရန့်ဖို့ဒ်အသင်း၊ မန်ယူအသင်း၊ နယူးကာဆယ်အသင်းနှင့် လီဗာပူးအသင်းတို့နှင့်ပွဲစဉ်များတွင် တစ်ဂိုးမျှသွင်းယူနိုင်ခြင်းမရှိဘဲ ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် အိမ်ကွင်းကိုးပွဲဆက် ဂိုးသွင်းယူနိုင်ခြင်းမရှိသည့် ပထမဆုံးကလပ်အသင်းအဖြစ် မှတ်တမ်းဆိုးရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်စတာအသင်းသည် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီးနောက်ပိုင်းတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ယခုဘောလုံးရာသီအပါအဝင် သုံးကြိမ်မြောက် တန်းဆင်းခဲ့ရခြင်းဖြစ်သည်။

လက်စတာအသင်းသည် ယခုဘောလုံးရာသီ အစပိုင်းကတည်းက ရလဒ်များ ဆက်တိုက်ဆိုးရွားခဲ့ပြီးနောက် နည်းပြအပြောင်းအလဲအဖြစ် နည်းပြနစ္စတယ်ရိုင်းကို ခန့်အပ်ခဲ့သော်လည်း နည်းပြနစ္စတယ်ရိုင်းလက်အောက်တွင် လက်စတာအသင်း အနေဖြင့် ရလဒ်များပိုမိုဆိုးရွားခဲ့သည်။ လက်စတာအသင်းသည် နည်းပြနစ္စတယ်ရိုင်းလက်အောက်တွင် ၂၂ ပွဲကစားခဲ့ရာ သုံးပွဲသာအနိုင်ရရှိပြီး နှစ်ပွဲသရေရလဒ်နှင့် ၁၇ ပွဲရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

*Ref;Fotmob*

# ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၃)အပြီးတွင် ဆောက်သမ်တန်အသင်း အစ်ဂုစ်ချ်အသင်းနှင့် လက်စတာအသင်းတို့ ပရီးမီးယားလိဂ်ပြိုင်ပွဲမှ တန်းဆင်းခဲ့ရ




လန်ဒန် ဧပြီ ၂၁

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၃)အပြီးတွင် ဆောက်သမ်တန်အသင်း၊ အစ်ဂုစ်ချ်အသင်းနှင့် လက်စတာအသင်းတို့ ပရီးမီးယားလိဂ်ပြိုင်ပွဲမှ တန်းဆင်းခဲ့ရကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ အမှတ်ပေးဇယားအောက်ဆုံးတွင် ရပ်တည်နေသည့် ဆောက်သမ်တန်အသင်းသည် ပွဲစဉ်(၃၂) ပြီးကတည်းက ပရီးမီးယားလိဂ်ပြိုင်ပွဲမှ တန်းဆင်းခဲ့ရခြင်းဖြစ်ပြီး အစ်ဂုစ်ချ်အသင်းနှင့် လက်စတာအသင်းတို့အနေဖြင့် ပွဲစဉ်(၃၃) တွင် ပြိုင်ဘက်အသင်းများကို အသီးသီးရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲပြီးဆုံးရန် ငါးပွဲအလိုတွင်ပင် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ တန်းဆင်းခဲ့ရခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၃) တွင် လက်စတာအသင်းသည် လီဗာပူးအသင်းကို ၁ ဂိုး - ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပြီး အစ်ဂုစ်ချ်အသင်းသည် အာဆင်နယ်အသင်းကို ၄ ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီးနောက် တန်းဆင်းခဲ့ရခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၃)အပြီးတွင် ဆောက်သမ်တန်အသင်းက ရမှတ် ၁၁ မှတ်ဖြင့် အဆင့်(၂၀)၊ လက်စတာအသင်းက ရမှတ် ၁၈ မှတ်ဖြင့် အဆင့်(၁၉) နှင့် အစ်ဂုစ်ချ်အသင်းက ရမှတ် ၂၁ မှတ်ဖြင့် အဆင့်(၁၈)နေရာ၌ရပ်တည်နေပြီး ဆောက်သမ်တန်အသင်းနှင့် လက်စတာအသင်းတို့အနေဖြင့် လက်ကျန်ငါးပွဲစလုံးအနိုင်ရရှိခဲ့လျှင်လည်း လိုက်မီနိုင်မည်မဟုတ်ဘဲ အစ်ဂုစ်ချ်အသင်းအနေဖြင့် လက်ကျန်ငါးပွဲစလုံး အနိုင်ရရှိပြီး ဝက်စ်ဟမ်းအသင်းက ငါးပွဲစလုံးရှုံးနိမ့်ခဲ့လျှင်လည်း ရမှတ်ကွာခြားချက်ဖြင့် လိုက်မီနိုင်မည်မဟုတ်သည့်အတွက် တန်းဆင်းရန် သေချာစေခဲ့ခြင်းဖြစ်သည်။

ဆောက်သမ်တန်အသင်း၊ အစ်ဂုစ်ချ်အသင်းနှင့် လက်စတာအသင်းတို့သည် ပြီးခဲ့သည့်ဘောလုံးရာသီက အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲတွင် လက်စတာအသင်းက ချန်ပီယံဆုဆွတ်ခူးနိုင်ပြီး တန်းတက်လာခဲ့ခြင်းဖြစ်သည်။ အစ်ဂုစ်ချ်အသင်းကလည်း အဆင့်(၂)နေရာမှ တန်းတက်နိုင်ခဲ့ပြီး ဆောက်သမ်တန်အသင်းသည် ရှုံးထွက်အဆင့်မှ ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်လာနိုင်ခြင်းဖြစ်သည်။ အဆိုပါသုံးသင်းအနေဖြင့် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် တစ်ရာသီသာ ကစားခွင့်ရရှိပြီးနောက် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ ပြန်လည်တန်းဆင်းခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

*Ref;B/R Football*

# ဘာစီလိုနာအမျိုးသမီးအသင်း အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့တက်ရောက်ရန်နီးစပ်နေ

ဘာစီလိုနာ ဧပြီ ၂၁

အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်အဖြစ်ကစားသည့် ဘာစီလိုနာအမျိုးသမီးအသင်းနှင့် ချယ်လ်ဆီးအမျိုးသမီးအသင်းတို့ပွဲစဉ်တွင် ဘာစီလိုနာအမျိုးသမီးအသင်းအနေဖြင့် အိမ်ကွင်း၌ ၄ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရရှိပြီးနောက် ဗိုလ်လုပွဲသို့တက်ရောက်ရန် နီးစပ်နေကြောင်း သိရသည်။

အဆိုပါပွဲစဉ်၌ ဘာစီလိုနာအမျိုးသမီးအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၅ မိနစ်တွင် ပါဂျို၊ ပွဲချိန် မိနစ် ၇၀ နှင့် မိနစ် ၉၀ တို့တွင် ပီနာ၊ ပွဲချိန် ၈၂ မိနစ်တွင် ပါရီဒက်တို့က သွင်းယူပေးနိုင်ခဲ့ပြီး ချယ်လ်ဆီးအမျိုးသမီးအသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် ၇၄ မိနစ်တွင် ဘယ်တီမိုရီက သွင်းယူပေးနိုင်ခဲ့သည်။

အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် ချယ်လ်ဆီးအမျိုးသမီးအသင်းနှင့် ဘာစီလိုနာအမျိုးသမီးအသင်းတို့သည် ဧပြီလ ၂၇ ရက်တွင် ချယ်လ်ဆီးအမျိုးသမီးအသင်း အိမ်ကွင်း၌ ဆက်လက်ကစားရမည်ဖြစ်သည်။

ဘာစီလိုနာအမျိုးသမီးအသင်းအနေဖြင့် ဗိုလ်လုပွဲသို့တက်ရောက်နိုင်မည်ဆိုပါက အာဆင်နယ်အမျိုးသမီးအသင်းနှင့် လိုင်ယွန်အမျိုးသမီးအသင်းတို့မှ အနိုင်ရရှိမည့်အသင်းနှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

*Ref;One Football*

# ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)တွင် သင်တန်းများပုံမှန်အတိုင်းဖွင့်လှစ်နိုင်ရေး ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၁

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်သယံဇာတရေးရာဝန်ကြီးနှင့်အတူ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။ တွေ့ဆုံပွဲတွင် ဒုတိယပါမောက္ခချုပ်က မန္တလေးငလျင်ကြီးဒဏ်ကြောင့် ပင်မသုံးထပ်စာသင်ဆောင်နှင့် အခြားထိခိုက်ပျက်စီးမှုအခြေအနေများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အင်ဂျင်နီယာအသင်း လာရောက်စစ်ဆေးမှုမှတ်တမ်းများ၊ နိုင်ငံတော်အကြီးအကဲ၏ ကြည့်ရှုစစ်ဆေးမှုနှင့် လမ်းညွှန်ချက်များကို ရှင်းလင်းတင်ပြပြီး အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနေမျိုးထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအတိုင်း တိတိကျကျ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်သွားရန်တိုက်တွန်းမှာကြားပြီး ဒုတိယဝန်ကြီးနှင့် ပြည်နယ်သယံဇာတရေးရာဝန်ကြီးတို့သည် ကျောင်းဖွင့်ချိန်၌ သင်တန်းများကို ပုံမှန်အတိုင်းဖွင့်လှစ်နိုင်ရေး လုပ်ငန်းများဆိုင်ရာလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယင်းနောက်ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပင်မသုံးထပ်စာသင်ဆောင်ရှိ လော်ဘီ၌ ကွန်ကရစ်တိုင်များ၊ Bean လိုင်းများနှင့် လှေကားခွင်တွင် Structure နှင့် Strength ထိခိုက်ပျက်စီးမှုအခြေအနေများ၊ မြေညီထပ်၊ ပထမထပ်နှင့် ဒုတိယထပ်တို့တွင် ကွန်ကရစ်တိုင်များ၊ Bean လိုင်းများ၊ နံရံများ၊ မျက်နှာကြက်များ၊ လှေကားခွင်များ၊ Joint အဆက်ကော်လံတိုင်များတွင် ထိခိုက်ပျက်စီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

နေ့လယ်ပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ကြီး) သို့ရောက်ရှိပြီး အဆိုပါသိပ္ပံနှင့်အစိုးရနည်းပညာအထက်တန်းကျောင်း (ပင်းပက်) တို့မှ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။ တွေ့ဆုံစဉ်သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့် ဝန်ထမ်းများက သာမန်အဆင့်အသေးစားထိခိုက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဉာဏ်ဝင်းသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးနှင့် ပြည်နယ်သယံဇာတရေးရာဝန်ကြီးတို့က လိုအပ်သည်များမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

(သတင်းစဉ်)

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဧပြီလ ၁၈ ရက်**တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်၊ ပျဉ်းမနားခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၇ ဒသမ ၆၁၃)တန်၊ အခြားသစ် (၉ ဒသမ ၁၃၉)တန်၊ မီးသွေး (၆ ဒသမ ၀၅)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၄၁၀၉၄၆၈)** ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဧပြီလ ၂၁ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၄၄၀၀၀)နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၆၇၃၄၄၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၈ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၁)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၄၆၃၄၆၈)** ကိုဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်အောင်ဆောင်ရွက်ရာတွင် သိသာစွာထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှရရှိသည့် အခွန်အခများ၊ တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများ လျှော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတင်းရရှိသည်။

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ**





**ရောဝတီတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး၊ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်၊ တင်ဒါကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ ရောဝတီတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်၊ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားပြည်တွင်းပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမျိုးအစား |
|---|---|
| (က) | ကျုံကူးနယ်မြေမီးသတ်စခန်းအဆောက်အဦ(သံကူကွန်ကရစ်) (၄၅'x၅၀'x၂၆')ပေ (၂)ထပ်၊ (ရေသန့်လျှပ်စစ်ပါ)လုပ်ငန်း(၅၆.၁၆%) |
| (ခ) | အဆင့်မြင့်အရေးပေါ်တုံ့ပြန်မှုစနစ်(Advanced Response System-AERS) Man Pack (၁)စုံ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို (၂၂-၄-၂၀၂၅)ရက်နေ့မှစ၍ စတင်ရောင်းချမည်ဖြစ်ပြီး (၅-၅-၂၀၂၅)ရက်နေ့ (၁၆:၀၀)အချိန် နောက်ဆုံးထားပေးသွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ရောဝတီတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး၊ ဖုန်း(၀၄၂-၂၀၂၅၂၉၆၊ ၀၄၂-၂၀၂၁၁၂၂)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ
ရောဝတီတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

**ပျောက်ဆုံးကြောင်း**
ဖြူးမြို့၊ ဇေယျဝတီမြို့မ(၂)ဈေးပိုင်းနေ ဂျီသင်ဒရာကူးမား(ဘ)ဦးဘာဂဝမ်ဒတ်(စ်) ၇/ဖမန(နိုင်)၂၁၂၀၀၇ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ခွန်စောရန်နိုင်(ဘ)ဦးဝင်းဇော် ၇/ထတပ(နိုင်)၀၈၄၁၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 135217)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၉၉၂၂၇၀၀

**ပျောက်ဆုံးကြောင်း**
ဖြူဖြူကျော်(ဘ)ဦးကျော်ကျော် ၆/ကသန(နိုင်)၀၇၉၄၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 693430)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၉၁၅၂၄၄၇

**ပျောက်ဆုံးကြောင်း**
ဝေါမြို့၊ အဗျားဘိုတဲကျေးရွာနေ ခိုင်သင်းသင်းစိုး(ဘ)ဦးခင်စိုး ၇/ဝမန(နိုင်)၁၃၂၉၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
နှင်းယုဝေ(ဘ)ဦးထွန်းထွန်းဝင်း ၁၂/တကန(နိုင်)၂၄၄၃၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**မွေးသက္ကရာဇ်အမှန်**
ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဘ)ဦးမျိုးဇော်အောင်၏သား ၁၂/ဥကမ(နိုင်)၂၅၂၇၄၂ ကိုင်ဆောင်သူ မောင်သီဟအောင်၏မွေးသက္ကရာဇ်အမှန်မှာ (၄-၂-၂၀၀၀)ဖြစ်ပါကြောင်း။

**ပျောက်ဆုံးကြောင်း**
မအာမွေး(ဘ)ဦးလီဆုံးရှိန် ၁၃/လရန(နိုင်)၁၀၂၀၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 729330)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၅၁၉၆၅၉၁

**ပျောက်ဆုံးကြောင်း**
ဖြိုးသီဟကျော်(ဘ)ဦးမိုးကျော်သူ ၁၂/တကန(နိုင်)၂၄၁၉၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
တင့်ဆွေ(ဘ)ဦးဖေဝင်း ၁၂/လမတ(နိုင်)၀၃၄၅၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၅၁၃၅၂

**ပျောက်ဆုံးကြောင်း**
လမ်းမတော်မြို့၊ အမှတ်(၇)ရပ်ကွက်၊ ၈၅/၁၅ လမ်းနေ ဟော်ကျင်းရန်(ဘ) ဦးဟော်ဖုံတောင် ၁၃/ကခန(နိုင်)၁၄၃၇၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 933762)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ပြည့်ဝန်းအောင်(ဘ)မာမတ်ရော်ဖီး(ခ)ပြည့်ဝန်းမောင် ၁၁/မတန(ပြု)၀၀၃၀၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၇၇၁၈၂၅၃

**ပျောက်ဆုံးကြောင်း**
နော်ခိုင်ခိုင်မိုး(ဘ)ဦးမိုးဇက် ၁၂/ပတန(နိုင်)၁၃၅၄၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၇၁၅၄၄၅

**ပျောက်ဆုံးကြောင်း**
ရွှေဇန်ပါရ်(ဘ)ဦးမောင်ထွန်း ၄/ဟခန(နိုင်)၀၅၂၃၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 266363)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၈၅၃၂၇၇၃

**ပျောက်ဆုံးကြောင်း**
နိုင်လင်းမောင်(ဘ)ဦးဝင်းမြင့် ၁၂/ဒဂတ(နိုင်)၁၂၆၆၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 274034)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၅၄၀၈၀၉၆

**ပျောက်ဆုံးကြောင်း**
မမှိုက်ရွာလ်(ဘ)ဦးရင့်လျှန်းဟရန်း ၄/ဖလန(နိုင်)၀၆၂၆၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မနိန်စန်းကိမ်(ဘ)ဦးအွန်ဇပာန် ၄/တဇန(နိုင်)၀၂၉၈၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မင်းပြည့်စုံ(ဘ)ဦးကျော်မင်းဦး ၁၂/ဥကမ(နိုင်)၂၇၇၂၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 806121)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၁၉၂၆၁၃၁

**ပျောက်ဆုံးကြောင်း**
လီဆုံးချိ(ခ)ဇော်ဇော်(ဘ)ဦးလီကျိန်းရှန် ၁၃/လရန(နိုင်)၂၆၆၈၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 428821)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၁၉၂၆၁၃၁

**ပျောက်ဆုံးကြောင်း**
ဟိန်းထက်အောင်(ဘ)ဦးနိုင်ဝင်း ၈/ခမန(နိုင်)၁၆၇၁၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၃၄၆၇၇၉၀

**ပျောက်ဆုံးကြောင်း**
နှင်းအိရွှေဝတ်ရည်(ဘ)ဦးဇော်ဝင်းနိုင် ၇/ရကန(နိုင်)၀၆၈၇၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အေးမြတ်သူ(ဘ)ဦးအေးကို ၁၃/လရန(နိုင်)၁၂၉၂၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# ပုပ်ရဟန်းမင်းကြီးဖရန်စစ် အသက် ၈၈ နှစ်တွင်ကွယ်လွန်

**ဗာတီကန်၊ ပြည်တွင်းရေး**

ရိုမန်ကက်သလစ်ဘုရားရှိခိုးကျောင်းအတွက် ပထမဆုံးသော လက်တင်အမေရိကမှခေါင်းဆောင်ဖြစ်သည့် ပုပ်ရဟန်းမင်းကြီးဖရန်စစ်သည် အသက် ၈၈ နှစ်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း ဗာတီကန်နိုင်ငံက ဧပြီလ ၂၁ ရက်တွင် အသိပေးထုတ်ပြန်သည်။

အမည်ရင်း ဂျော့မာရီယိုဘာဂိုဂလီယိုဟုအမည်တွင်သည့် ပုပ်ရဟန်းမင်းကြီးလောင်းလျာကို ၁၉၃၆ ခုနှစ်တွင်မွေးဖွားခဲ့ခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် ရိုမန်ကက်သလစ်ဘုရားရှိခိုးကျောင်း၏ အကြီးအကဲဖြစ်လာခြင်းဖြစ်သည်။

ပုပ်ရဟန်းမင်းကြီးဖရန်စစ်ကွယ်လွန်ပြီးနောက် ကမ္ဘာတစ်ဝန်းရှိနိုင်ငံအသီးသီးမှခေါင်းဆောင်များက ဝမ်းနည်းကြောင်းသဝဏ်လွှာများပေးပို့သည်။

ပုပ်ရဟန်းမင်းကြီးသည် အဆုတ်ရောင်ရောဂါဖြင့် ၃၈ ရက်ကြာဆေးရုံတက်နေရာမှ မတ်လ ၂၃ ရက်တွင် ဆေးရုံမှ ဆင်းပြီးနောက် ယခုကဲ့သို့မကွယ်လွန်မီ တစ်ရက်အလိုတွင် လူမြင်ကွင်းသို့ပြန်လည်ထွက်ပေါ်လာပြီး ဧည့်ပရိသတ်များအား ကောင်းချီးများပေးခဲ့ကြောင်းသိရသည်။

Ref: TST



# အမေရိကန်နှင့်ဖိလစ်ပိုင်တို့က စစ်သည်အင်အား ၁၄၀၀၀ ကျော်ဖြင့် ပူးတွဲတိုက်ပွဲဝင်စစ်ရေးလေ့ကျင့်ခန်းဆောင်ရွက်

**မနီလာ၊ စစ်ရေး**

အမေရိကန်နှင့်ဖိလစ်ပိုင်တို့က စစ်သည်အင်အား ၁၄၀၀၀ ကျော်ဖြင့် ပူးတွဲတိုက်ပွဲဝင်စစ်ရေးလေ့ကျင့်ခန်းကြီးကို ဧပြီလ ၂၁ ရက်တွင်ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါစစ်ရေးလေ့ကျင့်ခန်းကို နှစ်စဉ်ဆောင်ရွက်လေ့ရှိပြီး ယခုလေ့ကျင့်ခန်းကို မေလ ၉ ရက်အထိ သီတင်းပတ်သုံးပတ်ကြာဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုလေ့ကျင့်ခန်းတွင် အမေရိကန်မှ NMESIS သင်္ဘောဖျက်ဒုံးကျည်စနစ်နှင့် HIMARS ဒုံးပစ်လောင်ချာတို့ကဲ့သို့သော စစ်လက်နက်ပစ္စည်းများ၏ စွမ်းရည်များကိုပါပြသသွားမည်ဖြစ်သည်။

ထို့ပြင် စစ်ရေးလေ့ကျင့်ခန်းတွင်ပါဝင်သည့် ကျည်စစ်ကျည်မှန်အသုံးပြုပစ်ခတ်လေ့ကျင့်ခန်းတွင် ဖိလစ်ပိုင်ကငင်းတို့၏ ပြည်တွင်းဖြစ်ခေတ်မီဒုံးကျည်များကို စမ်းသပ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အလားတူ ယခုစစ်ရေးလေ့ကျင့်ခန်းသည် အပြည့်အဝတိုက်ပွဲဝင်စမ်းသပ်မှုဖြစ်ကြောင်း၊ နှစ်နိုင်ငံတပ်ဖွဲ့များ၏ စွမ်းရည်များကို ဘက်ပေါင်းစုံမှတိုင်းတာသွားမည်ဖြစ်ကြောင်း အမေရိကန်တပ်မတော်မှ စစ်ရေးလေ့ကျင့်ခန်းဆိုင်ရာညွှန်ကြားရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဂျိမ်းဂလင်းကပြောသည်။

ထိုစစ်ရေးလေ့ကျင့်ခန်းတွင် ဒုံးကျည်ရန်စွယ်ကာကွယ်ရေး၊ ကျူးကျော်လာမှုကိုဟန့်တားရေး၊ ဖိလစ်ပိုင်စစ်ရေယာဉ်တစ်စင်းကို ပစ်ခတ်နှစ်မြှုပ်ရေးတို့ပါဝင်ကာ အမေရိကန်ဘက်က စစ်သည် ၉၀၀၀ ဝန်းကျင်နှင့် ဖိလစ်ပိုင်ဘက်က စစ်သည် ၅၀၀၀ ကျော်က လေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref: TST



# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းက ကမ္ဘာတစ်ဝန်းတွင် ကင်ဆာကဲ့သို့ပျံ့နှံ့နေဟုဆို

**ဘန်ကောက်၊ နိုင်ငံရေး**

အွန်လိုင်းလိမ်လည်မှုလုပ်ငန်းက တောင်အမေရိကနှင့်အာဖရိကဒေသအပါအဝင် ကမ္ဘာတစ်ဝန်းတွင် ကင်ဆာကဲ့သို့ပျံ့နှံ့လာနေကြောင်း ကုလသမဂ္ဂက ဧပြီလ ၂၁ ရက်တွင်ထုတ်ပြန်ထားသည်။

ပြီးခဲ့သည့်နှစ်များအတွင်းထွက်ပေါ်လာသည့် အဆိုပါအွန်လိုင်းလိမ်လည်မှုကွန်ရက်များသည်အလုပ်သမားသိန်းပေါင်းများစွာကိုအသုံးပြုခိုင်းစေလျက်ရှိကြောင်း၊ အများစုမှာ လူကုန်ကူးခံရသူများနှင့်အွန်လိုင်းလိမ်လည်မှုလုပ်ရန် အတင်းအကျပ်ဖိအားပေးခံရသူများဖြစ်ကြောင်း ကုလသမဂ္ဂ၏ မူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုဆိုင်ရာရုံး(UNODC)၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အရှေ့တောင်အာရှဒေသရှိ အစိုးရများက အဆိုပါအွန်လိုင်းလိမ်လည်မှုကွန်ရက်များကိုဖြိုခွင်းလျက်ရှိသော်လည်း ထိုကွန်ရက်များသည် ဒေသတွင်းကိုကျော်လွန်၍ ကင်ဆာကဲ့သို့ပျံ့နှံ့လာခြင်းကြောင့် နိုင်ငံများကပူးပေါင်း၍ နှိမ်နင်းသင့်ကြောင်း UNODC မှဒေသတွင်းရေးရာလေ့လာသူ ဂျွန်ဝေ့ါစစ်ကပြောသည်။ ထို့ပြင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းသည် နှစ်စဉ်ဒေါ်လာဘီလီယံပေါင်းများစွာအကျိုးအမြတ်ရရှိနေကြောင်းသိရသည်။

Ref: TST

## သတင်းတိုကဏ္ဍ

### အိန္ဒိယက နှစ်ပေါင်း ၄၀ အတွင်း ပထမဆုံးအာကာသယာဉ်မှူးကို ISS သို့စေလွှတ်မည်

အိန္ဒိယအစိုးရက နှစ်ပေါင်း ၄၀ အတွင်း ပထမဆုံးသော အာကာသယာဉ်မှူးကို နိုင်ငံတကာအာကာသစခန်း ISS သို့ စေလွှတ်သွားမည်ဖြစ်ကြောင်းသိရသည်။ အိန္ဒိယနိုင်ငံက ၎င်းတို့၏ပထမဆုံးသော အာကာသယာဉ်မှူးကို ၁၉၈၄ ခုနှစ်တွင် ဆိုယုအာကာသယာဉ်ဖြင့်စေလွှတ်ခဲ့ခြင်းဖြစ်သည်။

ယခုနိုင်ငံတကာအာကာသစခန်းသို့ သွားမည့် အိန္ဒိယအာကာသယာဉ်မှူးမှာ လေတပ်မှအုပ်ဖွဲ့မှူးရှူဘန်ရှူရှူကလာဖြစ်ပြီး Axiom–4 မစ်ရှင်အတွက် သွားခြင်းဖြစ်သည်။

အဆိုပါမစ်ရှင်သည် Axiom Space ကုမ္ပဏီက SpaceX ကုမ္ပဏီ၊ NASA တို့နှင့် ပူးပေါင်း၍ အာကာသသို့ယာဉ်မှူးများကို စေလွှတ်သည့်အစီအစဉ်တစ်ခုဖြစ်ကြောင်း အိန္ဒိယအာကာသဝန်ကြီးဌာနက ကြေညာထားသည်။

ရှူကလာသည် အိန္ဒိယနိုင်ငံ၏ အာကာသအစီအစဉ်ဖြစ်သော ဂါဂန်ယန်းအစီအစဉ်အတွက် ရွေးချယ်ထားသည့် အာကာသယာဉ်မှူးလေးဦးအနက် တစ်ဦးဖြစ်သည်။

Ref: RT

### အမေရိကန်-အီရန်ဆွေးနွေးမှုရလဒ်ကြောင့် ရေနံစိမ်းဈေးနှုန်းကျဆင်း

အမေရိကန်နှင့်အီရန်တို့ကြားဆောင်ရွက်လျက်ရှိသည့် ဆွေးနွေးမှုများကြောင့် အပြုသဘောဆောင်သောရလဒ်ရရှိလာသည့်အနေဖြင့် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းကျဆင်းလာကြောင်းသိရသည်။

ဧပြီလ ၂၁ ရက်နံနက်ပိုင်းတွင် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းမှာ နှစ်ရာခိုင်နှုန်းကျော်ကျဆင်းလာခြင်းဖြစ်သည်။ သို့သော် ရင်းနှီးမြှုပ်နှံသူများသည်အမေရိကန်အစိုးရ၏ စည်းကြပ်အခွန်မူဝါဒကြောင့်စီးပွားရေးခက်ခဲလာမည်ကို စိုးရိမ်ပူပန်လျက်ရှိသည်။

ပြီးခဲ့သည့်သီတင်းပတ်တွင် ဘရန့်ရေနံစိမ်းဈေးနှုန်းမြင့်တက်နေရာမှ ဧပြီလ ၂၁ ရက်တွင် ၂ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းပြီး ရေနံစိမ်းတစ်စည်လျှင် ၆၆ ဒသမ ၄၂ ဒေါ်လာပေါက်ဈေးရှိလာခြင်းဖြစ်သည်။ ထို့အတူ WTI ရေနံစိမ်းဈေးနှုန်းမှာ ၂ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းပြီး တစ်စည်လျှင် ၆၃ ဒသမ ၁၀ ဒေါ်လာပေါက်ဈေးရှိကြောင်းသိရသည်။

Ref: RT

### အရန်ဆန်များထုတ်ရောင်းပေးသော်လည်း ဂျပန်နိုင်ငံ၌ ဆန်ဈေးနှုန်းများဆက်လက်မြင့်တက်နေ

ဂျပန်အစိုးရက အရန်ဆန်များထုတ်ရောင်းပေးလျက်ရှိသော်လည်း နိုင်ငံ၌ ဆန်ဈေးနှုန်းများဆက်လက်မြင့်တက်နေကြောင်းအစိုးရ၏ ဧပြီလ ၂၁ ရက်ထုတ်ပြန်ချက်အရသိရသည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်း နိုင်ငံအတွင်းရှိ ကုန်တိုက်ကြီးများ၌ ပျမ်းမျှအားဖြင့် ဆန် ၅ ကီလိုဂရမ်လျှင် ၄၂၁၇ ယန်းပေါက်ဈေးရှိကြောင်းတွေ့ရသည်ဟု အစိုးရ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အဆိုပါပမာဏသည် သီတင်းပတ် ၁၅ ပတ်ဆက်တိုက် ဆန်ဈေးနှုန်းမြင့်တက်လာသည်ကိုဖော်ညွှန်းနေကြောင်း စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

အစိုးရအနေဖြင့် သိုလှောင်ထားသည့် အရန်ဆန်တန်ချိန် ၁၄၀၀၀၀ ကို ဈေးကွက်အတွင်းသို့ ထုတ်ရောင်းပေးနေသော်လည်း ဆန်ဈေးနှုန်းမြင့်တက်နေရခြင်းမှာ ယင်းဆန်များသည် ဈေးကွက်အတွင်းသို့ မရောက်သေးသောကြောင့်ဖြစ်ကြောင်း ကျွမ်းကျင်သူများက လေ့လာသုံးသပ်ထားသည်ဟုသိရသည်။

Ref: Xinhua

### CATL က ဆိုဒီယမ်-အိုင်းယွန်းဘက်ထရီများကို အမြောက်အမြားထုတ်လုပ်မည်

တရုတ်နိုင်ငံမှ CATL ကုမ္ပဏီသည် ဆိုဒီယမ်–အိုင်းယွန်းဘက်ထရီများကို ယခုနှစ်ကုန်ပိုင်းမှစ၍ အရေအတွက်အမြောက်အမြားထုတ်လုပ်သွားမည်ဖြစ်ကြောင်း ထိုကုမ္ပဏီက ဧပြီလ ၂၁ ရက်တွင်ထုတ်ပြန်ကြေညာသည်။

CATL ကုမ္ပဏီထုတ် ဘက်ထရီများကို Tesla နှင့် BMW တို့ကဲ့သို့သော မော်တော်ကားကုမ္ပဏီကြီးများက ၎င်းတို့၏လျှပ်စစ်စွမ်းအင်သုံးမော်တော်ကားများတွင် ထည့်သွင်းတပ်ဆင်ပေးထားခြင်းဖြစ်သည်။

ယခုထုတ်လုပ်မည့် ဆိုဒီယမ်–အိုင်းယွန်းဘက်ထရီများသည် သုတေသနလုပ်ငန်းများကိုအောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဘက်ထရီ၏စွမ်းဆောင်ရည်မှာ တစ်ကြိမ်အားသွင်းရုံဖြင့် ကီလိုမီတာ ၅၀၀ အထိသွားနိုင်မည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ဆိုဒီယမ်ကုန်ကြမ်းကို အဓိကအသုံးပြုထားသောကြောင့် ကုန်ကျစရိတ်သက်သာသည့်အပြင် စွမ်းအင်သိပ်သည်းဆလည်းမြင့်မားသည့်အတွက် ထိုဘက်ထရီသည် အလားအလာကောင်းများစွာရှိနေကြောင်းသိရသည်။

Ref: SCMP

HEALTH


## အသက်ကိုကယ်ပေးနိုင်မှာ အမျှင်ဓာတ်ကြွယ်ဝတဲ့အစားအစာ

ဘရာဇီးနိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့မှ သုတေသနပညာရှင်များက လူသားများအတွက်အကျိုးရှိစေမယ့်သုတေသနတစ်ခုကိုလုပ်ဆောင်ခဲ့ပါတယ်။ အဲဒီသုတေသနမှာတော့ ပျော်ဝင်လွယ်သောအမျှင်ဓာတ်ပါတဲ့ အစားအစာများကိုစားသုံးပေးခြင်းအားဖြင့် အူလမ်းကြောင်းမှာဗက်တီးရီးယားတွေဝင်ရောက်ခြင်းကို ကာကွယ်ပေးနိုင်တယ်ဆိုတာတွေ့လိုက်ရပါတယ်။

သုတေသနပညာရှင်များဟာအမေရိကန်ပြည်ထောင်စုမှာ နှစ်စဉ်လူဦးရေ ၅ သိန်းဝန်းကျင်ဆီကို ကူးစက်လျက်ရှိတဲ့ Clostridioides difficile ဆိုတဲ့ဗက်တီးရီးယားကို အဓိကထားစမ်းသပ်မှုလုပ်ခဲ့တာပါ။ စမ်းသပ်မှုမှာတော့ ဗက်တီးရီးယားကူးစက်ခံထားရတဲ့ ကြွက်တွေနဲ့စမ်းသပ်ခဲ့တာပါ။ အဲဒီဗက်တီးရီးယားဟာ အူမကြီးရောင်ရမ်းတဲ့ရောဂါနဲ့ ဝမ်းလျှောရောဂါကိုဖြစ်ပွားစေတာဖြစ်ပါတယ်။

သုတေသနပညာရှင်များက အဲဒီဗက်တီးရီးယားကူးစက်ခံထားရတဲ့ ကြွက်တွေကို အမျှင်ဓာတ်ကြွယ်ဝတဲ့အစားအစာတွေကျွေးမွေးပြီး စောင့်ကြည့်မှုတွေလုပ်ခဲ့ပါတယ်။ အဲဒီလိုအစားအစာတွေကျွေးမွေးလိုက်တဲ့အခါ ကြွက်တွေဟာဗက်တီးရီးယားကူးစက်မှုကိုခံနိုင်ရည်ရှိလာတာတွေ့ရပါတယ်။ အထူးသဖြင့် အမျှင်ဓာတ်ကြွယ်ဝတဲ့အစားအစာတွေကို အစာချေခြင်းကနေထွက်ရှိလာတဲ့ အက်စီတိတ်ဒြပ်ပေါင်းက ဗက်တီးရီးယားကူးစက်မှုကိုကာကွယ်ပေးတာဖြစ်ပါတယ်။ **Ref: STD**

**K.H**



## နာတာရှည် ကိုဗစ်ရောဂါကိုအဆုံးသတ်ပေးမယ့် ဆေးတစ်မျိုးထွက်ပေါ်လာမည်


သုတေသနပညာရှင်များက ဆေးတစ်မျိုးကိုရှာဖွေတွေ့ရှိလိုက်ပါတယ်။ အဲဒီဆေးရဲ့ဒြပ်ပေါင်းက နာတာရှည်ကိုဗစ်ရောဂါလက္ခဏာတွေကို ကာကွယ်နိုင်စွမ်းရှိတယ်လို့ဆိုပါတယ်။ ကြွက်တွေကိုအသုံးပြုထားတဲ့ ဒီစမ်းသပ်မှုရဲ့ရလဒ်က ကိုဗစ်ရောဂါကုသမှုအတွက် နည်းလမ်းကောင်းတစ်ခုဖြစ်လာနိုင်တယ်လို့ သုတေသီများကပြောထားပါတယ်။

ဒီသုတေသနကို WEHI ဆေးသုတေသနအဖွဲ့ကလုပ်ဆောင်ခဲ့တာဖြစ်ပြီး သူတို့ဖန်တီးထုတ်လုပ်ထားတဲ့ ပိုးသတ်ဆေးဒြပ်ပေါင်းတစ်မျိုးကို ကြွက်တွေမှာစမ်းသပ်လိုက်တဲ့အခါ နာတာရှည်ကိုဗစ်ရောဂါရဲ့လက္ခဏာတွေဖြစ်တဲ့ ဦးနှောက်ရဲ့လုပ်ငန်းဆောင်တာမှုမမှန်တာနဲ့ အဆုတ်ပျက်စီးခြင်းဖြစ်ပွားတာတို့ကို ကာကွယ်နိုင်တယ်ဆိုတာတွေ့လိုက်ရတာဖြစ်ပါတယ်။ ကိုဗစ်ကြောင့် အသက်ရှူကျပ်ခြင်းမှ ဦးနှောက်ထိုင်းမှိုင်းခြင်းအထိဖြစ်တတ်ပါတယ်။

သုတေသနပညာရှင်များကတော့ သူတို့ရဲ့တွေ့ရှိမှုကို လူသားတွေနဲ့လက်တွေ့စမ်းသပ်မှုတွေလုပ်ဆောင်သွားဖို့အထိမျှော်မှန်းထားပါတယ်။ ဒါ့အပြင် ကိုဗစ်ရောဂါအတွက် အတည်ပြုထားတဲ့ကုသမှုဖြစ်လာဖို့ကိုလည်း ရည်မှန်းထားပါတယ်။


**Ref: STD**

**K.H**



INNOVATION

## တရုတ်က ကမ္ဘာ့ပထမဆုံးအဖြစ် 10G ကွန်ရက်စနစ်ကို ရှောင်အန်းမြို့၌စတင်အသုံးပြု




ကမ္ဘာ့နိုင်ငံအများအပြားက အင်တာနက်ကွန်ရက်ကိုအသုံးပြုရာမှာ 5G ကွန်ရက်နည်းပညာကိုသာ အသုံးပြုနိုင်နေချိန်မှာ တရုတ်နိုင်ငံက ကမ္ဘာ့ပထမဆုံးအဖြစ် 10G ကွန်ရက်နည်းပညာကို နည်းပညာမြို့တော်ဖြစ်တဲ့ ရှောင်အန်းမြို့မှာ စတင်အသုံးပြုလိုက်ပြီဖြစ်ပါတယ်။

အခုလိုကွန်ရက်နည်းပညာကိုအသုံးပြုနိုင်စေဖို့အတွက် ဟွာဝေကုမ္ပဏီနဲ့ ချိုင်းနားယူနီကွန်းကုမ္ပဏီတို့ကပူးပေါင်းပြီး 50G–PON နည်းပညာကိုအသုံးပြုကာ ဝန်ဆောင်မှုပေးထားတာပါ။

ဒီကွန်ရက်နည်းပညာရဲ့အမြန်နှုန်းက အရွယ်အစားအလွန်ကြီးမားတဲ့ ဗီဒီယိုဖိုင်တွေကိုတောင်မှ စက္ကန့်ပိုင်းအတွင်းဒေါင်းလုတ်ရယူနိုင်စေမှာပါ။ တရုတ်နိုင်ငံက အသုံးပြုလာတဲ့ အလွန်မြန်နှုန်းမြင့်ကွန်ရက်နည်းပညာက အနာဂတ်မှာပေါ်ပေါက်လာမယ့် စမတ်မြို့တော်များအတွက် မရှိမဖြစ်အရာဖြစ်လာပါတယ်။ **Ref: IE**

**K.H**

## မိုးကြိုးလွှဲပြီးစွမ်းအင်ပေးမယ့် ဂျပန်ရဲ့ဒရုန်းနည်းပညာအသစ်




ဂျပန်နိုင်ငံမှာ မိုးကြိုးပစ်ခြင်းကြောင့် နှစ်စဉ်ဆုံးရှုံးမှုတန်ဖိုးက ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံအထိရှိပါတယ်။ ဒါကြောင့် ဂျပန် NTT ကုမ္ပဏီက ဒရုန်းစနစ်တစ်မျိုးကိုဖန်တီးလိုက်ပါတယ်။

အဲဒီဒရုန်းစနစ်က မိုးကြိုးပစ်ခြင်းကိုခံနိုင်ရည်ရှိတဲ့အတွက် မိုးကြိုးလွှဲပေးမယ့်အပြင် အဲဒီမိုးကြိုးပစ်ခြင်းကနေလျှပ်စစ်ဓာတ်အားရယူပြီး စွမ်းအင်ပြန်ပေးသွားနိုင်မယ်လို့ဆိုပါတယ်။

အထူးသဖြင့် မြို့ကြီးပြကြီးတွေမှာ မိုးကြိုးပစ်ခြင်းကြောင့်ဖြစ်ပေါ်လာနိုင်တဲ့ ပျက်စီးဆုံးရှုံးမှုများကိုလျှော့ချနိုင်စေဖို့အတွက်လုပ်ဆောင်ခြင်းဖြစ်တယ်လို့ NTT ကုမ္ပဏီကထုတ်ပြန်ထားပါတယ်။

လက်ရှိအချိန်မှာ သူတို့ကအဲဒီစနစ်ကို စမ်းသပ်ထားနိုင်ပြီဖြစ်ကြောင်းနဲ့ သိပ်မဝေးတော့တဲ့အချိန်ကာလရောက်ရင် မြို့ကြီးပြကြီးတွေမှာ လက်တွေ့ဖြန့်ကြက်အသုံးပြုသွားတော့မှာဖြစ်တယ်လို့လည်း ကုမ္ပဏီရဲ့ထုတ်ပြန်ချက်မှာဖော်ပြထားပါတယ်။ **Ref: IE**

**K.H**

## ပင်လယ်ပြင်မှကာဗွန်စုပ်ယူမယ့် ဗြိတိန်



ပင်လယ်ပြင်ဆိုတာ ကမ္ဘာပေါ်မှာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို အများဆုံးစုပ်ယူပေးနေတာဖြစ်ပါတယ်။ အခု ဗြိတိန်အစိုးရရဲ့ငွေကြေးထောက်ပံ့မှုနဲ့ SeaCURE လို့ခေါ်တဲ့အစီအစဉ်တစ်ခုကို စတင်လိုက်ပါတယ်။ ဒီအစီအစဉ်ရဲ့အဓိကရည်ရွယ်ချက်က ရာသီဥတုပြောင်းလဲမှုကိုတိုက်ဖျက်ဖို့အတွက် နည်းပညာကိုရှာဖွေဖော်ထုတ်ခြင်းဖြစ်ပါတယ်။ ဒီအစီအစဉ်ကနေလုပ်ဆောင်သွားမယ့်အရာက ပင်လယ်ပြင်ထဲကနေ ကာဗွန်တွေကိုစုပ်ယူခြင်းပါပဲ။

ပင်လယ်ပြင်ဟာ ကာဗွန်တွေကိုစုပ်ယူထားရတာများပြားလာပြီဖြစ်တဲ့အတွက် ပူပြင်းပြီးဂေဟစနစ်အပေါ်ထိခိုက်မှုတွေရှိလာပါတယ်။ ဒါကြောင့် ပင်လယ်ပြင်ထဲမှကာဗွန်တွေကိုစုပ်ယူပေးခြင်းအားဖြင့် ပင်လယ်ပြင်မှာအေးမြပြီး ရာသီဥတုကိုပြန်လည်ထိန်းသိမ်းနိုင်စေမယ်လို့ သုတေသီများကမျှော်မှန်းထားပါတယ်။ သူတို့ရဲ့စီမံကိန်းက ပင်လယ်ပြင်ထဲကနေကာဗွန်ပမာဏတန်ချိန် ၄ ဘီလီယံကိုထုတ်ယူနိုင်မယ်လို့ဆိုပါတယ်။ **Ref: IE**

**K.H**

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

လုံခြုံလျှို့ဝှက် ဆောင်ရွက်မြန်ဆန်
မြဝတီဘဏ်

OUR SERVICES

Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Service

Loans , Overdraft and Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services / MPU Debit Card / Credit Card
Mobile Banking and Internet Banking Services
Foreign Banking Services





MPU UnionPay

Phone No:(01) 2301367, 2301368, 2301452, 2301378

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ



➢ပါရမီ(YBS)
09-459448201

➢ရွှေမန်းသူ
09-254781060



➢ မန္တလေးအခြေစိုက်
09-426500153

➢တော်ဝင်
09-423333250

➢ ပါရမီတက္ကစီ
01-3643641

➢ကုန်စည်
09-440619258

ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

ထာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့်
သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTOMEC




FDA အမှတ်-2212 PCE 0013
DENTIST RECOMMENDED

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
မြိုင်ကလေး နှင့်
ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပြည်ညောင်တို့ မှ
ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊
Blue Diamond နှင့် **မြင်းပျံ**
အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ
လိုအပ်သလောက် ဝယ်ယူရရှိနိုင်ပါသည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် လိုအပ်သလောက် ကူညီဆောင်ရွက်ပေးနေပါသည်။




ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀

❖ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဟာ NCA စာချုပ်ရဲ့ အနှစ်သာရအတိုင်းဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းတွေကရရှိလာတဲ့ **“အသိတရား”**ဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေး တည်ဆောက်မှုခိုင်မြဲစေဖို့အတွက် လုပ်ဆောင်ရမယ့်**“အရှိတရား”**လည်းဖြစ်တယ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင်ကျင်းပသော (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတကာမှကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၁

၂၈-၃-၂၀၂၅ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးမြေငလျင်ကြီးကြောင့်နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရာ နိုင်ငံတော်အစိုးရအနေဖြင့် အလျင်အမြန်စုံစမ်းစစ်ဆေးခြင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခြင်းနှင့် ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို ဖိတ်ခေါ်လမ်းဖွင့်ပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ငလျင်ဒဏ်သင့်ပြည်သူများထံ နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ၊ ဆေးဝါးများသည် မတ်လ ၂၉ ရက်ညပိုင်းမှစတင်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေးအပြည်ပြည်ဆိုင်ရာ **စာမျက်နှာ ၂၂ ကော်လံ ၁** ❑



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများပြန်လည်ဖြန့်ဝေပေးအပ်စဉ်။

## ပုပ်ရဟန်းမင်းကြီးဖရန်စစ် အသက် ၈၈ နှစ်တွင် ကွယ်လွန်

စာ - ၂၉ သို့

## ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

စာ - ၆ သို့

**ဆောင်းပါး**

## မိုးမှာကျူးရင့် ပွင့်မည့်ပန်း

စာ - ၁၂ သို့

## ထူးခြားသည့်နေ့အပူချိန်များ

၂၁-၄-၂၀၂၅

| | | | | | | | |
|---|---|---|---|---|---|---|---|
| ချောက် | ၄၀ ဒသမ ၄ | ဒီဂရီဆဲလ်စီးယက် | တောင်တွင်းကြီး | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ပန်းတောင်း | ၄၀ ဒသမ ၃ | ဒီဂရီဆဲလ်စီးယက် | ဆင်ဖြူကျွန်း | ၃၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၉ ဒသမ ၆ | ဒီဂရီဆဲလ်စီးယက် | ဇောင်းတူ | ၃၉ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |

## ၂၁-၄-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၆၃၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

